ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (20-5-2015) (၈၂၀၆)

သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏။ မကောင်းသဖြင့် မကျင့်ရာ။ သူတော်ကောင်းတရားကို ကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာ နေရ၏။

(ဓမ္မပဒ)



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယ်သာလန်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

## စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာ အကူအညီပေးရေးတို့နှင့် စပ်လျဉ်း၍ဆွေးနွေး

စာ » ၃

# ရွှေ့ပြောင်းအခြေချသူများ၊ ပင်လယ်တွင်းလေ့စီးဒုက္ခသည်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ သဘောထားနှင့် ဆောင်ရွက်နေမှုအခြေအနေ

၁။ လတ်တလော နိုင်ငံတကာသတင်းများတွင် ကပ္ပလီပင်လယ်နှင့် မလက္ကာရေလက်ကြားတို့၌ ဖြစ်ပေါ်လျက်ရှိသည့် ရွှေ့ပြောင်းအခြေချလိုသူများ၊ ပင်လယ်တွင်းလှေစီးဒုက္ခသည်များကိုစွန့်ပတ်သက်၍ ဖော်ပြလျက်ရှိပါသည်။ ယင်းသတင်းများအပေါ် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ အသိုက်အဝန်းနှင့် ထပ်တူ စိုးရိမ်မှုများရှိကြောင်း ဖော်ပြအပ်ပါသည်။ ဤသတင်းများကိုလည်း စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာလျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံအနေဖြင့် ဒေသအတွင်းလူမှောင်ခိုကူးမှုနှင့် တရားမဝင်ရွှေ့ပြောင်းသွားလာမှုများ အကျိုးဆက်အဖြစ် သာမန်အပြစ်မဲ့လူများ အတိဒုက္ခနှင့် အသက်ဘေးအန္တရာယ်များ ကြုံတွေ့ရမည်ကို များစွာစိုးရိမ်ပါသည်။

၃။ သို့ဖြစ်၍ လူမှောင်ခိုကူးမှုနှင့် တရားမဝင် ရွှေ့ပြောင်းသွားလာမှုများ ကာကွယ်တားဆီးရေးကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ ဆောင်ရွက်ချက်တစ်ရပ်မှာ မိမိနိုင်ငံ၏ ရေပိုင်နက်အတွင်း ဖြတ်သန်းသွားလာမှုမရှိစေရေး၊ ဤသို့ ဖြတ်သန်းသွားလာခြင်းကြောင့် ပင်လယ်ပြင်အတွင်း အတိဒုက္ခမရောက်စေရေးအတွက် မြန်မာ့တပ်မတော် (လေ)နှင့်မြန်မာ့တပ်မတော်(ရေ)တို့အနေဖြင့် မိမိပိုင်နက်ရေပြင်အတွင်း ပုံမှန်ကင်းလှည့်ရှာဖွေမှုများပြုလုပ်လျက်ရှိပါသည်။ ပင်လယ်ပြင်အတွင်း အတိဒုက္ခရောက်သူများတွေ့ရှိပါကလည်း ကူညီရန် အသင့်ရှိပါသည်။

၄။ လူမှောင်ခိုကူးမှုနှင့် တရားမဝင်ရွှေ့ပြောင်းသွားလာမှုများကို တားဆီးသည့်လုပ်ငန်းများအား တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ ပင်လယ်ရေကြောင်းခရီးဖြင့် ရခိုင်ပြည်နယ်မှ တရားမဝင်ရွှေ့ပြောင်း သွားလာမှုများမရှိစေရေးအတွက်လည်း ရခိုင်ပြည်နယ်အစိုးရနှင့်သက်ဆိုင်ရာဌာနများအနေဖြင့် စနစ်တကျကြပ်မတ် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းဒေသတွင် တရားဥပဒေစိုးမိုးရေးသည် များစွာအရေးပါသည့်အလျောက် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လုံခြုံမှုရှိစေရေးကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

၅။ မြန်မာနိုင်ငံအနေဖြင့် လူမှောင်ခိုကူးခြင်း၊ လူကုန်ကူးခြင်းနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ ဒေသတွင်း ယန္တရားတစ်ရပ်ဖြစ်သည့် ဘာလီလုပ်ငန်းစဉ်အတိုင်း ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ လူမှောင်ခိုကူးမှုကြောင့် အတိဒုက္ခရောက်သူများတွေ့ကြုံရသည့်ဒုက္ခများကိုလျော့ပါးသက်သာစေရန် လူသားချင်း စာနာထောက်ထားမှုရှုထောင့်မှ နိုင်ငံတကာနှင့်ပူးပေါင်း၍ဆောင်ရွက်သွားရန် အသင့်ရှိပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**၂၀၁၅ ခုနှစ်၊ မေလ ၁၉ ရက်**

ယနေ့ မာတိကာ

ကောင်းသော အသက်မွေးမှု အကျိုးပြု စာ » ၂

တယ်လီဖုန်းပြောဆိုသည့် ဝန်ဆောင်မှုအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ခြင်း စာ » ၁၀



# ဂျပန်-မြန်မာချစ်ကြည်ရေး ခေတ်မီသာကေတတံတားသစ်ကို ဂျပန်ယန်း ၄၂၁၆ သန်းဖြင့် တည်ဆောက်မည်

စာ » ၃



ကြေးမုံစာတည်းရှုထောင့် ၂၀-၅-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# ကောင်းသောအသက်မွေးမှု အကျိုးပြု

လူသားများကြောင့် ရာသီဥတုပြောင်းလဲခြင်းဖြစ်သည်ဟု ဩစတြေးလျ သုတေသနအဖွဲ့က ဆိုထားသည်။ ဗြိတိန်နိုင်ငံအတွက် ၂၀၁၄ ခုနှစ်သည် အပူဆုံးနှစ်အဖြစ် မှတ်တမ်းတင်ထားခဲ့သည်။ လူသားများ၏ စေ့ဆော်မှုများကြောင့် အနာဂတ်တွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ပိုမိုခံရဖွယ်ရှိသည်ဟု ယင်းအဖွဲ့က ဆိုထားသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံစားနေရသောနိုင်ငံများမှာ ဗြိတိန်နိုင်ငံတစ်နိုင်ငံတည်းမဟုတ်ပါ။ ကမ္ဘာတစ်ဝန်း ရင်ဆိုင်နေရသော သဘာဝဘေးဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှုသည် အရင်းစစ်အမြစ်မြေက ဆိုသကဲ့သို့ လူသားတို့၏ လောဘဇောတိုက် ဖောက်ဖျက်မှုများမှ အစပြုလာခဲ့သည်။ မျက်မှောက်ကာလ ကြုံတွေ့ရသမျှ အချို့သဘာဝဘေးဒုက္ခများသည် မိမိပြုသည့်ဒဏ် မိမိထံပြန်လာသကဲ့သို့ တန်ပြန်အကျိုးသက်ရောက်မှုသာဖြစ်သည်။

မကြာသေးမီက လူတစ်စု၏ မဆင်ခြင်မှုကြောင့် သဘာဝအင်းအတွင်းမှ သက်ရှိငါးများ သေဆုံးရသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။ စက်ရုံများမှ စွန့်ပစ်သည့် ရေဆိုးအညစ်အကြေးများကြောင့် ရေနေသတ္တဝါများ အောက်ဆီဂျင်ပြတ်လပ်ကာ သေဆုံးခဲ့ရသည်ဟု သုံးသပ်ထားသည်။ ရေဆိုးများကို စွန့်ထုတ်မည်ဆိုပါက ထိုရေဆိုးကို ပြန်လည်သန့်စင်အောင် ဆောင်ရွက်ပြီးမှ စွန့်ထုတ်သင့်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနက အကြံပြုထားသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များတွင် များသောအားဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတို့ကို သတိမပြုမဆင်ခြင်ဘဲ လုပ်ဆောင်မှုများကြောင့် လတ်တလောထိခိုက်မှုများ ကြုံတွေ့ရသလို ရေရှည်တွင် လူသားအားလုံးထိခိုက်မှုရှိသည်အထိ ဖြစ်ပေါ်လာသည်ကို ယနေ့မြင်တွေ့နေရပြီဖြစ်သည်။ သို့သော် လူတို့အနေဖြင့် နေမြဲအတိုင်းသာ ရှိတတ်ကြသည်။ သက်ဆိုင်ရာတို့က အတတ်နိုင်ဆုံးထိန်းသိမ်းစောင့်ရှောက်ကြသော်လည်း ကောက်ရိုးပုံတွင် အပ်ပျောက်ရှာသကဲ့သို့ဖြစ်နေသည်။ လူသားများအနေဖြင့်လည်း ဖြစ်သမျှကို သည်းခံခြင်းဖြင့် ခါးစည်းခံစားနေကြသည်။

အတောမသတ်နိုင်သော လူသားတို့၏ လောဘကြောင့် မိမိတို့မှီတင်းနေထိုင်ရာ ဤကမ္ဘာမြေကြီး ယိုယွင်းလာခဲ့သည်မှာ ရာစုနှစ်တစ်ခုမက ရှိခဲ့ပြီဖြစ်သည်။ ဒေသအလိုက် ဖြစ်စဉ်ဖြစ်ရပ်များမှာလည်း ထိုနည်းလည်းကောင်းပင်။ ကြားသိရသော ဖြစ်စဉ်ဖြစ်ရပ်များမှ မီးမောင်းထိုးပြမှုအားလုံးသည် လူတို့၏ပယောဂကြောင့်ပင်ဖြစ်သည်။ လောဘနှင့်ယှဉ်တွဲလာပြီဆိုလျှင် ကိုယ်ကျိုးစီးပွားအတွက် အရာရာကို မျက်ကွယ်ပြုတတ်သည်။ ရလေလိုလေ ဆင်ခြင်တုံတရားနည်းပါးသည့် လုပ်ရပ်များ၏ဒဏ်ကို သက်ရှိများပင် မျှဝေခံစားရသည်။

ယခုအခါ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုဒဏ်ကို ပြည်သူများ အလူးအလဲခံစားနေကြရသောကြောင့် နိုင်ငံအလိုက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားလုပ်ဆောင်လာသည်ကို တွေ့ရသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများတွင် ၎င်းတို့ပတ်ဝန်းကျင်ကို ၎င်းတို့ကိုယ်တိုင် နေ့စဉ်ထိန်းသိမ်းစောင့်ရှောက်နေကြသည်။ မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်ရေးကို စီမံချက်ချမှတ်၍ တစ်နိုင်ငံလုံး စိမ်းလန်းကာ လုံခြုံစိတ်ချသာယာလှပသော သဘာဝဝန်းကျင်ကောင်းဖြစ်အောင် အလျင်အမြန်ဖန်တီးဖော်ဆောင်လျက်ရှိသည်။

မိမိတို့နိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို သက်ဆိုင်ရာဌာနများအပြင် အစိုးရမဟုတ်သောအဖွဲ့အစည်းအချို့ကလည်း လုပ်ဆောင်နေသည်ကို တွေ့ရသည်။ ပြည်သူအားမပါလျှင် မအောင်မြင်နိုင်သကဲ့သို့ ထိုကဲ့သို့ကျယ်ပြန့်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပြည်သူအားလုံး အသိတရားရှိရှိ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။

ပတ်ဝန်းကျင်ကို အားလုံးဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြဖို့လိုသလို သဘာဝပတ်ဝန်းကျင်ကို အသုံးချပြီး အသက်မွေးဝမ်းကျောင်းပြုသူများအနေဖြင့်လည်း သမ္မာအာဇီဝ ကောင်းသောအသက်မွေးမှုပြုဖို့လိုသည်။ ကောင်းသောအသက်မွေးမှုဟူသည် မိမိလည်းအကျိုးရှိ ပတ်ဝန်းကျင်လည်း မထိခိုက်စေသော ရှည်လည်းရှည်ကြာ ပျားလည်းစွဲသာ နှစ်ဦးနှစ်ဖက်အကျိုးမယုတ်သော အစီးအပွားမျိုးသာဖြစ်သည်။ ။

# ပြည်ထောင်စုရှေ့နေချုပ်နှင့် ပဲခူးတိုင်းဒေသကြီးဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းဆွေးနွေး

**ပဲခူး မေ ၁၉**

ပြည်ထောင်စုရှေ့နေချုပ်နှင့် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းတွေ့ဆုံပွဲကို မေ ၁၉ ရက် နံနက်က တိုင်းဒေသကြီးဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသစ်လက်ထက် လေးနှစ်ကျော်ကာလ တာဝန်ယူခဲ့စဉ် တိုးတက်အောင်မြင်မှု၊ ဥပဒေရေးရာလုပ်ဆောင်မှုအခြေအနေများ၊ ကျန်ရှိသည့် ၁၀ လတာကာလတွင် အရှိန်အဟုန်မပျက် တိုးတက်လုပ်ဆောင်ကြရေး၊ အမှုလိုက်လုပ်ငန်းဆိုင်ရာများ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ဥပဒေအရာရှိများဆောင်ရွက်ရမည့် ကော်မရှင်တာဝန်များ၊ ဥပဒေအရာရှိများ၏ ကျင့်ဝတ်သိက္ခာ ပိုမိုတိုးတက်စေရေးကိစ္စများ၊ လာဘ်ပေးလာဘ်ယူမှုကင်းရှင်းစွာဆောင်ရွက်ရေး စသည်တို့ကို အကျယ်တဝင့်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်က တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ခဲ့ပုံများ၊ တိုင်းဒေသကြီးဥပဒေအရာရှိ ဦးဇော်လင်းမောင်က လုပ်ငန်းဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများနှင့် ခရိုင်ဥပဒေအရာရှိများက ခရိုင်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရှေ့နေချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **(တိုင်းဒေသကြီးပြန်/ဆက်)**




ဥတုရာသီ တောကိုမှီ၏

# စက်မှုဝန်ကြီးဌာန ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် မေ ၁၉**

နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုအခြေခံမူဘောင်နှင့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု အနှစ်(၂၀)စီမံကိန်းများနှင့်အညီ ဖျက်သိမ်းသင့်သည့်ဌာနများကို ဖျက်သိမ်းမှု၊ ပူးပေါင်းဖွဲ့စည်းသင့်သည့်ဌာနများကို ပူးပေါင်းဖွဲ့စည်းမှု၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုအသွင်သဏ္ဍာန်ကို တိုးမြှင့်ဖော်ဆောင်မှု၊ ပြည်သူများ လိုလားနှစ်သက်သည့် အုပ်ချုပ်မှုယန္တရားဖြစ်စေရန် စက်မှုဝန်ကြီးဌာန ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မီဒီယာများနှင့်တွေ့ဆုံရှင်းလင်းပွဲကို စက်မှုဝန်ကြီးဌာန၌ ယနေ့ကျင်းပခဲ့သည်။

စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင်က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်ထိ စက်မှုဝန်ကြီးဌာနအနေဖြင့် ပြုပြင်ပြောင်းလဲရေး သုံးကြိမ်ဆောင်ရွက်ခဲ့ရာ ဦးစီးဌာန ၁၃ ခုအစား ခုနစ်ခုထိ လျှော့ချဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဝန်ထမ်းဦးရေ ၄၂၀၀၀ ကျော်ရှိခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ထိ ၁၀၀၀၀ ကျော် လျှော့ချနိုင်ခဲ့ပြီး ဝန်ထမ်းအင်အား ၃၀၀၀၀ ကျော်ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်းဖြင့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ထို့ပြင် နိုင်ငံပိုင် စက်ရုံပေါင်း ၁၄၄ ရုံရှိခဲ့ရာမှ ပုဂ္ဂလိကသို့ စက်ရုံ ၃၀၊ အကျိုးတူစက်ရုံတစ်ရုံ၊ ဖက်စပ်စက်ရုံ နှစ်ရုံ၊ နှစ်တိုနှစ်ရှည် ငှားရမ်းစက်ရုံ ၅၆ ရုံ ဆောင်ရွက်နေသောကြောင့် ဝန်ကြီးဌာနအနေဖြင့် စက်ရုံ ၅၄ ရုံဖြင့်သာ ဆောင်ရွက်လျက်ရှိကြောင်း ဆက်လက်ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၁၉**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၂၀၀၀၀ | - | ၇၂၁၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၂၀၀၀၀ | - | ၇၂၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၉၁၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၂၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၈၂. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၂၄. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၄. ၄၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၂. ၄၅၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၁. ၉၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၉၇၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၀၂. ၁၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၉. ၂၃၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၆၄. ၃၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၁၅. ၂၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**






# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယ်သာလန်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နယ်သာလန်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီး H.E.Mrs. Sharon Dijksma ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဒေါက်တာကံဇော်၊ ဒေါက်တာကိုကိုဦး၊ ဦးရဲထွန်း၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာအကူအညီပေးရေး၊ သစ်သီးပန်းမန်၊ နို့ထွက်ပစ္စည်းနှင့် သားငါးထုတ်လုပ်မှုကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ အရည်အသွေးထိန်းသိမ်းနိုင်ရေး၊ မြန်မာ့စိုက်ပျိုးရေးနှင့် မွေးမြူရေးပို့ကုန်များ တိုးမြှင့်နိုင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ဂျပန်-မြန်မာ ချစ်ကြည်ရေး ခေတ်မီသာကေတတံတားသစ်ကို ဂျပန်ယန်း ၄၂၁၆ သန်းဖြင့် တည်ဆောက်မည်

**ရန်ကုန် မေ ၁၉**

ဂျပန်-မြန်မာ ချစ်ကြည်ရေး သာကေတတံတားသစ်၏ ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သာကေတတံတား အနီး၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. TATESHI HIGUCHI တို့ တက်ရောက်ကြပြီး မင်္ဂလာချိန်တွင် သာကေတတံတားသစ် တည်ဆောက်နိုင်ရန် ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကို ကျင်းပပေးကြသည်။

ရန်ကုန်မြို့တော်အတွင်း ယာဉ်သွားလာမှုလွယ်ကူလျင်မြန်စေရန် ရန်ကုန်မြို့တော် သယ်ယူပို့ဆောင်ရေး စီမံချက်အရ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့အကြား ကနေဒါအစိုးရ၏ ကိုလံဘိုစီမံကိန်းအရ ၁၉၆၇ ခုနှစ်က တည်ဆောက်ခဲ့သော နှစ်လမ်းသွား သာကေတတံတားဟောင်းသည် သက်တမ်း ၅၀ ခန့်ရှိလာရာ တံတား၏ကြံ့ခိုင်မှု တဖြည်းဖြည်းအားနည်းလာသည့်အပြင် ယာဉ်နှစ်လမ်းသွားတံတားဖြစ်၍ အဆိုပါတံတားပေါ်တွင် ယာဉ်ကြောမကြာခဏပိတ်ဆို့မှုများရှိလာသည့်အတွက် မြို့ပြကုန်စည်စီးဆင်းမှုနှင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ အချိန်နှင့် အမျှထိခိုက်လာခြင်းကြောင့် လက်ရှိ သာကေတတံတားဟောင်းနှင့် ကပ်လျက် မီတာ ၃၀ အကွာတွင် ဂျပန်-မြန်မာချစ်ကြည် ရင်းနှီးစွာဖြင့် ဒေါပုံမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့အကြား ပေါင်းကူးဆက်သွယ်ပေးမည့် ခေတ်မီသာကေတတံတားသစ် တစ်စင်းကို ဂျပန်အစိုးရထောက်ပံ့ငွေ ဂျပန်ယန်း ၄၂၁၆ သန်းဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သာကေတတံတားအသစ်တည်ဆောက်နိုင်ရန် ဂျပန်နိုင်ငံအစိုးရ၏ သဘောတူညီမှုအရ ထောက်ပံ့ငွေ နားလည်မှုစာချွန်လွှာကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဂျပန်အစိုးရတို့ ၂၀၁၄ ခုနှစ် ဇွန် ၅ ရက်က လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါနားလည်မှုစာချွန်လွှာအရ GRANT AGREEMENT အား JICA နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ၂၀၁၄ ခုနှစ် ဇွန် ၁၁ ရက်က လက်မှတ်ရေးထိုးပြီး အကောင်အထည်ဖော် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

သာကေတပင်မတံတား အရှည် ၂၅၃ မီတာ၊ ယာဉ်လေးလမ်းသွား အကျယ် ၁၆ ဒသမ ၅ မီတာ၊ လူသွားလမ်းအကျယ် တစ်ဖက် နှစ်မီတာ၊ ချဉ်းကပ်လမ်းအရှည် မင်္ဂလာတောင်ညွန့်မြို့နယ်ဘက်တွင် ၁၆၅ မီတာဖြစ်ပြီး ဒေါပုံမြို့နယ်ဘက်တွင် ၂၀၂ မီတာအရှည်ရှိသော သာကေတတံတားသစ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ကြီးကြပ်ပြီး Constant အဖြစ် ဂျပန်နိုင်ငံ Nippon Koei Co.,Ltd. မှ ဆောင်ရွက်၍ တံတားတည်ဆောက်ရေးအပိုင်းကို တင်ဒါအောင်မြင်ခဲ့သော Consortium ကုမ္ပဏီသုံးခုဖြစ်သည့် Tokyu Construction Co.,Ltd, Toyo Construction Co.,Ltd, IHI Construction Service Co.,Ltd. တို့ တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(စောသိန်းဝင်း)**

## လေဖိအားနည်းရပ်ဝန်းမှ မုန်တိုင်းငယ်အဖြစ်ရောက်ရှိ

နေပြည်တော် မေ ၁၉

**ယနေ့မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ် နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။**

(ကြေးမုံ)

# ကုန်ပစ္စည်းတင်ချခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ရန် တင်ချမောင်းစနစ်ဖြင့် မင်္ဂလာဈေးတစ်ဝိုက်၌ ကြပ်မတ်

**ရန်ကုန် မေ ၁၉**

ကုန်ပစ္စည်းများ တင်ချခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုများမဖြစ်စေရန်အတွက် မင်္ဂလာဈေးတစ်ဝိုက်တွင် တင်ချမောင်းစနစ်ဖြင့် ကြပ်မတ်ဆောင်ရွက်နေကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အဆိုပါစနစ်ဖြင့် ဆောင်ရွက်ခြင်းကို မင်္ဂလာအဆင့်မြင့်ဈေး၊ မင်္ဂလာမွန်ဈေး၊ မင်္ဂလာဈေးသစ်တို့တွင် လုပ်ဆောင်နေခြင်းဖြစ်ပြီး ဈေးအတွင်းဝင်ရောက်သည့်ယာဉ်များကြောင့် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရန် ကြပ်မတ်ခြင်းလည်းဖြစ်သည်။ "အခုလို ကြပ်မတ်တာကောင်းပါတယ်။ ပစ္စည်းအတင်အချလုပ်ပြီးတာနဲ့ ထွက်ဖို့ စည်ပင်ဝန်ထမ်းတွေက အသံချဲ့စက်နဲ့နှိုးဆော်ကြပ်မတ်နေတာကို တွေ့ရတယ်"ဟု မင်္ဂလာဈေးသစ်တွင် ဆိုင်ခန်းဖွင့်လှစ်ထားသူ တစ်ဦးကပြောသည်။

ထိုသို့ တင်ချမောင်းစနစ်အတွက် ယာဉ်များ ကုန်ပစ္စည်းချရန် ရပ်နားနိုင်ဖို့ မျဉ်းဝါလိုင်းများရေးဆွဲကာ နေရာသတ်မှတ်ထားပြီး ယင်းကဲ့သို့ လိုက်နာဆောင်ရွက်ကြရန် ဈေးဖွင့်ချိန်မှစ၍ ကြပ်မတ်နေခြင်းဖြစ်သည်။ ထိုဈေးများအတွင်း ဝင်ရောက်၍ ကုန်ပစ္စည်း အတင်အချပြုလုပ်ရန် အလျားပေ ၂၀၊ အနံ ၁၀ ပေရှိသော နေရာများကို မျဉ်းဝါလိုင်းများဆွဲရာတွင် မင်္ဂလာအဆင့်မြင့်ဈေးတွင် ငါးနေရာ၊ မင်္ဂလာမွန်ဈေးတွင် လေးနေရာ၊ မင်္ဂလာဈေးသစ်တွင် သုံးနေရာတို့ကို ရေးဆွဲသတ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

**(၆၈၀)**

# မိုးရေချိန်စံချိန်သစ်

**နေပြည်တော် မေ ၁၉**

၂၀၁၅ ခုနှစ် မေ ၁၉ ရက် မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ အောက်ဖော်ပြပါ စခန်းများ၌ မေလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို တိုင်းထွာရရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

**မိုးရေချိန်စံချိန်သစ်များ**

| စဉ် | စခန်းအမည် | မိုးရေချိန် စံချိန်သစ် | | မိုးရေချိန် စံချိန်ဟောင်း | | ယခင် စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့် နှစ်မှစ၍လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | နောင်ချိုမြို့ | ၁၀၁ | ၃. ၉၈ | ၁၀၀ | ၃. ၉၄ | ၁၀-၅-၂၀၀၁ | ၃၁ |
| ၂။ | မန္တလေးမြို့ | ၁၀၃ | ၄. ၀၅ | ၉၁ | ၃. ၅၈ | ၇-၅-၁၉၈၄ | ၆၉ |
| ၃။ | ပြင်ဦးလွင်မြို့ | ၁၆၉ | ၆. ၆၅ | ၇၉ | ၃. ၁၁ | ၃၀-၅-၂၀၀၉ | ၂၄ |
| ၄။ | စစ်ကိုင်းမြို့ | ၁၁၉ | ၄. ၆၈ | ၁၁၅ | ၄. ၅၃ | ၂၄-၅-၁၉၉၀ | ၅၁ |

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၅-၂၀၁၅ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား **သံတမန်ဆက်ဆံမှု နှစ်(၆၀)**အစား **သံတမန်ဆက်ဆံမှု နှစ်(၄၀)**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(နိုင်ငံခြားရေးဝန်ကြီးဌာန)**

# ပင်လယ်ရပ်ခြားသို့ ခရီးထွက်ခွာခြင်းမပြုရန် ယင်လတ်အား တရားရုံးက တားမြစ်မိန့်ထုတ်

**ဗန်ကောက် မေ ၁၉**

ထိုင်းဝန်ကြီးချုပ်ဟောင်း ယင်လတ်ရှင်နာဝါထရာအား ပင်လယ်ရပ်ခြားနိုင်ငံများသို့ ခရီးထွက်ခွာခြင်း မပြုရန် တရားရုံးတော်က တားမြစ်မိန့်ထုတ်ပြန်လိုက်ကြောင်း၊ ယင်လတ်သည် တာဝန်ဝတ္တရားထမ်းဆောင်ရာတွင် ပေါ့ဆမှုကြောင့် ပြည်သူ့ဘဏ္ဍာငွေများ ယိုဖိတ်ခဲ့ရသည်ဟု စွဲချက်တင်ခံထားရပြီး ရုံးတင်စစ်ဆေးမှု စတင်ချိန်တွင် ယင်းတားမြစ်မိန့်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။



ဝန်ကြီးချုပ်ဟောင်း ယင်လတ်သည် အမှုအများအပြားနှင့် ရင်ဆိုင်နေရကြောင်း၊ အာဏာရစစ်ကောင်စီက အာဏာကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားနိုင်ရန်အတွက် ယင်လတ်အား စွဲချက်အမျိုးမျိုးတင်ကာ ရုံးတင်စစ်ဆေးနေခြင်းဖြစ်ကြောင်း ၎င်းအား ထောက်ခံသူများက ဝေဖန်ပြောကြားကြသည်။

ထိုစဉ်အတွင်း ထိုင်းအစိုးရအဖွဲ့က ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ပြဋ္ဌာန်းရေးဆိုင်ရာ လူထုဆန္ဒခံယူပွဲ ကျင်းပရန် ထောက်ခံပြောဆိုခဲ့သည်။

ယင်လတ်သည် အာဏာအလွဲသုံးမှုပြုလုပ်ခဲ့သည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက ဆုံးဖြတ်ခဲ့ပြီးနောက် လွန်ခဲ့သည့် တစ်နှစ်က ရာထူးမှ ဖယ်ရှားခံခဲ့ရသည်။ ယင်းသို့ ရာထူးမှ ဖယ်ရှားခံရပြီးနောက် ရက်သတ္တပတ် အနည်းငယ်အကြာတွင် စစ်ဘက်က အာဏာသိမ်းခဲ့ပြီး ယင်လတ်အစိုးရအဖွဲ့မှ ကျန်ရှိနေသူအချို့ကိုလည်း ရာထူးမှဖယ်ရှားခဲ့သည်။

ယင်လတ်သည် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူချိန်အတွင်း ဆန်စပါးဝယ်ယူရေး စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်ရာတွင် တာဝန်ဝတ္တရားပေါ့ဆခဲ့ပြီး ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးမှုကို ဖြစ်ပေါ်စေခဲ့သည်ဟူသော စွဲချက်ဖြင့် တရားရင်ဆိုင်နေရသည်။ ယင်လတ်သည် ယင်းစွဲချက်နှင့် ပတ်သက်၍ ငြင်းဆိုထားသော်လည်း ပြစ်မှုထင်ရှားတွေ့ရှိရပါက ထောင်ဒဏ် ၁၀ နှစ်အထိ ကျခံရဖွယ် ရှိသည်။

**ရိုက်တာ။**

# မြေပြိုမှုကြောင့် ကိုလံဘီယာတွင် လူ ၅၂ ဦးသေ

**ဘိုဂိုတာ မေ ၁၉**

ကိုလံဘီယာနိုင်ငံ တောင်ပေါ်မြို့တစ်မြို့တွင် မြေပြိုမှုအကြီးအကျယ်ဖြစ်ပွားမှုကြောင့် လူ ၅၀ ကျော် သေဆုံးပြီး လူအများအပြား ပျောက်ဆုံးလျက်ရှိသည်။

မြေပြိုမှုသည် ဘိုဂိုတာမြို့တော်မှ ကီလိုမီတာ ၂၅၀ အကွာရှိ ဆာလ်ဂါမြို့အနောက်ဘက်တွင် တနင်္လာနေ့ အစောပိုင်းကတည်းက ဖြစ်ပွားနေခဲ့သည်။ ဒလဟောရွာချလိုက်သည့် မိုးကြောင့် မြစ်ချောင်းများတွင် ရေများပြည့်လျှံကာ မြေပြိုမှုများကြောင့် အိမ်များရုပ်ပျက်ဆင်းပျက် ပျက်စီးသွားခဲ့ရသည်။



ကိုလံဘီယာ တာဝန်ရှိသူများက အနည်းဆုံး လူ ၅၂ ဦးသေဆုံးပြီး ၃၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ပြောကြားသည်။ ရဲတပ်ဖွဲ့နှင့် တပ်မတော်က ပျောက်ဆုံးနေသူများကို ရှာဖွေလျက်ရှိသည်။ သို့သော် လျှပ်စစ်ဓာတ်အားနှင့် ဆက်သွယ်ရေးပြတ်တောက်မှုကြောင့် ရှာဖွေရေးလုပ်ငန်းများ အခက်အခဲဖြစ်နေရသည်။

ကိုလံဘီယာသမ္မတ ဂျူအန်မန်နျူရယ်ဆန်းတို့စ်သည် မြေပြိုမှုဖြစ်ပွားရာနေရာသို့ ရောက်ရှိလာခဲ့ပြီး အသက်ရှင် ကျန်ရစ်သူများကို အတတ်နိုင်ဆုံး ရှာဖွေကယ်တင်ရန်နှင့် အစိုးရ၏ အကူအညီများ ထိထိရောက်ရောက် ပေးအပ်ရန် ရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများကို ညွှန်ကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ။**

# ထောက်လှမ်းရေးသတင်းများ ဖလှယ်ရန် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် သဘောတူညီ

**အစ္စလာမ္မာဘတ် မေ ၁၉**

တာလီဘန်စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းသည့် စစ်ဆင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ရန်နှင့် ထောက်လှမ်းရေးသတင်းများ အပြန်အလှန်ဖလှယ်ရန် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်ထောက်လှမ်းရေးအဖွဲ့တို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက မေ ၁၈ ရက်တွင် ပြောကြားသည်။

အဆိုပါ နားလည်မှုစာချွန်လွှာကို ပါကစ္စတန်ပြည်တွင်းထောက်လှမ်းရေးအဖွဲ့ (အိုင်အက်စ်အိုင်)နှင့် အာဖဂန်နစ္စတန် အမျိုးသားလုံခြုံရေးအဖွဲ့တို့က လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း ပါကစ္စတန်ကြည်းတပ် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် အာဆင်ဘာဂျ်ဝါက ၎င်း၏ အင်တာနက်တွစ်တာ စာမျက်နှာ၌ ရေးသားသည်။

ယင်းသဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးသည် အချိန်နှင့် နေရာတို့ကိုမူ လတ်တလောတွင် ရှင်းလင်းစွာ မသိရှိရသေးပေ။

ပါကစ္စတန်နိုင်ငံတွင် အရပ်သားအစိုးရက တာဝန်ယူ အုပ်ချုပ်နေသော်လည်း စစ်ဘက်နှင့် ထောက်လှမ်းရေးအဖွဲ့အစည်းတို့မှာ အိမ်နီးချင်း အာဖဂန်နစ္စတန်နိုင်ငံနှင့်ပတ်သက်သော မူဝါဒများချမှတ်ရာတွင် ပါကစ္စတန်အစိုးရ အပေါ်၌ ဩဇာအရှိန်အဝါကြီးမားလွှမ်းမိုးနေဆဲဖြစ်သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက အာဖဂန်နစ္စတန်သို့ အလည်အပတ်သွားခဲ့သည့် ခရီးစဉ်အတွင်း ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်က တာလီဘန်စစ်သွေးကြွများအား တိုက်ခိုက်နေသည့် အာဖဂန်အစိုးရအား အထောက်အပံ့ပေးမည်ဟု ကတိပြုခဲ့သည်။

အာဖဂန်နစ္စတန်နှင့်ပါကစ္စတန် ထောက်လှမ်းရေးအဖွဲ့များအကြား သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းသည် တစ်ချိန်က အေးစက်နေခဲ့သော နှစ်နိုင်ငံဆက်ဆံရေးကို နွေးထွေးလာစေနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။

၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် အာဖဂန်နစ္စတန်သမ္မတအဖြစ် အာရှက်ဖ်ဂါနီ တာဝန်ထမ်းဆောင်ပြီးနောက် ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်က အာဖဂန်နစ္စတန်သို့ ပထမအကြိမ် သွားရောက်ခဲ့ခြင်းဖြစ်သည်။ အာဖဂန်နစ္စတန်တွင် တာလီဘန်တို့၏ အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်တက်လာမှုကြောင့် ပါကစ္စတန်အနေဖြင့် စိုးရိမ်ပူပန်မှုများ ကြီးထွားနေချိန်အတွင်း အဆိုပါခရီးစဉ် ပေါ်ပေါက်ခဲ့သည်။

**ရိုက်တာ။**

# မြောက်ကိုရီးယားနယ်စပ်ရှိစက်မှုဇုန်သို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် သွားရောက်မည်

**ဆိုးလ် မေ ၁၉**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် ကိုရီးယားနှစ်နိုင်ငံနယ်စပ်ဒေသ၏ မြောက်ဘက်၌တည်ရှိသော ကေဆောင်းစက်မှုဇုန်သို့ မေ ၂၁ ရက်တွင် သွားရောက်မည်ဖြစ်ကြောင်း တောင်ကိုရီးယား ယွန်ဟပ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ကေဆောင်းစက်မှုဇုန်သည် လုံခြုံရေးတင်းကျပ်လှသည့် နယ်စပ်ဒေသ၏ မြောက်ဘက်ရှိ အထူးစီးပွားရေးဇုန်ဖြစ်ပြီး တောင်နှင့်မြောက်ကိုရီးယားတို့က ပူးတွဲဖွင့်လှစ်ထားသည်။

မြောက်ကိုရီးယားနယ်စပ်၌ တည်ရှိနေသော အဆိုပါ စက်မှုဇုန်သို့ မိမိသွားရောက်မည်ဖြစ်ကြောင်း ဘန်ကီမွန်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဘန်ကီမွန်းသည် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်သည့် တတိယမြောက် ကုလသမဂ္ဂအကြီးအကဲဖြစ်လာဖွယ်ရှိသည်။ ကုလသမဂ္ဂအကြီးအကဲ ဘူထရို့စ်ဘူထရို့စ်ဂါလီသည် ၁၉၉၃ ခုနှစ် ဒီဇင်ဘာလက ကိုရီးယားနှစ်နိုင်ငံ နယ်စပ်ဒေသ ပန်မွန်ဂျုံ ကျေးရွာ၏ စစ်မဲ့ဇုန်နယ်မြေကို ဖြတ်သန်းကာ မြောက်ကိုရီးယားနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့သည်။

ကွတ်ဝေါဟိန်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ၁၉၇၉ ခုနှစ်နှင့် ၁၉၈၁ ခုနှစ်တို့တွင် မြောက်ကိုရီးယားနိုင်ငံ မြို့တော်ပြုံယမ်းသို့ နှစ်ကြိမ်သွားရောက်ခဲ့သည်။

**ရိုက်တာ။**

# ရာမာဒီမြို့မှ လူ ၂၅၀၀၀ ထွက်ပြေးဟု ကုလသမဂ္ဂပြော

**ရာမာဒီ မေ ၁၉**

အိုင်အက်စ်စစ်သွေးကြွများ သိမ်းပိုက်လိုက်သည့် အီရတ်နိုင်ငံ ရာမာဒီမြို့မှ လူပေါင်း ၂၅၀၀၀ ခန့်ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

အိုင်အက်စ်တို့သည် အီရတ်အစိုးရတပ်ဖွဲ့များကို တိုက်ခိုက်ပြီး အန်ဘာပြည်နယ်အနောက်ပိုင်းရှိ အချက်အချာကျသော ရာမာဒီမြို့ကို တနင်္ဂနွေနေ့တွင် သိမ်းပိုက်လိုက်သည်။ ထွက်ပြေးလွတ်မြောက်သွားသူများသည် အနီးအနားရှိမြို့များတွင် စားစရာမရှိ၊ သောက်စရာရေမရှိနှင့် နေစရာနေရာလည်းမရှိဟု ကုလသမဂ္ဂတာဝန်ရှိသူများက ပြောကြားသည်။

မြို့ကို သိမ်းပိုက်ပြီးနောက် စစ်သွေးကြွများသည် ခုခံတိုက်ခိုက်သူများကို သတ်ဖြတ်ပစ်သကဲ့သို့ ရဲတပ်ဖွဲ့နှင့် စစ်ဘက်တာဝန်ရှိသူများ၏ မိသားစုဝင်များကိုလည်း အဓမ္မခေါ်ဆောင်သွားခဲ့ကြသည်။

ကုလသမဂ္ဂက ထွက်ပြေးလာသူများကို အစားအစာနှင့် ဆေးဝါးများ ဖြန့်ဖြူးပေးလျက်ရှိပြီး နိုင်ငံတကာအသိုင်းအဝိုင်းသို့ ဘဏ္ဍာငွေများ ထောက်ပံ့ပေးရန် အကူအညီတောင်းခံထားသည်။ အစိုးရတပ်များနှင့် ရှီးယိုက်ပြည်သူ့စစ်များသည် ရာမာဒီမြို့အနီးတွင် စုဆောင်း၍ မြို့ကိုပြန်လည် တိုက်ခိုက်သိမ်းပိုက်ရန် ပြင်ဆင်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ။**

# ပါကစ္စတန်ရဟတ်ယာဉ်ပျက်ကျစဉ်က ဒဏ်ရာအပြင်းအထန် ရရှိခဲ့သည့် အင်ဒိုနီးရှားသံအမတ်ကြီးကွယ်လွန်

**ဂျကာတာ မေ ၁၉**

ယခုလအစောပိုင်းက ပါကစ္စတန်နိုင်ငံရှိ စစ်ဘက်ရဟတ်ယာဉ်ပျက်ကျမှု၌ သေကျေဒဏ်ရာရရှိသူများအနက် တစ်ဦးအပါအဝင်ဖြစ်သော ပါကစ္စတန်နိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီးသည် ဆေးဝါးကုသမှုခံယူလျက်ရှိရာ စင်ကာပူပြည်သူ့ဆေးရုံကြီး၌ မေ ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၁၂ နာရီ မိနစ် ၅၀ ခန့်တွင် ကွယ်လွန်သွားကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုကပြောကြားသည်။

အသက် (၅၈) နှစ်အရွယ်ရှိ ပါကစ္စတန်နိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး ဘာဟန် မူဟာမက်သည် ပါကစ္စတန်စစ်ဘက်ရဟတ်ယာဉ်ပျက်ကျမှု၌ ဒဏ်ရာရရှိခဲ့ပြီးနောက် မေ ၁၂ရက်ကတည်းက စင်ကာပူပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူရင်း ကွယ်လွန်သွားခြင်းဖြစ်ပြီး ယခုအခါ ပါကစ္စတန်ရဟတ်ယာဉ် ပျက်ကျမှု၌ နိုင်ငံခြားသံတမန် သေဆုံးသူဦးရေမှာ သုံးဦးရှိပြီဖြစ်ကြောင်း သမ္မတ ဝီဒိုဒိုကပြောကြားသည်။

ပါကစ္စတန်နိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး ဘာဟန်မူဟာမက်သည် မေ ၈ ရက်က ပါကစ္စတန်နိုင်ငံ ဂီလ်ဂစ်ဘော်လ်ကစ္စတန် တောင်တန်းဒေသ၌ ရဟတ်ယာဉ်ပျက်ကျစဉ်က လေယာဉ်ပေါ် လိုက်ပါလာသည့် ၎င်း၏ ဇနီးသည်ဖြစ်သူ ဟယ်ရီလစ်ယာဝါတီ သေဆုံးခဲ့ပြီးနောက် ယခုကဲ့သို့ ကွယ်လွန်သွားခြင်းဖြစ်သည်။

**ဆင်ဟွာ။**

ပြည်တွင်းရေးရာ

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မလေးရှားနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Mohd Haniff Abd Rahman အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဓာတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မွန်ဂိုလီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် မေ ၁၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မွန်ဂိုလီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လွန်ဒက်ပါရက်ဆူရမ်၏ ဖိတ်ကြားချက်အရ မေ ၁၄ ရက်မှ ၁၇ ရက်အထိ မွန်ဂိုလီးယားနိုင်ငံသို့ တရားဝင်အလည်အပတ်ခရီးသွားရောက်ခဲ့ပြီး မေ ၁၈ ရက်တွင် ပြန်လည် ရောက်ရှိလာသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်ဂိုလီးယားနိုင်ငံခရီးစဉ်အတွင်း မေ ၁၅ ရက်တွင် မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂျ် ဇတ်ဟီးလ်ယာဒ်နှင့် ဝန်ကြီးချုပ် မစ္စတာ ချင်မိစိုက်ခန်ဘီးလဒ်တို့အားတွေ့ဆုံရာ မွန်ဂိုလီးယားခေါင်းဆောင်များအနေဖြင့် မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ ဆက်လက်အောင်မြင်တိုးတက်မှုရရှိစေရန် မြန်မာအစိုးရနှင့် မြန်မာပြည်သူများအား ဆက်လက်ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၁၅ ရက် နံနက်ပိုင်းတွင် မွန်ဂိုလီးယားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ လွန်ဒက်ပါရက်ဆူရမ်နှင့် တွေ့ဆုံပြီး မြန်မာနှင့် မွန်ဂိုလီးယားနှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး နှစ်ဖက်စိတ်ပါဝင်စားသည့်ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မွန်ဂိုလီးယားနိုင်ငံ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရန့်ဆန်ဒူးဂျစ်ဂျစ်နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား သတ္တုတွင်းကဏ္ဍနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် နည်းလမ်းများရှာဖွေသွားရန် ဆွေးနွေးခဲ့ကြသည်။

ထို့အတူ မွန်ဂိုလီးယားနိုင်ငံ အထွေထွေရွေးကောက်ပွဲကော်မတီဥက္ကဋ္ဌ မစ္စတာ ဆိုန္ဒန်ဆာရမ်နှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ၌ မကြာမီကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ပြင်ဆင်ဆောင်ရွက်နေမှုလုပ်ငန်းများနှင့် လာမည့်ရွေးကောက်ပွဲသည် လွတ်လပ်၍ သမာသမတ်ကျသော ရွေးကောက်ပွဲတစ်ခုဖြစ်လာစေရေးအတွက် ရွေးကောက်ပွဲကော်မရှင်၏ ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ငါးဖမ်းစက်လှေတွင် ရောင်းစားခံခဲ့ရသည့် မြန်မာအလုပ်သမားတစ်ဦး ရေကူးထွက်ပြေးလွတ်မြောက်

**ကတန် မေ ၁၉**

မလေးရှားနိုင်ငံနယ်စပ်ရှိ ကတန်ငါးဖမ်းလှေဆိပ်၌ ခြောက်လကြာ ရောင်းစားခံခဲ့ရသည့် မြန်မာအလုပ်သမားတစ်ဦးမှာ ပင်လယ်ပြင်တွင် နှစ်ရက်ကြာရေကူးခဲ့ပြီးနောက် မေ ၁၉ ရက်က လွတ်မြောက်လာခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (MyanmarAssociation in Thailand) က ဆက်သွယ်ပြောကြားသည်။

အဆိုပါ လွတ်မြောက်လာသူမှာ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ သစ်ပုတ်တောင်မှ ကိုခိုင်လင်းအောင်(၂၆)နှစ်ဖြစ်ပြီး ရမ်းဗြဲမြို့ရှိ ပွဲစားမှတစ်ဆင့် ထားဝယ်မြို့မှ ဒေါ်မငွေး အသက် (၅၀)နှစ်ထံသို့ ပို့ဆောင်ခဲ့ကာ လူဦးရေ ၅၀ ခန့်နှင့်အတူ ကတန်ငါးဖမ်းလှေဆိပ်သို့ ၂၀၁၄ နှစ် ဇူလိုင်လက ရောင်းစားခံခဲ့ရခြင်းဖြစ်ကြောင်း၊ လှေပေါ်မှ ၎င်းအပါအဝင် မြန်မာသုံးဦး ရေကူးထွက်ပြေးလာခဲ့ကြသော်လည်း အခြားနှစ်ဦးနှင့် ကွဲသွားခဲ့ပြီး ၎င်းတို့ သေသည်၊ ရှင်သည် မသိခဲ့ကြောင်းဖြင့် လွတ်မြောက်လာသူ ကိုခိုင်လင်းအောင်က MAT အဖွဲ့သို့ ပြောသည်။

ထွက်ပြေးလွတ်မြောက်လာခဲ့သည့် ကိုခိုင်လင်းအောင်က“လုပ်အားခလည်း မရဘူး။ ပြီးတော့ အဲဒီငါးဖမ်းစက်လှေက ကမ်းကိုလည်း မကပ်ရဘူး။ သေမထူး နေမထူးဆိုပြီး ထွက်ပြေးလာတာ နှစ်ရက်ကြာ ရေကူးလာပြီး ကမ်းတစ်ခုကိုရောက်သွားတယ်။ ထိုင်းနိုင်ငံသူ အမျိုးသမီးတစ်ဦး အကူအညီနဲ့ ကျွန်တော်တို့ရွာက ရွာသားတစ်ဦးနဲ့ အဆက်အသွယ်ရခဲ့ပါတယ်။ အဲဒီကမှတစ်ဆင့် MAT အဖွဲ့ကိုဆက်သွယ်ပြီးတော့ MAT ရုံးကို ရောက်လာခဲ့တာပါ” ဟု ပြောသည်။

ဗန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့ MAT ဒါရိုက်တာ ဦးကျော်သောင်းက “ထိုင်းနိုင်ငံ ငါးဖမ်းလှေတိုင်းလိုလိုမှာ မြန်မာနိုင်ငံသားတွေ ရောင်းစားခံနေရတာပါ။ ဒီလူတွေ လွတ်မြောက်နိုင်ရေးအတွက် တာဝန်ရှိသူတွေက တစ်စုံတစ်ခုအစီအစဉ်ချမှတ်တာမျိုး ခုထိမကြားရသေးဘူး။ အခုဆို ထိုင်းနိုင်ငံမှာ လူမှောင်ခိုကူးမှုဆောင်ရွက်ရတာ ပိုမိုခက်ခဲလာလို့ ကျွန်တော်တို့ အထူးသတိထားလုပ်ဆောင်နေကြရပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းက မဟာချိုင် ပုစွန်အခွံခွာရုံမှာ လူမှောင်ခိုကူးခံရသူ မြန်မာ ၄၄ ဦးကို ကယ်တင်နိုင်လိုက်တဲ့ဖြစ်စဉ်ကို ခုဆိုထိုင်းအာဏာပိုင်တွေနဲ့ ထိုင်းနိုင်ငံအတွင်းမှာရှိနေကြတဲ့အဖွဲ့တွေက ဖုံးနေဖိနေကြပြန်ပါပြီ” ဟုပြောသည်။

“လူမှောင်ခိုကူးတဲ့ဂိုဏ်းတွေ၊ လူမှောင်ခိုကူးခံနေရတဲ့နေရာတွေ၊ လူမှောင်ခိုကူးတဲ့ဂိုဏ်းတွေ လုပ်နေတဲ့ရာဇဝတ်မှုတွေကို ထိုင်းနဲ့ မြန်မာလူမှောင်ခိုကူးမှုတိုက်ဖျက်ရေးအစိုးရတပ်ဖွဲ့တွေကို ကျွန်တော်တို့ အထောက်အထားတွေနဲ့ တင်ပြထားတာတွေရှိပါတယ်။ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်စေချင်ပါပြီ” ဟု ၎င်းက ဆက်လက်အကြံပြုပြောဆိုသည်။

နိုင်ငံတကာအဖွဲ့အစည်းကြီးများသည် ထိုင်းနိုင်ငံကိုအခြေစိုက်၍ လူမှောင်ခိုကူးမှုတိုက်ဖျက်ရေးကို လုပ်ကိုင်ဆောင်ရွက်ကြသည်ဆိုသော်လည်း ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှ၏ လူမှောင်ခိုကူးမှုဂိုဏ်းချုပ်များတည်ရှိရာ နိုင်ငံတစ်ခုဖြစ်နေကြောင်းကို လတ်တလောဖြစ်စဉ်များက ဖော်ပြနေကြောင်း၊ ထိုင်းနိုင်ငံ၏ တတိယအမျိုးသားဝင်ငွေတစ်ခုဖြစ်သော ပင်လယ်အစားအစာထုတ်လုပ်သည့်လုပ်ငန်းတွင် လူမှောင်ခိုကူးခံရသူများနှင့် လုပ်ငန်းရှင်များက အလုပ်သမားများအား ကျေးကျွန်သဖွယ် ခိုင်းစေမှုများရှိနေခြင်းကြောင့် World Mark နှင့် ဥရောပသမဂ္ဂတို့က မကြာသေးမီက သတိပေးထားကြောင်း၊ ထိုင်းနိုင်ငံမှာ အမေရိကန်နိုင်ငံ၏ အစီရင်ခံစာအရ လူမှောင်ခိုကူးမှု အဆိုးရွားဆုံးနိုင်ငံအဖြစ် ကြေညာခြင်းခံထားရဆဲဖြစ်ကြောင်း၊ ထို့အပြင် ထိုင်းဝန်ကြီးချုပ်က ခြောက်လအတွင်း လူမှောင်ခိုကူးဂိုဏ်းများကိုဖော်ထုတ်ရမည်ဟု ထိုင်းနိုင်ငံအတွင်း အမိန့်ထုတ်ပြန်ထားသဖြင့် ထိုင်း-မြန်မာနယ်စပ်တစ်လျှောက် တရားမဝင် ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားအမြောက်အမြားမှာ မကြာခဏ ဖမ်းဆီးခံနေရဆဲဖြစ်ကြောင်းကို ထိုင်းသတင်းဌာနများက စဉ်ဆက်မပြတ်ဖော်ပြလျက်ရှိနေကြောင်း MAT အဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။ **(စိုးဝင်း-MLA)**

# အင်ဒိုနီးရှားနိုင်ငံမှပြန်လည်ရောက်ရှိလာသော မြန်မာရေလုပ်သားများအား မိသားစုပြန်လည်ပေါင်းစည်းပေးခြင်းအခမ်းအနားကျင်းပ

**ဘားအံ မေ ၁၉**

အင်ဒိုနီးရှားနိုင်ငံသို့ နည်းလမ်းအမျိုးမျိုးဖြင့်ရောက်ရှိနေသော မြန်မာရေလုပ်သားများအား နိုင်ငံတော်အစီအစဉ်ဖြင့် ပြန်လည်ခေါ်ယူပြီး မိသားစုပြန်လည်ပေါင်းစည်းပေးခြင်း အခမ်းအနားကို မေ ၁၈ ရက်က ကရင်ပြည်နယ် ဘားအံမြို့ လူမှုဝန်ထမ်းဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အင်ဒိုနီးရှားနိုင်ငံမှ နိုင်ငံတော်အစီအစဉ်ဖြင့် ပြန်လည်ရောက်ရှိလာသော မြန်မာရေလုပ်သားများကို မိသားစုနှင့် ပြန်လည်ပေါင်းစည်းခြင်းနှင့်ပတ်သက်၍ ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန၊ ဘားအံခရိုင်ရဲတပ်ဖွဲ့၊ ဘားအံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ဘားအံခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ပြန်လည်ရောက်ရှိလာသော မြန်မာရေလုပ်သားများအား မိမိတို့နိုင်ငံတွင်လည်း အခြားနိုင်ငံသို့ သွားရောက်အလုပ်လုပ်သကဲ့သို့ အလုပ်ကြိုးစားပါက မိမိတို့ဘဝတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် မျက်နှာငယ်ခြင်း၊ သိမ်ငယ်ခြင်းမရှိဘဲ ကိုယ်ရပ်ကိုယ့်မြေတွင် မိသားစုနှင့်အတူ ပျော်ပျော်ရွှင်ရွှင်ဖြင့် ဘဝကို ဖြတ်သန်းကြစေရန် ပြောကြားခဲ့သည်။

ထို့နောက် ပြန်လည်ရောက်ရှိလာသော ရေလုပ်သားများကလည်း မိမိတို့ ကြုံတွေ့ခဲ့ရသောအခက်အခဲများကို ပြန်လည်ပြောပြပြီး နောက်နောင် နိုင်ငံခြားသို့သွားရောက်အလုပ်လုပ်မည်မဟုတ်တော့ကြောင်း ပြောကြားခဲ့သည်။ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ဒေါ်လန်းရွာနေ မောင်မင်းဦး (၂၇)နှစ်က “ကျွန်တော့်ကို ထိုင်းနိုင်ငံမှာ ပန်းရန်လုပ်ဖို့ခေါ်သွားတယ်။ ပြီးတော့ အခန်းထဲကိုထည့်ထားတယ်။ လှေပေါ်တင်တော့ ဟိုဘက်ကမ်းကိုခေါ်သွားဖို့လား၊ အင်ဒိုဘက်ကိုခေါ်သွားဖို့လားပေါ့။ လှေပေါ်မှာ ၂၅ ရက်လောက်စီးပြီးတော့မှ မြန်မာဘက်က လူတွေ တွေ့တယ်။ ၂၂ ဦးပါတယ်။ ဟိုရောက်တော့ အင်ဒိုငွေ တစ်ယောက် ငါးသိန်းပေးတယ်။ ပေးပြီးတော့ နောက်နေ့ ပင်လယ်ထွက်တယ်။ တစ်ခါထွက်ရင် နှစ်လကြာတယ်။ ပြန်ဝင်လာတော့ တစ်ယောက်ကို အင်ဒိုငွေ တစ်လံပေးတယ်။ မြန်မာငွေ ၁၀ သိန်းပေါ့။ ပင်လယ်မှာကျွေးတာတော့ ငါးပြုတ်ပြီး တစ်ရက် သုံးနပ်ကျွေးတယ်။ အလုပ်တစ်ရက်မလုပ်ရင် တစ်သိန်း နုတ်တယ်။ နံနက် ၃ နာရီထပြီး အလုပ်လုပ်ရတယ်။ အလုပ်နောက်ကျရင်၊ ပြန်ပြောရင် နှိပ်စက်မှုတွေရှိတယ်” ဟု ၎င်းကြုံတွေ့ရသော အတွေ့အကြုံကို ပြောပြသည်။

အဆိုပါ ရေလုပ်သားများကို ကရင်ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများက ရန်ကုန်သို့ သွားရောက်ခေါ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းမာကပြောကြားသည်။ **စိုးထက်အောင်(ပြန်/ဆက်)**



# တူရယ်ကျွန်းတွင် ဒုက္ခနှင့်ကြုံတွေ့ခဲ့သူများကို ဒုတိယအသုတ်အဖြစ် မိဘရပ်ထံ အသီးသီးပြန်လည်ပို့ဆောင်

**ပုသိမ် မေ ၁၉**

အင်ဒိုနီးရှားနိုင်ငံ တူရယ်ကျွန်းတွင် သွားရောက်အလုပ်လုပ်ကိုင်ရင်း ဒုက္ခနှင့်ကြုံတွေ့နေသူများကို နိုင်ငံတော်က ပြန်လည်ခေါ်ယူ၍ မိဘရပ်ထံပြန်လည်ပို့ဆောင်လျက်ရှိရာ ဒုတိယအသုတ်အဖြစ် ဖျာပုံခရိုင်မှ သုံးဦး၊ မအူပင်ခရိုင်မှ တစ်ဦး၊ လပွတ္တာခရိုင်မှ သုံးဦး၊ ဟင်္သာတခရိုင်မှ ငါးဦး၊ ပုသိမ်ခရိုင်မှ ခြောက်ဦး၊ မြောင်းမြခရိုင်မှ နှစ်ဦး စုစုပေါင်း ၂၀ တို့သည် မေ ၁၈ ရက် ညနေ ၄ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိလာကြရာ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများက စာရင်းများကောက်ယူကြပြီး မိဘရပ်ထံသို့ အသီးသီးပြန်လည်ပို့ဆောင်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နယ်စပ်ဒေသနှစ်ဖက်စလုံးတွင် တူညီသော တိုင်းရင်းသားနေထိုင်မှုများအပေါ်အခြေခံ၍ တွေ့ကြုံလာနိုင်သည့် နယ်စပ်ဒေသအခက်အခဲများကို ကျော်လွှားနိုင်မည်ဟု ယုံကြည်

**နေပြည်တော် မေ ၁၉**

တပ်မတော်နှင့်မြန်မာ့နိုင်ငံရေးဖြစ်စဉ်များသည် သမိုင်းကြောင်းအရ ခွဲခြား၍ မရပါကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းအောင်၊ တိုးတက်အောင် လုပ်ဆောင်နေခြင်းမှာလည်း သမိုင်းကြောင်းနှင့် ယှဉ်တွဲပါလာသည့် အခြေအနေဖြစ်ပါကြောင်း၊ တပ်မတော်သည် တိုင်းပြည်လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ လွတ်လပ်ရေးရပြီးနောက်တွင်လည်း ပြည်တွင်း သောင်းကျန်းမှုပြဿနာများကို ထိန်းသိမ်းဖြေရှင်း၍ လက်ရှိအခြေအနေရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရပါကြောင်း၊ သို့ဖြစ်၍ လက်ရှိအခြေအနေအား ပြောင်းလဲမသွားစေရန်နှင့် ယခုထက်ပိုမိုကောင်းမွန်တိုးတက်စေလိုကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၁ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံခြားဆက်ဆံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Chen Fengxiang အား ဇေယျာသီရိ ဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာတွင် ထည့်သွင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံခြားဆက်ဆံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Chen Fengxiang နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဧည့်သည်တော်ဒုတိယဝန်ကြီးက တရုတ်-မြန်မာ နှစ်နိုင်ငံ ပြည်သူလူထုများအကြား ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ခိုင်မာစွာ တည်ရှိပါကြောင်း၊ ယင်းချစ်ကြည်ရင်းနှီးမှုကို ယခုထက်ပိုမိုတိုးတက်စေရန် မြန်မာ့တပ်မတော်အနေဖြင့် ဝိုင်းဝန်းအားဖြည့်လုပ်ဆောင်ပေးစေလိုပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်မြင့်မားသည်ကိုလည်း သိရှိပါကြောင်း၊ တပ်မတော်ချင်းဆက်ဆံရေးကောင်းမွန်ခြင်းသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေနိုင်သဖြင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တင်စေလိုပါကြောင်း၊ မိမိတို့ ယခုခရီးစဉ်သည် အပြန်အလှန်ယုံကြည်မှု တိုးမြှင့်တည်ဆောက်ရန်နှင့် မြန်မာနိုင်ငံအတွက် လွန်စွာအရေးကြီးသည့် ရွေးကောက်ပွဲအကြိုကာလတွင် တပ်မတော်နှင့် အစိုးရအပါအဝင် အဖွဲ့အစည်းအသီးသီးတို့၏ အခြေအနေများကို သိရှိလေ့လာလို၍ ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံခြားဆက်ဆံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား တွေ့ဆုံနှုတ်ဆက်စဉ်။** (မြဝတီ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တရုတ်နိုင်ငံအနေဖြင့် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံဖြစ်သည့်အပြင် မဟာဗျူဟာမိတ်ဖက်နိုင်ငံလည်းဖြစ်ပါကြောင်း၊ ကီလိုမီတာ ၂၀၀၀ ကျော် နယ်နိမိတ်ထိစပ်နေပြီး နယ်စပ်ဒေသနှစ်ဖက်လုံးတွင် တူညီသောတိုင်းရင်းသား နေထိုင်မှုများ အပေါ်အခြေခံ၍ တွေ့ကြုံလာနိုင်သည့် နယ်စပ်ဒေသအခက်အခဲများကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ထမ်းဆောင်နေပါကြောင်း၊ ဒီ့တာဝန်အရေးသုံးပါးသည် ဦးစားပေးတာဝန်ဖြစ်သကဲ့သို့ တပ်မတော်အနေဖြင့် မည်သည့်အခြေအနေမျိုးတွင်မဆို နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိန်းသိမ်းဆောင်ရွက်ရန်မှာလည်း တပ်မတော်၏ ကြီးမားသောတာဝန်တစ်ရပ်ဖြစ်ကြောင်း၊ မိမိနိုင်ငံ ကိုလိုနီဘဝရောက်စဉ် နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားများအကြား အထင်အမြင်လွဲမှားမှုများဖြစ်ခဲ့ရပြီး ယင်းမှအခြေခံဖြစ်ပေါ်လာသည့် တိုင်းရင်းသားလက်နက်ကိုင်ပြဿနာများမှာလည်း ယနေ့တိုင် ဖြေရှင်းနေရဆဲပင်ဖြစ်ကြောင်း၊ နိုင်ငံတော်တိုးတက်ကောင်းမွန်အောင်လုပ်ဆောင်ရန်မှာ တပ်မတော်၏ အဓိကတာဝန်ပင်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုတွင် တည်ငြိမ်အေးချမ်းမှု အရေးကြီးပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားပါက ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေပါကြောင်း၊ ဥပဒေနှင့်အညီ အစိုးရဖွဲ့စည်းထားသည့် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်၍ အစိုးရကို လက်နက်စွဲကိုင်ပြီး ဆန့်ကျင်ခြင်းကို လက်ခံ၍မရပါကြောင်း၊ အဓိကအားဖြင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ရန်လိုကြောင်း၊ မဟာဗျူဟာမိတ်ဖက်နိုင်ငံအနေဖြင့်လည်း နှစ်နိုင်ငံဆက်ဆံရေးကိုရှေးရှု၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လက်နက်ကိုင်လမ်းစဉ်စွန့်လွှတ်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီစေလိုပါကြောင်းဖြင့် ဖြည့်စွက်ပြောကြားသည်။

**(မြဝတီ)**

## မြန်မာ-နယ်သာလန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် မေ ၁၉**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် နယ်သာလန်နိုင်ငံ စီးပွားရေးရာဝန်ကြီးဌာနတို့အကြား စိုက်ပျိုးရေး၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် တောင်သူလယ်သမားအဖွဲ့အစည်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် နယ်သာလန်နိုင်ငံ စီးပွားရေးရာဝန်ကြီးဌာနတို့အကြား စိုက်ပျိုးရေး၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် တောင်သူလယ်သမားအဖွဲ့အစည်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် နယ်သာလန်နိုင်ငံအစိုးရကိုယ်စား စီးပွားရေးရာဝန်ကြီးဌာန စိုက်ပျိုးရေးဝန်ကြီး Ms. Sharon Dijksma တို့က လက်မှတ်ရေးထိုးကြသည်။

အဆိုပါနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခြင်းဖြင့် မြန်မာနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့အကြား စိုက်ပျိုးရေး၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် တောင်သူလယ်သမားအဖွဲ့အစည်းကဏ္ဍများတွင် ရေရှည်ပူးပေါင်းဆောက်ရွက်ရေး မူဘောင်တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်ပြီး စိုက်ပျိုးရေး မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရာတွင် အပင်ပိုးမွှားရောဂါကင်းရှင်းရေး၊ သီးနှံပိုးမွှားရောဂါကာကွယ်ရေး၊ သွင်းအားစုနှင့် နည်းပညာများကို ဘေးအန္တရာယ်ကင်းရှင်းအောင် အသုံးပြုရေး၊ အပင်မျိုးကွဲကာကွယ်ရေး၊ နွားနို့အရည်အသွေးတိုးတက်ကောင်းမွန်စေရေးတို့ကို ပိုမိုခိုင်မာအောင် လုပ်ဆောင်နိုင်မည် ဖြစ်သည်။

ထို့အပြင် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို ဖြေရှင်းရန် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်း၊ အသိပညာဖလှယ်ခြင်း၊ သတင်းအချက်အလက်ဖြန့်ဝေခြင်း၊ စီးပွားရေးကဏ္ဍအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် တောင်သူလယ်သမားအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းတို့တွင် အထောက်အကူပြုမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**လှိုင်သာယာ မေ ၁၉**

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့ ရဲတပ်ဖွဲ့ဝင်များ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး (ဆင့်ပွား)သင်တန်း ဖွင့်ပွဲကို မေ ၁၈ရက် နံနက် ၉ နာရီက လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းမြင့်ဦး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးအောင်ဝင်းနိုင်၊ လှိုင်သာယာမြို့မ ရဲစခန်းမှူး ဒုရဲမှူး ခင်မောင်ဆွေ၊ သောင်ကြီးနယ်မြေရဲစခန်းမှူး ရဲအုပ်ချစ်ကိုကို၊ နယ်ထိန်းအရာရှိများ၊ သင်တန်းနည်းပြအရာရှိ ငါးဦး၊ အရာရှိနှင့် အခြားအဆင့်သင်တန်းသား တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ကြပြီး သင်တန်း ကာလမှာ မေ ၁၈ ရက်မှ ၂၂ ရက်ထိ ငါးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(၃၂၉)**

## လက်ပိုင်းဆိုင်ရာပြတ်တောက်မှုများ ဖြစ်ပေါ်လာပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အချိန်မီဆက်သွယ်၍ အခမဲ့ကုသနိုင်

**ရန်ကုန် မေ ၁၉**

ထိခိုက်ဒဏ်ရာရမှုများကြောင့် လက်ပိုင်းဆိုင်ရာ ပြတ်တောက်မှုများဖြစ်ပေါ်လာပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အချိန်မီအကြောင်းကြားပြီး ဆေးဝါးကုသမှုအခမဲ့ ခံယူနိုင်ကြောင်း ယနေ့ညနေ ၃ နာရီကပြုလုပ်သည့် ဘယ်ဘက်လက်မောင်းပြတ်တောက်လူနာအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုပညာဌာနမှ အောင်မြင်စွာ ပြန်လည်ဆက်ပေးနိုင်ခဲ့ခြင်းနှင့်ပတ်သက်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး *Traning Centre* ၌ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားမှ သိရသည်။

အဆိုပါစာနယ်ဇင်းရှင်းလင်းပွဲတွင် ဧပြီ ၂၇ ရက်က တိုက်ကြီးမြို့နယ် သရက်တောကျေးရွာမှ ဘယ်ဘက်လက်မောင်းအလယ်ခန့်မှ ပြတ်တောက် ဒါးဒဏ်ရာရရှိခဲ့သဖြင့် တိုက်ကြီးဆေးရုံမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးပို့ခဲ့သည့်အသက် ၅၀ခန့်ရှိ ဒေါ်ရီမြင့်အား လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုပညာဌာနမှ ဌာနမှူး ဒေါက်တာခင်မောင်မြင့်ဦးဆောင်သောအဖွဲ့က ည ၇ နာရီ၄၅ မိနစ်မှ စတင်ခွဲစိတ်ကာ စုစုပေါင်းခွဲစိတ်ချိန် ၆ နာရီခန့်အတွင်း ပြတ်တောက်လက်မောင်းကို အောင်မြင်စွာ ပြန်လည်ဆက်ပေးနိုင်ခဲ့သည့်အတွက် လူနာမှာ ဒဏ်ရာသက်သာပျောက်ကင်းပြီဖြစ်၍ မကြာမီဆေးရုံမှ ဆင်းရမည်ဖြစ်ကြောင်း သိရသည်။

"အခုလို ပြတ်သွားတဲ့လက်ကို ပြန်ဆက်ပေးနိုင်တာ စနစ်တကျ ယူလာနိုင်လို့ပါ။ အချိန်မီလည်း ရောက်လာတယ်။ ကြိုအကြောင်းကြားထားတော့ လိုအပ်တာတွေ ကြိုတင်ဆောင်ရွက်နိုင်ပါတယ်။ မိဘပြည်သူများကို ပြောချင်တာက ပြတ်သွားတဲ့လက်ကို စနစ်တကျယူလာပါ။ ဆားနဲ့ဆိမ်တာတို့၊ ရေနဲ့ ဆိမ်လာတာတို့ မလုပ်ပါနဲ့၊ ခြောက်ခြောက်သွေ့သွေ့နဲ့ အေးအောင်လုပ်ပြီး အချိန်မီသယ်လာခဲ့ပါ။ အတတ်နိုင်ဆုံး အကောင်းပကတိဖြစ်အောင် လုပ်ပေးပါ့မယ်" ဟု လက်ပိုင်းဆိုင်ရာခွဲစိတ်ဆရာဝန် ဒေါက်တာခင်မောင်မြင့်က ပြောသည်။

ထိခိုက်ဒဏ်ရာရမှုများကြောင့် လက်ချောင်းများ၊ လက်မောင်း၊ တံတောင်ဆစ်စသည့် လက်ပိုင်းဆိုင်ရာ ပြတ်တောက်မှုများ ဖြစ်ပေါ်လာပါက ပြတ်သွားသော လက် သို့မဟုတ် လက်ချောင်းကို သန့်ရှင်းခြောက်သွေ့သော ပလတ်စတစ်အိတ်ထဲတွင် လုံအောင်ပိတ်ပြီး တခြားအိတ်တစ်ခုထဲတွင် ရေခဲထည့်ကာ လက်ပြတ်ထည့်ထားသော အိတ်ကို ရေခဲထည့်ထားသောအိတ်ထဲသို့ထည့်၍ ဆေးရုံသို့ အချိန်မီ သယ်ဆောင်လာရမည်ဖြစ်ပြီး အကယ်၍ လက်မောင်း၊ တံတောင်ဆစ်၊ လက်ကောက်ဝတ်တို့ ပြတ်တောက်ပါက ၁၂ နာရီမှ ၂၄ နာရီအတွင်း၊ လက်ချောင်းလေးများပြတ်တောက်ခဲ့ပါက ၂၄ နာရီမှ နာရီ ၃၀ အတွင်း ပြန်ဆက်၍ရကြောင်းနှင့် မည်သည့် ပြတ်တောက်မှုမျိုးမဆို ခြောက်နာရီအတွင်းယူလာပါက အကောင်းဆုံးဖြစ်ပြီး အမြန်ဆုံး ပြန်ဆက်ပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။

"လက်ပြတ်သွားတာနဲ့ပတ်သက်ရင် အရေးပေါ်ကုဌာနက ဖုန်းတွေကို ဆက်သွယ်ပြီး ကြိုတင်သတင်းပို့ထားဖို့လိုတယ်။ ဒါမှ လိုအပ်တဲ့ ဆောင်ရွက်သင့်တာတွေ ဆောင်ရွက်ထားရမှာ။ ဥပမာသွေးက အစပေါ့" ဟု ဒေါက်တာဦးခင်မောင်မြင့်က ပြောသည်။

ထိုသို့ ထိခိုက်ဒဏ်ရာရရှိမှုများကြောင့် လက်ပိုင်းဆိုင်ရာ ပြတ်တောက်မှုများဖြစ်ပေါ်လာပါက ရန်ကုန်ဆေးရုံကြီးအရေးပေါ်ကုဌာန ဖုန်း-၀၁-၂၅၆၁၂၃၊ (၂၅၆၁၁၂၊ ၂၅၆၁၁၄ *EXT* ၈၅၆ )သို့ အချိန်မီဆက်သွယ်၍ ကြိုတင်အကြောင်းကြားထားခြင်းဖြင့် မြန်ဆန်သော ဆေးဝါးကုသမှုကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ဆေးဝါးကုသမှုများပြုလုပ်ပေးရာတွင်လည်း အခမဲ့ကုသမှုပေးကြောင်း သိရသည်။

၂၀၁၅ ခုနှစ်ကစ၍ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လက်ပိုင်းဆိုင်ရာ အထူးကုဆရာဝန်များကို ၂၄ နာရီ တာဝန်ချထားပြီး နေ့စဉ် လက်ထိခိုက်ဒဏ်ရာရသူ လူနာများအား ဆေးဝါးကုသမှုပြုလုပ်ပေးနေကြောင်းနှင့် တစ်ခါတစ်ရံ တစ်ရက်တည်းမှာပင် အသေးစား လက်ခွဲစိတ်လူနာ ၁၆ ဦးခန့်ရှိကြောင်း သိရသည်။ **(သီသီမင်း)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဖြေကြား

**နေပြည်တော် မေ ၁၉**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၈) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင်၏ **ကျေးရွာသစ်ခြံမြေကွက်များ၏ အကျယ်ကို သတ်မှတ်ရာတွင် လိုအပ်သော သီးနှံသိုလှောင် ဂိုဒေါင်၊ နွား၊ ဝက်မွေးမြူသော အဆောက်အအုံနှင့် နွားစာသိုလှောင်ရန် ကောက်ရိုးပုံ၊ သီးနှံ ပဲ၊ နှမ်းခြွေလှေ့သော တလင်းကွင်းတို့ပါ လိုအပ်သဖြင့် ခြံမြေအကျယ်ကို ပေ ၆၀ × ၁၂၀ တိုးမြှင့်သတ်မှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ကျေးရွာ/မြေကွက်သစ်များ သတ်မှတ်ပေးရာတွင် လူနေခြံမြေကွက်များသာမက စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ကျေးလက်ဆေးပေးခန်း၊ ဈေး၊ ကျေးလက်လမ်း စသည့် အခြေခံအဆောက်အအုံများအတွက်ပါ စီစဉ်ဆောင်ရွက်ပေးရမည် ဖြစ်သဖြင့် စီမံခန့်ခွဲပေးနိုင်မည့် မြေနေရာအကျယ်အဝန်းပေါ် မူတည်ပြီး မြေကွက်အကျယ်အဝန်းနှင့် မြေနေရာသတ်မှတ်အကျယ်အဝန်းတို့ ပြည့်စုံလုံလောက်ပါက ကျေးရွာလူထုအတွက် ပေ ၆၀ × ၁၂၀ အကျယ်အဝန်းကို သတ်မှတ်ချထားပေးနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ **ပြည်သူ့ဘဏ္ဍာငွေများဖြင့် ဆောက်လုပ်သည့် ကျောင်းဆောင်များအား ကန်ထရိုက်ရရှိသည့် ကုမ္ပဏီများမှ ဆောက်လုပ်ရာတွင် အရည်အသွေးမပြည့်မီသော Foundation များပြုလုပ်သည့်ကုမ္ပဏီများအား Black list သွင်းခြင်း၊ လုပ်ငန်းကို ပြန်လည်အပ်နှံစေခြင်းစသည့် အရေးယူခြင်းများ ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စံချိန်စံညွှန်းမပြည့်မီသော ပစ္စည်းများဖြင့် တည်ဆောက်ခြင်း၊ တင်ပြထားသော အရေအတွက်ထက်လျော့၍ တည်ဆောက်ခြင်းများအား ဆောက်လုပ်သည့်ကုမ္ပဏီများမှ ပြန်လည်အစားထိုးပြင်ဆင်ပေးရန်၊ လုပ်ငန်းလက်ခံသူက တာဝန်ယူရန်၊ စာချုပ်စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းမဆောင်ရွက်နိုင်ခြင်းနှင့် စာချုပ်စည်းကမ်းကို ဖောက်ဖျက်ပါက အခြားသင့်တော်သူကို လုပ်ငန်းအပ်နှံသူက အစားထိုးလုပ်ကိုင်စေခြင်း၊ နာမည်ပျက်စာရင်း ထည့်သွင်းကြေညာခြင်း၊ ဥပဒေအရ တရားစွဲဆိုခြင်းများ ခံယူရမည်ကို လုပ်ငန်းအပ်နှံမှု စာချုပ်ချုပ်ဆိုချိန်၌ သဘောတူညီလက်မှတ်ရေးထိုး ဆောင်ရွက်ထားရှိသဖြင့် အရည်အသွေးမပြည့်မီသော Foundation များ ပြုလုပ်သည့် ကုမ္ပဏီများကို လုပ်ငန်းပြန်လည်အပ်နှံစေခြင်းစသည့် အရေးယူမှုများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။



သဲကုန်း မဲဆန္ဒနယ်မှ ဦးစိုးအောင်။



ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း။

ရေစကြိုမဲဆန္ဒနယ်မှ ဦးတင်ဌေးအောင်၏ **ရေစကြိုမြို့နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်မှုခက်ခဲသော ဒေသများရှိ အထက်တန်းကျောင်းများတွင် နယ်ဝေးမှ တာဝန်ကျ ဆရာ၊ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေးရန်နှင့် အန္တရာယ်ရှိကျောင်းဆောင်များကို ပြင်ဆင်ရန်၊ အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ရှိ အခြေခံပညာကျောင်းပေါင်း(၁၇)ကျောင်းအား ပြင်ဆင်ရန်နှင့် အသစ်ဆောက်လုပ်ပေးရန်အတွက် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်တွင် ငွေကျပ် ၄၄၂ ဒသမ ၈ သန်းကို လျာထားပြီး ဝန်ထမ်းအိမ်ရာများနှင့် ကျောင်းဆောင်များ ဆောက်လုပ်ပေးရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် **"အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# တတိယအဆင့် အရှိန်အဟုန်မြှင့် ပြုပြင်ပြောင်းလဲရေး မေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

**နေပြည်တော် မေ ၁၉**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခက်ထိန်နန်၏ **အစိုးရ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်လာရန် အတွက် ပထမအဆင့် (First Wave) ပြုပြင်ပြောင်းလဲရေး၊ ဒုတိယအဆင့် (Second Wave) ပြုပြင်ပြောင်းလဲရေး၊ တတိယအဆင့် (Third Wave) အရှိန်အဟုန်မြှင့် ပြုပြင်ပြောင်းလဲရေး** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များကိုကျင်းပ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများအဖြစ် ဒီမိုကရေစီ နည်းလမ်းတကျ ပြောင်းလဲဖွဲ့စည်းခဲ့သည်ကို ပထမအဆင့်ဟု သတ်မှတ်ကြောင်း။

ဒုတိယအဆင့်အနေဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သော အစိုးရသစ်လက်ထက် ၂၀၁၁ ခုနှစ်တွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ ၂၀၁၂ ခုနှစ်တွင် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် ၂၀၁၃ ခုနှစ်တွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်(၄)ရပ် ဆောင်ရွက်ခြင်းကို ဆိုလိုကြောင်း။

တတိယအဆင့်အနေဖြင့် ၂၀၁၄



ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခက်ထိန်နန်။

ခုနှစ် ဇွန် ၁၀ ရက်မှစ၍ ဒီမိုကရေစီနိုင်ငံသစ်အတွက် ခိုင်မာသည့် အခြေခံအုတ်မြစ်တစ်ရပ် ချမှတ်သွားနိုင်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွား လိုလားချက်များကို ဖြည့်ဆည်းသွားနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်(၄)ရပ်ကို အရှိန်မြှင့်၍ ပြည်သူများပါဝင်မှုအဖြစ် လက်တွေ့ရလဒ်များရရှိရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တတိယအဆင့်သည် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်(၄)ရပ်ကို ပိုမိုအားကောင်းစေရန် စွမ်းအားရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

အဆင့်များအလိုက် ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပထမအဆင့်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် အထောက်အကူပြုစေရန် ဒုတိယအဆင့်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒုတိယအဆင့်၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ ပိုမိုကောင်းမွန် ထိရောက်စေရန် တတိယအဆင့်ဖြင့် အရှိန်အဟုန်မြှင့်တင်ပြီး နိုင်ငံ့ဝန်ထမ်းများအား ပိုမို၍ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူတတ်မှု၊ တာဝန်ခံမှု ရှိစေရန် ဆောင်ရွက်ခြင်းဖြစ်၍ မိမိတို့ တာဝန်ယူနေသည့် သက်တမ်းအတွင်း အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေ၏ **ကုမ္ပဏီများ မှတ်ပုံတင်ရာတွင် ပြည်သူများ၏ ငွေကြေးကို လိမ်လည်လှည့်ဖြား၍ အပိုင်စီးသွားနိုင်ဖွယ်ရှိသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများကို မူလကပင် မှတ်ပုံတင်ခွင့်မပေးသင့်ကြောင်းနှင့် ကုမ္ပဏီတည်ထောင်ပြီးနောက် ၎င်းကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုအား စစ်ဆေးကြည့်ရှုရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ကုမ္ပဏီမှတ်ပုံတင်ဌာနအနေဖြင့် ဥပဒေအရ လိုအပ်သည့်အချက်များ ပြည့်စုံမှုရှိ၊ မရှိကိုသာ စိစစ်နိုင်ပြီး ပြည့်စုံပါက ဥပဒေနှင့်အညီ မှတ်ပုံတင်ပေးပါကြောင်း၊ မမှန်မကန် လုပ်ဆောင်သူတစ်ဦးတစ်ယောက်ကြောင့် ကုမ္ပဏီများ မှတ်ပုံတင်ခြင်းကို စိစစ်ပြီးမှ ခွင့်ပြုပေးမည်ဆိုလျှင် အချိန်ကြန့်ကြာမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း။

အလွဲသုံးစားပြုလုပ်ကြောင်းနှင့် မသမာမှုများ ပြုလုပ်ကြောင်းပန်ကြားလာပါက ပြည်ထဲရေးဝန်ကြီးဌာန အနေဖြင့် စုံစမ်းစစ်ဆေးပြီး ပေါ်ပေါက်ချက်များအပေါ် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် နစ်နာသူများ အနေဖြင့်လည်း သက်ဆိုင်ရာ တရားရုံးများတွင် တရားစွဲဆိုဆောင်ရွက်နိုင်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးနိန်းခင်းပေါင်၏ **ချင်းတိုင်းရင်းသား တီးတိန်ချင်းလူမျိုးနွယ်စု (Zolai) စာပေဖြင့် သတင်းစာထုတ်ဝေခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက တိုင်းရင်းသား ဘာသာစကား ပုံနှိပ်ထုတ်ဝေနိုင်ရန်အတွက် ပုံနှိပ်စက် အနေအထားအရ အနည်းဆုံး (၄)မျက်နှာ ထုတ်ဝေရမည်ဖြစ်ပြီး စောင်ရေ (၁၅၀၀၀) အထက်ရှိရန် လိုအပ်ပါကြောင်း၊ လက်ရှိချင်းပြည်နယ်အတွင်း သတင်းစာဖြန့်ဝေမှုမှာ မြန်မာ့အလင်း(၉၄၂) စောင်နှင့် ကြေးမုံ (၁၈၇)စောင် စုစုပေါင်း (၁၁၂၉) စောင်သာရှိကြောင်း၊ ချင်းပြည်နယ်အတွင်း၌



သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်ကျော်ဝင်း။

(Zolai) စာပေဖြင့် သတင်းစာထုတ်ဝေပါက ပြည်နယ်အတွင်းရှိ ကျန်တိုင်းရင်းသားမျိုးနွယ်စုများကလည်း မိမိတို့နှင့်သက်ဆိုင်ရာ စာပေ၊ ဘာသာစကားများနှင့် သတင်းစာထုတ်ဝေပေးရန် တင်ပြမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ချင်းပြည်နယ်အတွင်း၌ ဘာသာစကားအမျိုးမျိုးဖြင့် သတင်းစာများစွာ ထုတ်ဝေရန် လိုအပ်မည်ဖြစ်ကြောင်း။

ထို့ပြင် (Zolai) စာပေတစ်မျိုးတည်းဖြင့် ထုတ်ဝေပါက အခြားချင်းတိုင်းရင်းသားများကို လျစ်လျူရှုသည့်သဘော သက်ရောက်နေပါသဖြင့် တိုင်းရင်းသားမျိုးနွယ်စုများအကြား စိတ်ဝမ်းကွဲမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ သို့ဖြစ်ပါ၍ (Zolai) တိုင်းရင်းသား ဘာသာစကားဖြင့် သတင်းစာထုတ်ဝေရန် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူပြီး အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**



ပြည်တွင်းရေးရာ

# မြန်မာ-တရုတ် နှစ်နိုင်ငံ ပိုမိုချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မေ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံခြားဆက်ဆံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. CHEN FENGXIANG ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်၊ ဒေါက်တာစန်းလွင်၊ ဦးတင်ငွေ၊ ဒေါက်တာပွင့်ဆန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ချစ်ခင်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာကဏ္ဍများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် နှစ်နိုင်ငံ ပိုမိုချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**





# နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မေ ၁၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက် ၉ နာရီခွဲတွင် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E.Mr. Mohd Haniff Abd Rahman အား ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Mohd Haniff Abd Rahman နှင့်အတူ စစ်သံမှူး Col. Mohd Yasin Bin Usop နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ရေး၊ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေး၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်ရေးကဏ္ဍများ၌ တပ်မတော်အချင်းချင်း ဆောင်ရွက်နိုင်သည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(မြဝတီ)**

❖ **မန္တလေးမှ**

မနေ့ကတည်းက ကျွန်တော်တို့ သန့်ရှင်းရေးလုပ်သားတွေမြို့ရဲ့ အဓိကစီးဆင်းနေတဲ့ ရွှေတချောင်းမြောင်းကို စက်အားလူအားနဲ့ ရှင်းလင်းခဲ့ပါတယ်။ တစ်ညလုံးလည်း မိုးကအဆက်မပြတ်ရွာတာကြောင့် ဒီမနက်မှာပဲ ရွှေတချောင်းမြောင်းလျှံတဲ့အတွက် ရပ်ကွက်တွေ ရေမဝင်ဖို့ လမ်းတွေရေမတင်ဖို့အတွက် သဲအိတ်တွေချ ပေးခဲ့ပါတယ်။ ဒါအပြင် မြို့တွင်းဖြတ်သန်းစီးဆင်းနေတဲ့ ရေနုတ်မြောင်းတွေကို ရေစီးရေလာကောင်းဖို့ မြောင်းဆယ်ဝန်ထမ်းတွေနဲ့ ဆယ်ယူလျက်ရှိသလို ရပ်ကွက် အလိုက် ရေနုတ်မြောင်းတွေကိုလည်း ဆယ်ယူရှင်းလင်းလျက်ရှိပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် (၂၃)လမ်း၊ (၈၃)နှင့်(၈၄)လမ်းကြားတွင်လည်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းမပေါ်တွင် ရေဖုံးလွှမ်းခဲ့ပြီး ဆိုင်ကယ်များ၊ ကားများသွားလာရန် အခက်အခဲဖြစ်ပေါ်လျက်ရှိကာ မန္တလေးဈေးချိုနှင့် နာရီစင်အနီးတစ်ဝိုက်တွင်လည်း ရေဖုံးလွှမ်းလျက်ရှိသည်။

“ကျွန်တော်တို့လမ်းမှာတော့ မိုးများတဲ့အတွက် ရေလျှံတာ တော်တော်များတယ်။ ရေစီးလဲ တအားသန်တယ်။ ဆိုင်ကယ်တွေဆို လဲတာတွေတောင်ရှိတယ်။ ရေတွေထဲမှာ ငါးတွေမျောပါလာတဲ့အတွက် အခုဆို လမ်းထဲမှာ ငါးဖမ်းတဲ့သူတွေနဲ့ အတော်စည်ကားနေပါတယ်”ဟု မန္တလေးဒေသခံ ကိုရှင်းခန့်က ပြောသည်။

မန္တလေးမြို့တွင် မေ ၁၆ ရက်က မိုးစတင်ရွာသွန်းခဲ့ပြီး မေ ၁၈ နှင့် ၁၉ ရက်များတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ပုသိမ်ကြီးမြို့နယ်အတွင်း ကျေးရွာများတွင် တောင်ကျချောင်းရေများ ဝင်ရောက်ခြင်း၊ တချို့ဒေသများတွင် သစ်ပင်များပြိုလဲခြင်းများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။




ထို့အပြင် ရာသီဥတုဆိုးရွားမှုကြောင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေယာဉ်ခရီးစဉ်အချို့ကိုလည်း ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တိုင်းထွာချက်အရ မန္တလေးမြို့တွင် ယခု မိုးရွာသွန်းမှုမှာ မိုးရေချိန်လက်မ ၄ ဒသမ ၀၅ လက်မရှိသည်ဟု သိရပြီး နောက်နှစ်ရက်တွင်လည်း မိုးဆက်လက် ထစ်ချုန်းရွာမည်ဟု ခန့်မှန်းထားကြောင်းသိရသည်။ **(အောင်ရဲသွင်)**

**မန္တလေးမြို့၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းမပေါ်တွင် ရေဖုံးလွှမ်းနေသည်ကို တွေ့ရစဉ်။**

**ဓာတ်ပုံ-တင်မောင်(မန္တလေး)**

# မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၊ တောင်အာရှနှင့် အိန္ဒိယမြစ်ဝှမ်း၊ ဟိမဝန္တာဒေသတို့၏ လမ်းဆုံတွင်တည်ရှိ သဘာဝ၊ ယဉ်ကျေးမှုနှင့် သမိုင်းဝင်ခရီးသွားလုပ်ငန်းဆိုင်ရာ အလှတရားများပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်

**နေပြည်တော် မေ ၁၉**

အပြည်ပြည်ဆိုင်ရာ သဘာဝအခြေခံခရီးသွားလုပ်ငန်းကွန်ဖရင့်ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနား၌ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ခရီးသွားလုပ်ငန်းသည် ကမ္ဘာတွင်သာမက မြန်မာနိုင်ငံတွင် အကြီးမားဆုံးသော ဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်တစ်ခုဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးအနေဖြင့် ခရီးသွားဦးရေ နှစ်စဉ်သန်းတစ်ထောင်ကျော်ရှိပြီး ခရီးသွားလုပ်ငန်းနယ်ပယ်နှင့် ဆက်စပ်နယ်ပယ်များအတွင်းရှိ အလွှာစုံမှ လူပုဂ္ဂိုလ်များအတွက် သန်းထောင်ချီသော အခွင့်အလမ်းများ ဖန်တီးပေးနေသည့် အရေးပါသောစီးပွားရေးကဏ္ဍတစ်ရပ်လည်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၊ တောင်အာရှနှင့် အိန္ဒိယမြစ်ဝှမ်း၊ ဟိမဝန္တာဒေသတို့၏ လမ်းဆုံတွင်တည်ရှိပြီး ကြွယ်ဝ၍ မတူကွဲပြားသောသဘာဝ၊ ယဉ်ကျေးမှုနှင့်သမိုင်းဝင်ခရီးသွားလုပ်ငန်းဆိုင်ရာ အလှတရားများပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်ပါကြောင်း၊ အဆိုပါ အလှတရားများက မြန်မာနိုင်ငံအား ကမ္ဘာ့အလယ်တွင် ဆွဲဆောင်မှုရှိသည့် ခရီးစဉ်ဒေသတစ်ခုအဖြစ် ထင်ရှားလာစေခဲ့ပြီး ရလဒ်အနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် နိုင်ငံခြားဝင်ငွေရသည့် အလုပ်အကိုင်အခွင့်အလမ်းများ သိသာစွာတိုးတက်မြင့်မားလာခဲ့ပါကြောင်း။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍကို ပြန်ကြည့်ပါက ၂၀၁၃ ခုနှစ်တွင် နိုင်ငံတကာခရီးသွား ၂ ဒသမ ၀၄ သန်း ဝင်ရောက်မှုရှိခဲ့ပြီး တိုးတက်မှု ၉၃ ဒသမ ၀၄ ရာခိုင်နှုန်းရှိခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၀၈ သန်း ဝင်ရောက်ခဲ့ပြီး တိုးတက်မှု ၅၁ ရာခိုင်နှုန်းရှိခဲ့ပါကြောင်း၊ ယခုနှစ်၏ ပထမသုံးလအတွင်းတွင် ကမ္ဘာလှည့်ခရီးသည် ၉၀၉၅၁၀ ဦး ဝင်ရောက်ခဲ့ပါကြောင်း။

ခရီးသွားလုပ်ငန်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်သကဲ့သို့ အိမ်ရှင်နိုင်ငံ၏ ယဉ်ကျေးမှု၊ သဘာဝပတ်ဝန်းကျင်နှင့်လူမှုစီးပွားအခြေအနေများအပေါ် ဆိုးကျိုးသက်ရောက်မှုများလည်း ရှိနိုင်ပါကြောင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်သိခရီးသွားလုပ်ငန်းမူဝါဒနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းပင်မစီမံကိန်းကို ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်ရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံသည် နှင်းဖုံးတောင်တန်းများနှင့်နက်ရှိုင်းလှသည့် အရှေ့ပိုင်းဟိမဝန္တာတောင်စဉ်တောင်တန်းများမှသည် အဏ္ဏဝါဇီဝမျိုးကွဲများ ရှင်သန်ကျက်စားလျက်ရှိသည့် တောင်ပိုင်းမြိတ်ကျွန်းစုအထိ ကြွယ်ဝလှစွာသော ဂေဟစနစ်ကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ အခြားနိုင်ငံများနှင့်မတူခြားနားသည့် ဂေဟစနစ်ကို ပြည်တွင်းပြည်ပခရီးသွားများအား ပြသနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အစိတ်အပိုင်းတစ်ရပ်လည်းဖြစ်ပါကြောင်း။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့သည် မြန်မာနိုင်ငံ သဘာဝအခြေခံခရီးသွားလုပ်ငန်းမူဝါဒနှင့် စီမံခန့်ခွဲမှုမဟာဗျူဟာ ရေးဆွဲရေးလုပ်ငန်းကို အတူတကွပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်တန်းဒေသဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတကာဗဟိုဌာန (ICIMOD) နှင့် ပူးပေါင်းဆောင်ရွက်မှု၊ ဥရောပသမဂ္ဂနှင့် မဟာမဲခေါင်ဒေသခွဲ သဘာဝပတ်ဝန်းကျင်ဗဟိုပြုအစီအစဉ်တို့၏ အထောက်အပံ့တို့ဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းပင်မစီမံကိန်း၏ အဓိကဦးတည်ချက်တစ်ရပ်အဖြစ် မူဝါဒနှင့် မဟာဗျူဟာကို ပြင်ဆင်ထားပြီးဖြစ်ပါကြောင်း၊ ၎င်းမူဝါဒနှင့်မဟာဗျူဟာသည် သဘာဝအခြေခံခရီးစဉ်ဒေသအဖြစ် သတ်မှတ်ထားသော မြန်မာနိုင်ငံအတွင်းရှိ ထိန်းသိမ်းမှုဧရိယာ ၂၂ ခု၏ ဇီဝမျိုးကွဲများ၊ ပထဝီဝင်အနေအထားနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအပေါ် သုံးသပ်ချက်များကို အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါကြောင်း။

တစ်မူထူးခြားသော မြန်မာ့ဂေဟစနစ်များကို ကာကွယ်ထိန်းသိမ်းနိုင်မည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းမူဝါဒများ၊ စီးပွားရေးလုပ်ငန်းပုံစံများနှင့် စီမံခန့်ခွဲမှုဆိုင်ရာချဉ်းကပ်မှုများကို အကောင်အထည်ဖော်ဆောင်ရာတွင် သဘာဝအရင်းအမြစ်များအား အလွန်အကျွံသုံးစွဲမှုများ မဖြစ်ပေါ်စေရန်နှင့် ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ အကျိုးကျေးဇူးများကို ဖြန့်ဝေနိုင်ရန်တို့အတွက် တာဝန်သိစီးပွားရေးလုပ်ငန်းပုံစံများကို မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ဤကွန်ဖရင့်က တက်ရောက်လာကြသည့် ကိုယ်စားလှယ်များနှင့်ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်းမှ ပုဂ္ဂိုလ်များအားလုံးကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်းသည့် အသိပညာများ၊ သဘောတရားများ၊ နည်းပညာများနှင့် အတွေ့အကြုံများ၊ နောက်ဆုံးအခြေအနေများကို မျှဝေနိုင်ရန် ကြီးမားသောအခွင့်အလမ်းများ ပေးစွမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။




**ဒုတိယသမ္မတ ဦးညဏ်ထွန်း အပြည်ပြည်ဆိုင်ရာ သဘာဝအခြေခံခရီးသွားလုပ်ငန်းကွန်ဖရင့် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**

ထို့နောက် တောင်တန်းဒေသဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတကာဗဟိုဌာနမှ ဒေသဆိုင်ရာအစီအစဉ်မန်နေဂျာ ဒေါက်တာ Dhrupad Choudhuryနှင့် အာရှ-ပစိဖိတ်ခရီးသွားလုပ်ငန်းအဖွဲ့မှ အမှုဆောင်အရာရှိချုပ် Mr. Mario Hardy တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် တောင်တန်းဒေသဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတကာဗဟိုဌာနမှ ဒေသဆိုင်ရာအစီအစဉ်မန်နေဂျာ ဒေါက်တာ Dhrupad Choudhury က မြန်မာနိုင်ငံသဘာဝအခြေခံခရီးသွားလုပ်ငန်းမူဝါဒနှင့် စီမံခန့်ခွဲမှုမဟာဗျူဟာထုတ်ပြန်ချက်စာအုပ်ကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဦးဌေးအောင်ထံ ပေးအပ်ခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများသည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့မှပြသထားသည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဓာတ်ပုံများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းထားရှိမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများနှင့် ညစာအတူတကွသုံးဆောင်ကြသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ✱ နှစ်နိုင်ငံမှ

အိမ်နီးချင်းနှစ်နိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်း၌ အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မည့် Mega Joint Famaliarization Trip ကို ၂၀၁၅ ခုနှစ် မေ ၁၄ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ဂျာမနီ၊ ယူကေ၊ ပြင်သစ်၊ အီတလီ၊ ယူအေအီး၊ အစ္စရေး၊ ယူအက်စ်၊ ကနေဒါ၊ စကင်ဒီနေဗီးယားအပါအဝင် ဥရောပနိုင်ငံများမှ တိုးအော်ပရေတာနှင့် မီဒီယာ ၅၀ ကျော်လာရောက်ကြမည်ဖြစ်သည်။ အဆိုပါ နိုင်ငံခြားသားများအနေဖြင့် မြန်မာနှင့်ထိုင်းနိုင်ငံတို့၌ ရှိသော ထူးခြားသည့်ဝန်ဆောင်မှုနှင့် ထုတ်ကုန်များကို ကိုယ်တွေ့ခံစားကြည့်ရှုကြရမည်ဖြစ်သည်။

ထိုင်းနိုင်ငံ ဟိုတယ်နှင့်အားကစားဝန်ကြီး ဝပ်တနာဗရန်ကူက အာဆီယံဒေသရှိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုလိုခရီးစဉ်ကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ကမ္ဘာလှည့်များမရောက်ဖူး၊ မခံစားဖူးသည့်ဒေသများ အာဆီယံနိုင်ငံများတွင်ရှိနေကြောင်း၊ ထို့ကြောင့် လှပပြီးသဘာဝအတိုင်းရှိနေသည့် လည်ပတ်စရာနေရာများကို ကမ္ဘာလှည့်များရောက်ရှိအောင် ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းခရီးစဉ်ဖွင့်ပွဲတွင် ထုတ်ကုန်ဆိုင်ရာသတင်းစာရှင်းလင်းပွဲနှင့် ကြိုဆိုဧည့်ခံရေးအခမ်းအနားကို မေ ၁၄ ရက်က ချင်းမိုင်၌ ကျင်းပခဲ့သည်။ ထို့နောက် မေ ၁၅ ရက်မှ ၂၁ ရက်အထိ မန္တလေး၊ ပုဂံ၊ နေပြည်တော်၊ ဗန်ကောက်အပါအဝင် မြန်မာနှင့်ထိုင်းနိုင်ငံရှိ ကမ္ဘာလှည့်များ အဓိကသွားသည့်နေရာများအတွက် ခရီးစဉ်များကို မိတ်ဆက်ပေးခဲ့သည်။

ထိုင်းခရီးသွားအာဏာပိုင်အနေဖြင့် ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ နေပြည်တော်သို့ရောက်ရှိနိုင်သော ထိုင်း- မြန်မာချိတ်ဆက်မှု၊ အန်ကောဝပ်သို့ ရောက်ရှိနိုင်သော ထိုင်း-ကမ္ဘောဒီးယားချိတ်ဆက်မှုနှင့် လောင်ပရာဘန်သို့ ရောက်ရှိနိုင်သော ထိုင်း-လာအိုချိတ်ဆက်မှုတို့ကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

**(ကျော်သဲအိမ်)**

## ○ ပင်လယ်တွင်းမှ

ရှာမီတာနီရွာ၊ ရာရှိတ်မြို့၊ မိုဟာမတ်ရီဘဲရှော်ဒါ (ဘ) မိုဟာမတ်ဆာဒါရန် (၁၉)နှစ်၊ ဗယ်ကာလီရွာ၊ ခိုန်လန်မြို့။ မိုဟာမတ်ရှော်ရှိန်မော်ရိန် (ဘ) မိုဟာမတ်ဆာဒါရန် (၁၉) နှစ်၊ ဗယ်ကာလီရွာ၊ ရာရှိန်းမြို့။ လာဒူလ် (ဘ) အဒူလာလီ (၃၀)နှစ်၊ မိုလာန်ပူရွာ၊ ဒါကာမြို့နှင့် မိုဟာမတ်မော်ဇွန်ဘီရှာ(ဘ) မော်ရှော်ဂီရီလီလန် (၁၇)နှစ်၊ နော်ဂေါဟာလီရွာ၊ ခိုန်လန်မြို့တွင် နေထိုင်သူများဖြစ်ကြသည်။

၎င်းတို့၏ ထွက်ဆိုချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ဘဇားမြို့ဆိပ်ကမ်းမှ မလေးရှားနိုင်ငံသို့ ထွက်ခွာမည့် ပင်လယ်ပြင်ရှိ သင်္ဘောပေါ်သို့ စက်လှေဖြင့် တစ်ဦးချင်းစီ သွားရောက်ခဲ့ကြကြောင်း၊ ၎င်းသင်္ဘောပေါ်၌ မလေးရှားနိုင်ငံသို့ ထွက်ခွာရန်စောင့်ဆိုင်းနေစဉ် မလေးရှားနိုင်ငံသို့ ပို့ဆောင်ရန်အဆင်မပြေတော့သဖြင့် နေရပ်ပြန်ပို့မည်ဟု ပြောဆိုကာ မေ ၁၅ ည ၈ နာရီခန့်တွင် သင်္ဘောပေါ်မှ စက်လှေဖြင့် ပို့ဆောင်ခဲ့ကြောင်း၊ ၎င်းစက်လှေသည် အလယ်သံကျော် ချောင်းဝအနီး ပင်လယ်ရေအနက် (၇) ပေခန့်သို့ ရောက်ရှိစဉ် ခုန်ဆင်းခိုင်းရာမှ ရေမျောကမ်းတင်ပြီး ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း စိစစ်သိရှိရသည်။

နယ်မြေခံရဲတပ်ဖွဲ့သည် မြင်းလွှတ်ကျေးရွာအုပ်ချုပ်ရေးတာဝန်ခံ နော်ဇီရာမောက်အဖွဲ့နှင့်အတူ ၎င်းဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား မောင်တောခရိုင်လဝကထံသို့ ပို့ဆောင်လွှဲပြောင်းပေးခဲ့ရာ မောင်တောခရိုင်လဝကမှ တာဝန်ရှိသူများအနေဖြင့် လိုအပ်သောစိစစ်မှုများ ထပ်မံပြုလုပ်ပြီး ၎င်းတို့အား မေ ၁၇ ရက် ညနေ ၄ နာရီခွဲခန့်တွင် မောင်တောမြို့နယ် မြင်းလွှတ်ချောင်းပေါက်ဝမှ မြင်းလွှတ်(အနောက်)ရွာနေ ရော်ဟီးမူလာ မောင်းနှင်သော ငါးဖမ်းစက်လှေဖြင့် ၎င်းတို့လာရောက်ခဲ့သည့် လမ်းကြောင်းအတိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# တယ်လီဖုန်းပြောဆိုသည့် ဝန်ဆောင်မှုအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ခြင်း

**ခွန်မင်းကျော်**

**၂၀၁၅ ခုနှစ် မေ ၁၉ ရက်တွင် ထုတ်ဝေသည့် မြန်မာ့အလင်းသတင်းစာတွင် "ဖုန်းသုံးစွဲသူပြည်သူများ ဇွန်လ ၁ ရက်နေ့မှစ၍ ငါးရာခိုင်နှုန်း အခွန်ပေးဆောင်ရတော့မည်" ဟူသည့် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကြေးမုံသတင်းစာတွင် "ဆင်းကတ်နှင့် ဖုန်းငွေဖြည့်ခြင်းများကို ဇွန်လ ၁ ရက်နေ့မှစ၍ အခွန်ကောက်ခံသွားမည်" ဟူသည့် ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဖော်ပြထားသည့် သတင်းလေးများကို ဖတ်ရှုလိုက်ရပါသည်။**

သတင်းမှာ တယ်လီဖုန်းသုံးစွဲသူများအား ဖုန်းပြောဆိုနိုင်သည့် ဝန်ဆောင်မှုကို ရယူမှုအတွက် ကျသင့်မည့် ကုန်သွယ်လုပ်ငန်းခွန် ၅ရာခိုင်နှုန်းကို ဇွန် ၁ ရက်မှစ၍ ကောက်ခံမည်ဟူသည့် သတင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် တယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ လျင်မြန်စွာ တိုးချဲ့လာသည်နှင့်အမျှ တယ်လီဖုန်းသုံးစွဲသူ ဦးရေမှာလည်း ၁ နှစ်ကျော် ၂ နှစ်အတွင်း မြို့ပြသာမက ကျေးလက်ပါ တစ်နေ့တခြား တိုးပွားလာလျက်ရှိပါသည်။ တယ်လီဖုန်းသုံးစွဲသူများ ရှင်းလင်းစွာ သိရှိနားလည်သဘောပေါက်စေရန်အတွက် တယ်လီဖုန်းပြောဆိုသည့် ဝန်ဆောင်မှုအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းနှင့်ပတ်သက်၍ အခွန်ဆိုင်ရာတာဝန်ရှိသူများထံမှ လေ့လာစူးစမ်းသိရှိရသမျှကို ပကတိအတိုင်း ထပ်ဆင့်တင်ပြလိုက်ရပါသည်။

**မြန်မာနိုင်ငံတွင် ကောက်ခံလျက်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်မှာ သွယ်ဝိုက်ခွန် (Indirect Tax) အမျိုးအစားဖြစ်ပြီး အခြားနိုင်ငံများတွင် ကျင့်သုံးလျက်ရှိသည့် ကုန်စည်နှင့်ဝန်ဆောင်မှုအခွန် (Goods and Services Tax)၊ တန်ဖိုးဖြည့်အခွန် (Value Added Tax)တို့နှင့် အခွန်ကောက်ခံမှုပုံစံတူသည့် အခွန်အမျိုးအစားဖြစ်ပါသည်။**

သွယ်ဝိုက်ခွန်အဖြစ် "ကုန်သွယ်လုပ်ငန်းခွန်" ကို ယခင်က သီးခြားဥပဒေပြဋ္ဌာန်းကောက်ခံခြင်းမရှိဘဲ ကုန်သွယ်လုပ်ငန်းခွန်သဘောသက်ရောက်သည့် ၁၉၁၇ ခုနှစ် ဆားခွန်အက်ဥပဒေ၊ ၁၉၁၇ ခုနှစ် ယစ်မျိုးခွန်အက်ဥပဒေ၊ ၁၉၃၁ ခုနှစ် စီးကရက်ခွန် အက်ဥပဒေ၊ ၁၉၃၄ ခုနှစ် မီးခြစ်ခွန် အက်ဥပဒေ၊ ၁၉၁၇ ခုနှစ် မော်တော်ဓာတ်ဆီခွန် အက်ဥပဒေ၊ ၁၉၅၂ ခုနှစ် ရောင်းခွန် အက်ဥပဒေ၊ ၁၉၄၉ ခုနှစ် ဟိုတယ်နှင့် ပျော်ပွဲစားရုံခွန် အက်ဥပဒေ၊ ၁၉၅၆ ခုနှစ် ရောင်းဝယ်လုပ်ကိုင်မှု ဥပစာခွန် အက်ဥပဒေ အစရှိသည့် ဥပဒေများနှင့်သွယ်ဝိုက်ခွန်ကို ကောက်ခံခဲ့ပါသည်။

ထို့နောက် ၁၉၇၆ ခုနှစ် ကုန်စည်နှင့် ဝန်ဆောင်မှုခွန် ဥပဒေဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ကုန်ထုတ်သမဝါယမအသင်းများ၏ ကုန်စည်ထုတ်လုပ်ရောင်းချမှုအပေါ် ကုန်စည်နှင့်ဝန်ဆောင်မှုခွန်ကို ကောက်ခံခဲ့ပါသည်။

နိုင်ငံတော်အနေဖြင့် ပြောင်းလဲကျင့်သုံးခဲ့သော ဈေးကွက်ကို အခြေခံသည့် စီးပွားရေးစနစ် (Market Oriented Economy) နှင့်အညီ ၁၉၇၆ ခုနှစ်၊ ကုန်စည်နှင့်ဝန်ဆောင်မှုခွန် ဥပဒေအစား နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင် စသည့် ကဏ္ဍသုံးရပ်လုံးအပေါ် အကျိုးသက်ရောက်စေသည့် ၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေကို ပြဋ္ဌာန်းပြီး ဖော်ပြပါဥပဒေများကို ရုပ်သိမ်းခဲ့ပါသည်။ ကုန်သွယ်လုပ်ငန်းခွန်ကို ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့်အညီ ၁၉၉၀-၁၉၉၁ ဘဏ္ဍာရေးနှစ်မှ စတင်ကောက်ခံခဲ့ခြင်း ဖြစ်ပါသည်။

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသော ကုန်ပစ္စည်းများဖြစ်ပါက "ရောင်းရငွေ" ပေါ်တွင်လည်းကောင်း၊ ပြည်ပမှ ကုန်စည်တင်သွင်းခြင်းဖြစ်ပါက "ကုန်းပေါ်ရောက်တန်ဖိုး" ပေါ်တွင်လည်းကောင်း၊ ပြည်တွင်း၌ဆောင်ရွက်သည့် ဝန်ဆောင်မှုများဖြစ်ပါက "ဝန်ဆောင်မှုရငွေ" ပေါ်တွင်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ကောက်ခံပါသည်။ ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကိုထုတ်လုပ်ရောင်းချမှု၊ ဝယ်ယူရောင်းချမှုတို့အတွက်သာ ကောက်ခံသည့် အခွန်အမျိုးအစား မဟုတ်ပါ။ ထို့အတူ ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ်**

ကုန် သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကို ထုတ်လုပ်ရောင်းချမှု၊ ဝယ်ယူရောင်းချမှုတို့အတွက်သာ ကောက်ခံသည့် အခွန်အမျိုးအစား မဟုတ်ပါ။ ထို့အတူ ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် ဝင်ငွေခွန်ကဲ့သို့သော တိုက်ရိုက်ခွန်အမျိုး အစားလည်း မဟုတ်ပါ။ ကုန်စည်တန်ဖိုး၊ ဝန်ဆောင်မှုတန်ဖိုးနှင့်အတူ သွယ်ဝိုက်ခွန် ပေးဆောင်ရခြင်းဖြစ်

**ကောက်ခံသည့် ဝင်ငွေခွန်ကဲ့သို့သော တိုက်ရိုက်ခွန်အမျိုးအစားလည်း မဟုတ်ပါ။ကုန်စည်တန်ဖိုး၊ ဝန်ဆောင်မှုတန်ဖိုးနှင့်အတူ သွယ်ဝိုက်ခွန်ပေးဆောင်ရခြင်းဖြစ်ပါသည်။**

ကုန်သွယ်လုပ်ငန်းခွန်သည် သွယ်ဝိုက်ခွန်အမျိုးအစားဖြစ်သဖြင့် ဝန်ဆောင်မှုဆောင်ရွက်သူသည် ကျသင့်သော ကုန်သွယ်လုပ်ငန်းခွန်ကို ဝန်ဆောင်မှုရယူသူထံမှ ဝန်ဆောင်မှု ကျသင့်ငွေနှင့်အတူ တစ်ပါတည်းကောက်ခံပြီး နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရမည်ဖြစ်ပါသည်။ ဝန်ဆောင်မှုကို ရယူသူမည်သူမဆို ဝန်ဆောင်မှုတန်ဖိုးအလိုက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို ဥပဒေနှင့်အညီ ထမ်းဆောင်ရမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် တိုက်ရိုက်ခွန်ထက် သွယ်ဝိုက်ခွန်ကို အလေးထားကောက်ခံကြသည့်နည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း အခွန်အခြေခံကျယ်ကျယ်ပြန့်ပြန့်ကောက်ခံနိုင်သည့် ကုန်သွယ်လုပ်ငန်းခွန်ကို အလေးထားကောက်ခံလျက်ရှိပါသည်။

၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၇ အဖြစ် ထုတ်ပြန်ပြဋ္ဌာန်းပေးခဲ့သော ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(စ) တွင် ဖော်ပြထားသည့် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ဝန်ဆောင်မှု ၂၃ မျိုးမှအပ ကျန်ဝန်ဆောင်မှုလုပ်ငန်းများအားလုံးမှ ဝန်ဆောင်မှုရငွေအပေါ် ပုဒ်မခွဲ(ဆ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကောက်ခံပေးဆောင်ရမည်ဖြစ်ပါသည်။

**ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံရမည့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းသည်လည်း အပါအဝင်ဖြစ်ပါသည်။ သို့ဖြစ်ရာ ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုဖြစ်သည့် တယ်လီဖုန်းပြောဆိုခအတွက် ကြိုတင်ငွေဖြည့်ကတ် (Prepaid Card) ရောင်းချခြင်းနှင့် လစဉ်တယ်လီဖုန်းပြောဆိုခ ကောက်ခံခြင်း စသည့်ဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကို ဝန်ဆောင်မှုပေးသူများက ဝန်ဆောင်မှုရယူသူထံမှ တစ်ပါတည်းကောက်ခံ၍ နိုင်ငံတော်သို့ ပေးဆောင်ရမည်ဖြစ်သည်။**

နိုင်ငံတကာတွင်လည်း နိုင်ငံအလိုက် သတ်မှတ်ပြဋ္ဌာန်းထားသော အခွန်နှုန်းထားဖြင့် တယ်လီဖုန်းပြောဆိုမှုအတွက် ဝန်ဆောင်မှုရငွေအပေါ်တွင် တန်ဖိုးဖြည့်အခွန် ကောက်ခံကြပါသည်။ သို့ရာတွင် မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ဂျပန်နိုင်ငံမှ KDDI ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသကဲ့သို့ အခြားအော်ပရေတာများဖြစ်သော Telenor Myanmar Limited နှင့် Ooredoo Myanmar Limited တို့နှင့်အတူ တစ်နိုင်ငံလုံးတွင် ဆက်သွယ်ရေးကွန်ရက်များ ဖြန့်ကြက်ပြီး ဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာမှုနှင့်အတူ နိုင်ငံသားများအားလုံး သက်သာသောနှုန်းထားဖြင့် အဆင်ပြေစွာ သုံးစွဲနိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်း မပြုခဲ့ပါ။ ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်မှ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သည့် ကုမ္ပဏီများအား စတင်ကောက်ခံခြင်းဖြစ်ပါသည်။

**အိမ်နီးချင်းနိုင်ငံများတွင် တယ်လီဖုန်းဝန်ဆောင်မှုအပေါ် ကောက်ခံသည့်အခွန်နှုန်းများကို လေ့လာပါက ကမ္ဘောဒီးယားနိုင်ငံတွင် ၁၀ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ၁၀ ရာခိုင်နှုန်း၊ လာအိုနိုင်ငံတွင် ၁၀ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ၆ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၁၂ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၇ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် ၁၀ ရာခိုင်နှုန်း အသီးသီးကောက်ခံကြကြောင်း တွေ့ရှိရပါသည်။**

လက်ရှိ မြန်မာနိုင်ငံအနေဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုအပေါ် ကောက်ခံသည့် အခွန်နှုန်းမှာ ၅ ရာခိုင်နှုန်းသာဖြစ်ရာ အခြားနိုင်ငံများထက် လျော့နည်းသတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။ ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် ပြည်သူတို့ နေစဉ်စားသုံး သုံးစွဲနေရသည့် အခြေခံစားသုံးကုန်များအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်း မပြုရန် ပြဋ္ဌာန်းထားပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနက နိုင်ငံတော်အတွက် တာဝန်ယူကောက်ခံပေးသော အခွန် လေးမျိုးရှိပါသည်။ ယင်းတို့မှာ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေသိန်းဆုခွန်တို့ဖြစ်ပါသည်။ နိုင်ငံတော်၏ စုစုပေါင်းအခွန်အကောက်ရငွေများ၏ ၇၀ ရာခိုင်နှုန်းခန့်ကို ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံပေးနေရခြင်းဖြစ်ပါသည်။ ယင်းရငွေများသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ အားလုံးဝင်ရောက်သွားပြီး ပြည်ထောင်စုအစိုးရက ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ ပြည်သူလူထုအတွက် သုံးစွဲသောအသုံးစရိတ်များအဖြစ် ပြန်လည်သုံးစွဲရခြင်းဖြစ်ပါသည်။ နိုင်ငံတော်၏ နှစ်စဉ်ဘတ်ဂျက်အနေအထားကို လေ့လာပါက သုံးငွေက ရငွေထက်များသဖြင့် လိုငွေပြခြင်း၊ အခွန်အကောက်ရငွေနှင့် ဂျီဒီပီအချိုးမှာ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နိမ့်ကျနေသေးခြင်းတို့ကို လေ့လာတွေ့ရှိရမည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် အခွန်ဆိုင်ရာမူဝါဒများ ချမှတ်ရာတွင် နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေရရှိရေးအတွက် ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝရရှိရေး တစ်ခုတည်းအတွက်ကိုသာ ဦးတည်ဆောင်ရွက်ခြင်းမပြုဘဲ ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်သော အခွန်စနစ်ဖြစ်ပေါ်စေရန်၊ ပြည်တွင်းစားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးနိုင်ရန်၊ စီးပွားရေးနှင့် လူမှုရေးရည်မှန်းချက်များကို အထောက်အကူဖြစ်စေရန် ဆိုသည့် ရည်မှန်းချက်များကိုပါထားရှိ၍ ဆောင်ရွက်လျက် ရှိပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သော အခွန်အခများကို ပြည့်ဝစွာရရှိစေရန် နှစ်စဉ်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ တွင်လည်း "နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်" ဟု ပြဋ္ဌာန်းထားပါသည်။

**သို့ဖြစ်ပါ၍ တယ်လီဖုန်းသုံးစွဲကြသူ မိဘပြည်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့နှင့်အညီ တာဝန်သိပြည်သူများအဖြစ် ကျသင့်မည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပေးဆောင်ကြခြင်းဖြင့် နိုင်ငံတော်၏ ရသင့်ရထိုက်သည့် အခွန်အကောက်ရငွေများ အပြည့်အဝရရှိရေးကို ဝိုင်းဝန်းပူးပေါင်းကူညီသင့်ပါကြောင်း တိုက်တွန်းနှိုးဆော် တင်ပြလိုက်ရပါသည်။** ॥

# မြန်မာယူ-၂၃ အသင်း ထိုင်းကို ရှုံးနိမ့်

**ဗန်ကောက် မေ ၁၉**

ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၂၃ အသင်းနှင့် ထိုင်းယူ-၂၃ အသင်းတို့သည် ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ရာဇမင်္ဂလာကွင်းတွင် ခြေစမ်းကစားသည်။

**ထိုင်းယူ-၂၃ - လေးဂိုး၊**
**မြန်မာယူ-၂၃ - ဂိုးမရှိ**

ပထမပိုင်း၌ သရေကစားနိုင်ခဲ့သည့် မြန်မာအသင်းမှာ ဒုတိယပိုင်းတွင် ပင်နယ်တီတစ်ကြိမ် ပေးရပြီး တစ်ယောက်အထုတ်ခံရခြင်းကြောင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ကိုင်တီဆတ်ကိုင်တွယ်နေသည့် ၂၀၁၃ ဆီးဂိမ်းချန်ပီယံ ထိုင်းအသင်းမှာ ခြေအသာဖြင့် ကစားသွားခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၂၃ အသင်းမှာ ကျော်ဇင်ဖြိုး(ဂိုး)၊ ဟိန်းသီဟဇော်၊ ဖြိုးကိုကိုသိန်း၊ ဝင်းဇင်ဦး၊ ရဲဝင်းအောင်၊ ရဲကိုဦး၊ ချစ်စုမိုး၊ နေလင်းထွန်း၊ စည်သူအောင်၊ ရှိုင်းသူရ၊ ကောင်းဆက်နိုင်တို့ဖြင့် ပွဲထွက်လာခဲ့ပြီး ထိုင်းအသင်းကို ရင်ဆိုင်ခဲ့ရသည်။ အိမ်ရှင် ထိုင်းအသင်းမှာ ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး အမြန်နှုန်းဖြင့် ထိုးဖောက်မှုများကို မြန်မာခံစစ်ပိုင်း မနည်းထိန်းခဲ့ရသည်။ ပထမပိုင်းတွင် ထိုင်းအသင်းအပိုင်ကန်သွင်းခွင့် နှစ်ကြိမ်ရရှိခဲ့သော်လည်း အသုံးမချနိုင်သလို ပထမပိုင်းပြီးခါနီး၌ ရဲဝင်းအောင်၏ အပိုင်ခေါင်းတိုက်ချက်မှာလည်း လွဲချော်ခဲ့၍ ပထမပိုင်း၌ ဂိုးမရှိသရေကျနေသည်။

ဒုတိယပိုင်းတွင် ထိုင်းအသင်းက ဂိုးရရှိရေး တိုက်စစ်အားမြှင့်လာသလို ၆၈ မိနစ်၌ မြန်မာအသင်းကွင်းလယ်လူ ချစ်စုမိုးအထုတ်ခံခဲ့ရ၍ တစ်ယောက်လျော့ပြီး လေးဂိုးအထိ ပေးခဲ့ရခြင်းဖြစ်သည်။ ထိုင်းအသင်းအတွက် ဂိုးများကို ၅၀၊ ၅၉၊ ၇၄၊ ၈၉ မိနစ်များတွင် သွင်းယူခဲ့ခြင်းဖြစ်သည်။

(ချစ်ကိုကို)



# ရေကြောင်းနှင့် လေကြောင်းလူငယ်သင်တန်းသားများ လေ့လာရေးနှင့် ပြိုင်ပွဲများယှဉ်ပြိုင်ရန် ရန်ကုန်မြို့သို့ ထွက်ခွာ

**မြိတ် မေ ၁၉**

နွေရာသီကျောင်းပိတ်ရက်များအတွင်း အချိန်ကို တန်ဖိုးရှိစွာ အသုံးချနိုင်ရန်နှင့် အနာဂတ်နိုင်ငံတော်၏ အကျိုးစီးပွားဖြစ်သည့် ပင်လယ်ပြင်၏အနာဂတ်ကို ထုဆစ်ပုံဖော်မည့် မျိုးဆက်သစ်လူငယ်မောင်မယ်များကို ရေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများ တိုးပွားလာစေရန်နှင့် လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများတိုးပွားလာစေရန် ရည်ရွယ်၍ဖွင့်လှစ်လျက်ရှိသောရေကြောင်းနှင့် လေကြောင်းလူငယ်သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသားများသည် ဒေသန္တရဗဟုသုတရရှိစေရန် လေ့လာရေးခရီးစဉ်နှင့် ပြိုင်ပွဲများယှဉ်ပြိုင်ရန်အတွက် မေ ၁၇ ရက် နံနက် ၉ နာရီတွင် တပ်မတော်လေယာဉ်ဖြင့် မြိတ်မြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာသွားကြကြောင်း သိရသည်။

အဆိုပါခရီးစဉ်တွင် ရေကြောင်း လူငယ်တန်းမြင့်နှင့် အခြေခံသင်တန်း၊ မြိတ်မြို့နှင့် ကျွန်းစုမြို့ရှိ သင်တန်းသားများနှင့် အုပ်ချုပ်သူနည်းပြများ၊ လေကြောင်းလူငယ်သင်တန်းမြိတ်မှ သင်တန်းသားများ၊ အုပ်ချုပ်သူနည်းပြများနှင့် တာဝန်ရှိသူများက ရန်ကုန်မြို့သို့ လေ့လာရေးခရီးစဉ်နှင့် ပြိုင်ပွဲများယှဉ်ပြိုင်ရန် သွားရောက်ခြင်းဖြစ်သည်။

ရေကြောင်းလူငယ်သင်တန်းသားများအနေဖြင့် နိုင်ငံတစ်ဝန်းတွင် ဖွင့်လှစ်လျက်ရှိသော သင်တန်းများတွင် တက်ရောက်နေသည့် သင်တန်းသားများနှင့် ပြိုင်ပွဲများ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အခြေခံစစ်ရေးပြ၊ လှေလှော်နှင့် ရေတပ်အချက်ပြ ဆက်သွယ်ရေးပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရ သည်။ ခရီးစဉ်တွင် ရေကြောင်းနှင့် လေကြောင်းလူငယ်သင်တန်း သင်တန်းသားများအား ဒေသန္တရဗဟုသုတရရှိ စေရန် လေ့လာရေးခရီးစဉ်များ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး (ခရိုင်ပြန်/ဆက်)**




# သပြေတန်းခံတပ်ကိုလေ့လာစရာတစ်ခုအဖြစ် စိတ်ဝင်စားအောင်ပြုလုပ်သင့်

**အမရပူရ မေ ၁၉**

မန္တလေးတိုင်းဒေသကြီးတွင် နိုင်ငံတကာခရီးသွားဧည့်သည်များကို ဆွဲဆောင်စေသည့် သမိုင်းဝင်လေ့လာစရာ မြောက်မြားစွာရှိပြီး ထိုလေ့လာစရာများစွာထဲတွင် မြန်မာဘုရင်လက်ထက်က နယ်ချဲ့ရန်ကို ကာကွယ်တိုက်ခိုက်ရန် တည်ဆောက်ခဲ့သည့် ခံတပ်များလည်းပါဝင်သည်။ အင်းဝသို့ သွားသည့် လမ်းဘေး စစ်ကိုင်းတံတားအရှေ့ဘက်ဘေးတွင် သပြေတန်း ခံတပ်ကိုလေ့လာနိုင်သည်။ သပြေတန်းခံတပ်ကို မင်းတုန်းမင်းတရားကြီး လက်ထက်သက္ကရာဇ် ၁၂၃၆ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက် ကြာသပတေးနေ့ (၁၈၇၄ခုနှစ် ဒီဇင်ဘာ၃ရက်)တွင် စတင်တည် ဆောက်ခဲ့သည်ဟု သိရသည်။



ခံတပ်ဆောက်လုပ်ခြင်း၏ ရည်ရွယ်ချက်တွင် ဧရာဝတီမြစ်ကြောင်းအတိုင်း ရတနာပုံနေပြည်တော်သို့ ဆန်တက်လာမည့် နယ်ချဲ့ရန်ကိုတွန်းလှန်တိုက်ခိုက်ရန်ဖြစ်သည်။သပြေတန်းခံတပ်နှင့် တစ်ပြိုင်တည်းတွင် စစ်ကိုင်းမြို့ အစေခံ ခံတပ်တစ်ခု၊ အင်းဝမြို့ဟောင်း ဆင်းကျုံးရွာ၌ ခံတပ်တစ်ခု ဆောက်လုပ်ခဲ့သည်။ ခံတပ်သုံးခုကို ဧရာဝတီမြစ်ကြောင်း၏ ဝဲယာညှပ်လျက် တြိဂံအနေအထားဖြင့် တည်ဆောက်ခဲ့သည်။ လက်ရှိကာလတွင် သပြေတန်းခံတပ်မြောက်ဘက်ခြမ်းတွင် စစ်ကိုင်းတံတားချဉ်းကပ်လမ်းဖို့မြေအောက်တွင်တွင် ရှိနေသော်လည်း ခံတပ်မှာ အရှေ့အနောက် ပေ ၄၀၀ ကျော်၊ တောင်မြောက်ပေ ၃၅၀ ကျော် ကျယ်ဝန်း သည့်အနေအထားကို တွေ့မြင်နိုင် သည်။

ခံတပ်ကို လေ့လာခြင်းဖြင့် ရှေးခေတ်မှ စစ်ရေးအမြင်များ၊ ခံတပ်တည်ဆောက်ပုံနည်းစနစ်များ၊ ခံတပ်အတွင်း ဖွဲ့စည်းထားသောအခန်းများ ခံတပ်တွင် တပ်ဆင်ထားသည့် အမြောက်များကို လေ့လာသိရှိနိုင်သည်။ ခံတပ်တွင်ဆင်ခြေလျှောအုတ်လမ်းများ၊ ဥမင်လိုဏ်များ၊ စစ်သည်ရဲမက်ခန်းများ၊ လက်နက်တိုက်၊ ယမ်းတိုက်များနှင့် ရေတွင်းတို့ပါရှိသည်ကို တွေ့နိုင်သည်။ သပြေတန်းခံတပ်သည် ခံတပ်သုံးခုတွင် အရွယ်အစားအကြီးဆုံးနှင့် ထုထည်အကောင်းဆုံး ဖြစ်ကြောင်း သိရသည်။

အင်္ဂလိပ်-မြန်မာ စစ်ပွဲတွင် သပြေတန်းခံတပ်ကို အရှေ့ဝင်းတော်မှူး၊ ရတနာသိယ်မြို့ဝန်၊ ရဲဘက်မြင်းဝန်သတိုးမင်းကြီး မဟာမင်းခေါင်ရာဇာဦးစီးသော မြန်မာတပ်မတော်သား ၂၀၀၀ ကျော် အရန်သင့်တပ်စွဲကာ ဆန်တက်လာမည့် ရန်သူကိုတိုက်ခိုက်ချေမှုန်းရန် အသင့်အနေအထားဖြင့် မြန်မာ့သတ္တိနှင့် မြန်မာ့စစ်ရေးစွမ်းရည်ကိုပြရန် ပြင်ဆင်ထားပြီးဖြစ်သည်။

သို့သော် လွှတ်တော်မှ မခုခံရဆိုသော အမိန့်ကြောင့် အင်္ဂလိပ်လက်အောက်သို့ တိုက်ခိုက်ခြင်းမပြုရဘဲ ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် (သောကြာနေ့) (၁၈၈၅ ခုနှစ် နိုဝင်ဘာ၂၇ ရက်)တွင် ကျရောက်သွားခဲ့ရသည်။ ယခုအခါ သပြေတန်းခံတပ်သည် ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်များ၊ မျိုးဆက်သစ်လူငယ်များ လေ့လာမှုနည်းနေသည်။ သို့အတွက် လာမည့် ခရီးသွားရာသီတွင် နိုင်ငံတကာခရီးသွားများ လေ့လာနိုင်ရန်ဆွဲဆောင်မှုရှိအောင် ရှင်းလင်းလမ်းဖွင့်ပေးသင့်ကြောင်း။ ။

**(တိမ်တမန်)**

# ၂၀၁၄ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ကြေညာလိုက်ပါသည်-

(က) အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၄၅ ဌာနတို့၌ ဖြေဆိုသူ ၁၃၁၄၉ ဦး၊ အောင်မြင်သူ ၁၀၅၄၅ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၆၉၅ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု) ရရှိကြသူများမှာ-

(၁) တစ်ပြည်လုံး ပထမ
ခုံအမှတ် ၅၂၃၊ မောင်အောင်ရဲကျော်၊ ဒဂုံဆိပ်ကမ်းစာဖြေဌာန၊
ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(၂) တစ်ပြည်လုံး ဒုတိယ
ခုံအမှတ် ၄၊ ဒေါ်ခိုင်ဆုဝေ၊ အောင်မြေသာစံစာဖြေဌာန
အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

(၃) တစ်ပြည်လုံး တတိယ
ခုံအမှတ် ၁၃၊ မအိအိဖြူ မုဒုံစာဖြေဌာန
မုဒုံမြို့နယ်၊ မွန်ပြည်နယ်

(ခ) အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၀၂ ဌာနတို့၌ ဖြေဆိုသူ ၂၉၇၂ ဦး၊ အောင်မြင်သူ ၂၃၃၅ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၃၈၅ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု) ရရှိကြသူများမှာ-

(၁) တစ်ပြည်လုံး ပထမ
ခုံအမှတ် ၇၂၊ ဒေါ်ခင်အေးကြူ လှိုင်စာဖြေဌာန
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(၂) တစ်ပြည်လုံး ဒုတိယ
ခုံအမှတ် ၃၄၊ ဒေါ်သီဂီကျော်၊ ဒဂုံမြို့သစ်တောင်ပိုင်းစာဖြေဌာန
ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(၃) တစ်ပြည်လုံး တတိယ
ခုံအမှတ် ၁၊ မသန္တာလှိုင်၊ လပွတ္တာစာဖြေဌာန
လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

(ဂ) ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၈၉ ဌာနတို့၌ ဖြေဆိုသူ ၂၁၇၃ ဦး၊ အောင်မြင်သူ ၁၇၉၀၊ နှစ်ချင်းပေါက် သုံးဆင့်အောင်မြင်သူ ၂၆၄ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု)ရရှိကြသူများမှာ-

(၁) တစ်ပြည်လုံး ပထမ
ခုံအမှတ် ၅၊ ဒေါ်ဥမ္မာသိန်း၊ တာမွေစာဖြေဌာန
တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(၂) တစ်ပြည်လုံး ဒုတိယ
ခုံအမှတ် ၅၊ မငြိမ်းငြိမ်းစု၊ ကျောက်မဲစာဖြေဌာန
ကျောက်မဲမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း

(၃) တစ်ပြည်လုံး တတိယ
ခုံအမှတ် ၃၉၊ ဒေါ်တိက္ခဉာဏီ၊ ချမ်းမြသာစည်စာဖြေဌာန
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂။ အောင်စာရင်းအပြည့်အစုံကို တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးရုံးများ၊ စာဖြေဌာနရှိရာ မြို့နယ်သံဃနာယကအဖွဲ့များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများတွင် ကြည့်ရှုနိုင်သည်ဟု သာသနာရေးဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။

**(ကြေးမုံ)**



# ရှေးဦးသူနာပြုစုခြင်းသင်တန်းနှင့် ကင်းထောက်လူငယ်ဖွဲ့စည်းရေး သင်တန်းဆင်း

**မူဆယ် မေ ၁၉**

မူဆယ်မြို့ အခြေခံရှေးဦးသူနာပြုစုခြင်း သင်တန်းနှင့် ကင်းထောက်လူငယ်ဖွဲ့စည်းရေးသင်တန်းဆင်းပွဲကို မေ ၁၈ ရက် နံနက် ၉ နာရီတွင် ဟိုမွန်ရပ်ကွက် အမှတ်(၂)အထက်တန်းကျောင်း စံပယ် ခန်းမ၌ ကျင်းပရာ သင်တန်းသားကျောင်းသား ကျောင်းသူ ၁၇၀ တက်ရောက်ကြကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ ဆုရကျောင်းသားများအား ဆုချီးမြှင့်ကြောင်း သိရသည်။

**(၀၁၁၂)**

## ရုပ်မြင်သံကြားအစီအစဉ်

၂၀ - ၅ - ၂၀၁၅ (ဗုဒ္ဓဟူးနေ့)

### မြဝတီ

၆း၀၃ တရားတော်
၆း၁၆ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၅ မွေးမြူသုတ
၈း၃၀ DVD Hits
၈း၃၅ ဇာတ်လမ်းတို
၈း၅၀ သူနှင့်သူ၏သီချင်းများ
၉း၀၀ စာပေအလင်းစာပေသတင်း
၄း၁၅ လျှပ်တစ်ပြက်
၄း၂၅ အမျိုးသားရေးတေးကဗျာ
၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၅ ရှေးဟောင်းသုတ
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၅ ပန်းကလေးများပွင့်တော့မည်
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း (အပိုင်း-၃၉)
၆း၀၆ Go For Gold
၆း၁၅ Meet Whith The Celebrities
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်ထဲက တော်ဝင်သမားတော် (အပိုင်း-၄၅) - ရယ်စရာပျော်စရာ ဟာသကမ္ဘာ - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဟိုတယ်ဘုရင် (အပိုင်း-၃၃) - တရားတော်

### MRTV - 4

၅း၀၀ ပဋ္ဌာန်းပါဠိတော် + ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
၈း၀၀ Cartoon Series (Go Go Giggles)
၈း၃၅ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉း၄၀ အနုပညာမိုးကောင်းကင်
၁၀း၀၀ ခေတ်သစ်ပျိုမေ
၁၁း၀၅ ဟင်းချက်ရအောင်
၁၁း၃၅ MRTV-4 Stage
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၁၀)
၁၂း၄၅ ကြည်ညိုဖွယ်ရာ ဉယျာဉ်ပေါ်တော်မူ သတ္တဌာနဘုရားများ
၁း၀၀ "သက်ာရှင်းမှ သက်ာကင်းမည်" တရားတော် (အပိုင်း-၂) [ဘဒ္ဒန္တသုန္ဒရ (စွန်းလွန်းတိပိဋက ဆရာတော်]
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၃၅)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ ပန်းလိပ်ပြာ" (အပိုင်း-၁၅)
၆း၀၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ ပန်းလိပ်ပြာ" (အပိုင်း-၁၆)
၇း၀၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညဉ်ရှိုက်သံ" (အပိုင်း-၃၆)
၈း၀၀ ရသစုံညွှန်းတမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၇၄)
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၁၁)
၉း၄၅ Let's Talk
၁၀း၂၀ အနုပညာမိုးကောင်းကင်
၁၁း၀၅ World of Knowledge (Monster Fish : Great White Sturgeon)
၄း၃၅ ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်

### mitv

- The Wachet Jivitadana Sanga Hospital
- Lisu New Year Festival
- Director: Thiha Kyaw Soe
- All About Orchids
- A Nun's Creation in Fruit Carving
- Horse Cart Driver
- Myanmar's Traditions and Culture: The Golden Land
- Myanmar Toys… for your eye-catching
- Paper Products… Plain but Pretty
- A Visit To Kayah State
- Mt. Naw Bu Baw
- Today Myanmar "Harmful UV Rays"
- News
- Innovative Handiworks Based On The Art Of Line Drawing
- Famous pagodas of Sagaing
- Entrepreneur "U Than Myint"
- Insight Myanmar: Library (Ep-2) Beyound Access Libraries Powering Development
- MONASTERY (Bargayar Kyaung)
- Director: Kyi Phyu Shin
- Products Of Myanmar - Pottery Business
- Dengue Fever
- Choral Dance By Female Dancers
- Marvelous Solo Cane Ball Playing
- Talented Musicians
- …..Changes
- Beach Food Delivery
- Indian Footsteps

## သဘာဝအတိုင်းလှနေတဲ့ မင်းသမီး အီမာစတုန်း



လန်ဒန်မှ လော့စ်အိန်ဂျလိစ်သို့ မေ ၁၈ ရက်တနင်္လာနေ့က ပြန်လည်ရောက်ရှိလာတဲ့ (၂၆) နှစ်အရွယ် ဟောလိဝုဒ်စတားမင်းသမီးချော အီမာစတုန်းဟာ မိတ်ကပ်လိမ်းခြယ်ထားခြင်း မရှိဘဲ သဘာဝအတိုင်း ကျက်သရေရှိစွာ လှပနေခဲ့ပါတယ်။

သူဟာ အဖြူရောင်အင်္ကျီဆွယ်တာနဲ့ မျက်မှန်ကိုဝတ်ဆင်ထားပြီး ပခုံးထက်မှာဘေးလွယ်အိတ်ကို လွယ်လျက် ပေါ့ပေါ့ပါးပါး စတိုင်နဲ့ LAX လေဆိပ်ကို ပြန်လည်ရောက်ရှိလာခဲ့တာပဲဖြစ်ပါတယ်။

အခုလို တွေ့မြင်ရသည့်ပုံစံကတော့ ရက်အနည်းငယ်က ကျင်းပပြုလုပ်ခဲ့သော (၆၈) ကြိမ်မြောက် ကိန်းရုပ်ရှင်ပွဲတော်တွင် အမည်းရောင်ဇာဂါဝန်လေးနဲ့ အလွန်လှပကြော့ရှင်းခဲ့တဲ့ မင်းသမီး အီမာစတုန်းနဲ့ အနည်းငယ်ခြားနားမှုရှိတဲ့အတွက် တွေ့မြင်ရသူတွေအဖို့ ရုတ်တရက်မှတ်မိကောင်းမှတ်မိနိုင်မည်မဟုတ်ပေ။

သူသည် နောက်ဆုံးရိုက်ကူးထားသည့် Aloha ရုပ်ရှင်ဇာတ်ကားအတွက် လန်ဒန်မြို့သို့ သွားရောက်ခဲ့ခြင်းဖြစ်ပြီး ယခုပြန်ရောက်လာသောအခါ သူ့ရဲ့ဘာမှလိမ်းခြယ်ထားခြင်းမရှိတဲ့ သဘာဝအတိုင်းလှပနေတဲ့ မျက်နှာသွင်ပြင်လေးနဲ့ ပေါ့ပါးတဲ့ လေဆိပ်ဖက်ရှင်စတိုင်လေးကြောင့် သဘောကျနှစ်ခြိုက်သူများပြားခဲ့ပါတယ်။

**စန္ဒာဝင်း**

## လက်ထပ်ပြီးလျှင် အနုပညာလောကမှ အနားယူတော့မည့် မင်းသမီးပတ်ဆူဂျင်း



ယခုနှစ်ကုန်ပိုင်းတွင် ဟေမန်ဆောင်းရဲ့ချစ်သံစဉ်ဇာတ်ကားတွင် ရှင်ဒေါင်းဟန့်အမည်ဖြင့် ကျော်ကြားလာခဲ့သူ မင်းသား ဘေယောင်ဂျွန်းနှင့် လက်ထပ်တော့မည့် တောင်ကိုရီးယား အနုပညာကြယ်ပွင့် ပတ်ဆူဂျင်းသည် လက်ထပ်ပွဲပြီးပါက ခင်ပွန်းသည်နှင့် မိသားစုအားအချိန်ပေးနိုင်ရန်အတွက် အနုပညာလုပ်ငန်းများမှ အနားယူမည်ဖြစ်ကြောင်း သိရသည်။

မင်းသမီး ပတ်ဆူဂျင်း၏ အေဂျင်စီဖြစ်သည့် Key East က ၎င်းသည် လက်ထပ်ပြီးသော်ငြားလည်း အနုပညာ အလုပ်များကို ဆက်လက် လုပ်ဆောင်ဦးမည်ဟု ထုတ်ပြန်ခဲ့သော်လည်း စိတ်ပြောင်းလဲကာ ယခုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့ပြင် လက်ထပ်ပြီးပါက ဖက်ရှင်လိုင်းနှင့် ဖိနပ်ထုတ်လုပ်ရေးလုပ်ငန်းများဘက်သို့ ဦးလှည့်ဖွယ်ရှိကြောင်းလည်း သိရသည်။

ပတ်ဆူဂျင်းသည် ယခုလုပ်လက်စ အနုပညာအလုပ်များကို အပြီးသတ်လုပ်ဆောင်သွားမည်ဖြစ်ကာ နောက်ထပ် အနုပညာအလုပ်များ ဆက်လက်လုပ်ဆောင်ဖွယ်မရှိတော့ကြောင်း သိရသည်။

**မိုးစန္ဒာမောင်**

## ဘောဘုတ်ဆုအတွက် နှုတ်ဆက်သွားလေသူကိုလည်း ကျေးဇူးတင်ပါတယ်လို့ ပြောလာတဲ့ One Direction

ပြီးခဲ့သည့်တနင်္ဂနွေနေ့က လက်စ်ဗီးဂတ်စ်တွင် ကျင်းပခဲ့သော ဘောဘုတ်ဆုပေးပွဲတွင် One Direction သည် အကောင်းဆုံးတေးဂီတအဖွဲ့ဆုကို ရရှိခဲ့ပြီး ဂီတသမားများအတွက် တန်ဖိုးကြီးလှသော ထိုဆုကို ရရှိခဲ့သည့်အတွက် ၎င်းတို့၏အဖွဲ့ဝင်ဟောင်းဖြစ်သော ဇန်မိုက်ခ်အား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။




ဆုရရှိသည့်အတွက် ကျေးဇူးတင်စကားပြောကြားရာတွင် လီယမ်ဝပန်က "ကျွန်တော်တို့ နောက်ထပ် ကျေးဇူးတင်ရှိရမယ့်သူတစ်ဦးရှိပါတယ်။ သူကတော့ကျွန်တော်တို့ရဲ့ ညီအစ်ကိုဖြစ်တဲ့ ဇန်ပါပဲ" ဟု ထည့်သွင်းပြောကြားခဲ့သည်။

ပြီးခဲ့သည့် မတ်လက ၎င်းအဖွဲ့မှ ဇန်ထွက်ခွာသွားခြင်းဖြစ်ကာ ဇန်က "ကျွန်တော် One Direction မှာရှိခဲ့တဲ့ ရက်တွေဟာ စိတ်ကူးယဉ်ခဲ့တာထက်ကို ပိုမိုလှပခဲ့တယ်။ ဒါပေမယ့် ငါးနှစ်ကြာ လက်တွဲပြီးခဲ့တဲ့နောက် အခုအချိန်ဟာ အဖွဲ့ကနေ ထွက်သွားဖို့ အကောင်းဆုံးအချိန်ပဲလို့ ကျွန်တော် ခံစားလာရတယ်။ ကျွန်တော့်ကြောင့် တစ်ယောက်ယောက် ထိခိုက်နစ်နာခဲ့မယ်ဆိုရင် ပရိသတ်ကြီးကို ကျွန်တော်တောင်းပန်ပါတယ်။ ကျွန်တော့် နှလုံးသားက ခံစားရတဲ့အတိုင်း ကျွန်တော်ရှေ့ဆက်ရလိမ့်မယ်။ ကျွန်တော် သာမန် (၂၂) နှစ်အရွယ်ကောင်လေးတွေလို လွတ်လွတ်လပ်လပ်ပေါ့ပေါ့ပါးပါးနဲ့ကိုယ့်ဘဝကို ကိုယ်ပိုင်တာမျိုးပဲ ဖြစ်ချင်တယ်"ဟု နှုတ်ဆက်စကားဆိုခဲ့သည်။

လတ်တစ်လောတွင် ဇန်သည် One Direction ၏ အဖွဲ့ဝင်တစ်ဦးဖြစ်သော လူးဝစ်တွန်လင်ဆန်နှင့် လူမှုမီဒီယာများမှတစ်ဆင့်အဆက်အသွယ်ရှိနေခဲ့သည်။

**ခင်ခင်သက်**

## ဘောဘုတ်တေးဂီတဆုပေးပွဲ၌ မာရိုင်ကေရီသီဆိုဖျော်ဖြေနေစဉ်အတွင်း ဖုန်းနဲ့အလုပ်ရှုပ်နေတဲ့ ဂျနီဖာလိုပက်ဇ် ဝေဖန်ခံရ



၂၀၁၅ ခုနှစ် ဘောဘုတ်တေးဂီတဆုပေးပွဲအခမ်းအနားမှာ မာရိုင်ကေရီ၏ တေးသီချင်းသီဆိုဖျော်ဖြေနေမှုအတွင်း ဂျနီဖာလိုပက်ဇ်က သူ၏ဖုန်းအား တစ်ချိန်လုံးကြည့်နေခဲ့ပြီး ယင်းသို့ ပြုလုပ်ခဲ့ခြင်းနှင့် ပတ်သက်၍လည်း မသင့်လျော်ကြောင်း TMZ မှာ ရေးသားဖော်ပြထားပါတယ်။

"အဆိုတော်မာရိုင်ကေရီကတော့ "Infinity"တေးသီချင်းကို စင်မြင့်ထက်မှာအားပါးတရသီဆိုဖျော်ဖြေနေတဲ့အချိန်မှာ ဂျေလိုတစ်ယောက်ကတော့ စင်ပေါ်ကို တစ်ချက်လေးတောင်မကြည့်ဘဲ သူ့ဖုန်းက News Feed တွေကိုပဲကြည့်နေခဲ့တယ် " လို့ ဖော်ပြခဲ့ကြပါတယ်။ တေလာဆွစ်ဖ်အပါအဝင် ကျန်သည့်ပရိသတ်တွေအားလုံးက လက်ခုပ်သံများဆူညံအောင်တီးပြီး အားပေးနေသော်လည်း ဂျေလိုမှာဘေးခုံရှိ ကတ်စ်ပါစမတ်နဲ့ စကားပြောဆိုနေခဲ့ပြီး သီချင်းပြီးဆုံးသွားမှ ဝတ်ကျေတမ်းကျေ လက်ခုပ်တီးခဲ့သည်ဟုဆိုသည်။



ယင်းကဲ့သို့ဂျေလို၏ လုပ်ရပ်များမှာ စင်ပေါ်တွင် အစွမ်းကုန်ဖျော်ဖြေနေသည့် မာရိုင်အား ဂရုမစိုက်သကဲ့သို့ ဖြစ်စေပြီး သူတစ်ပါးအား အလေးမထားတတ်သူအဖြစ် ထင်မြင်ခံရနိုင်ဖွယ်လည်း ရှိသည်။ တစ်ချိန်တည်းမှာပဲ မာရိုင်နှင့် ဂျေလိုတို့နှစ်ဦး၏ နောက်ကွယ်၌ လူမသိသေးတဲ့ တခြားဘယ်လိုကိစ္စရပ်တွေရှိနေဦးမလဲဆိုတာကိုလည်း သိချင်နေသူအချို့လည်း ရှိခဲ့ပြန်သည်။

**စန္ဒာဝင်း**

# စီးရီးအေ ရင်ခုန်သံ (၃၇)

ရှိုင်းမင်းမင်း

အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် (၃၇) ကို မေ ၂၃၊ ၂၄၊ ၂၅ ရက်တွေမှာ ယှဉ်ပြိုင်ဖို့ရှိပြီး လာဇီယိုနဲ့ ရိုမာဗင်တပ် နဲ့ နာပိုလီဂျီနိုမာနဲ့ အင်တာမီလန်တို့ ဆုံတဲ့ပွဲတွေလို အကြိတ်အနယ်ရှိမယ့်ပွဲစဉ်တွေ ပါဝင်နေပါတယ်။ အထူးသဖြင့် ယူရိုပါလိဂ်ဝင်ခွင့်အတွက် အားပြိုင်မှုတွေက အကြိတ်အနယ်ရှိနေဦးမှာပါ။

### ပါလာမို VS ဖီယိုရင်တီးနား

**ည ၁၀း၃၀ (၂၃-၅-၁၅)**

ပါလာမိုက တန်းမဆင်းရဖို့ သေချာနေတဲ့အပြင် ဥရောပဝင်ခွင့်ရဖို့အတွက်လည်း မျှော်လင့်လို့ မရနိုင်ပါဘူး။ ဒါ့အပြင် လက်ရှိခြေစွမ်းပိုင်းကလည်း အားနည်းမှုတွေများနေတာကြောင့် ဖီယိုရင်တီနာရဲ့ ဖိအားပေးမှုကို ဟန့်တားဖို့ ခက်ပါလိမ့်မယ်။ ယူရိုပါလိဂ်ဝင်ခွင့်အတွက်အားစိုက်လာမယ့် ဖီယိုရင်တီးနားပဲ နိုင်ပွဲရမှာပါ။

### ပါးမား VS ဗီရိုနာ

**ည ၇း၃၀ (၂၄-၅-၁၅)**

ပါးမားက တန်းမဆင်းရဖို့သေချာနေပြီ ဖြစ်ပါတယ်။ ဒါပေမယ့် အခုနောက်ပိုင်းမှာ သိက္ခာအရ အားစိုက်ကစားနေသလို အိမ်ကွင်းလည်းဖြစ်ပြီး ကစားပုံလည်းကောင်းမွန်နေပါတယ်။ ဗီရိုနာကလည်း တန်းမဆင်းရဖို့ သေချာနေသလို ဥရောပဝင်ခွင့်လည်း မမျှော်လင့်နိုင်တော့ပါဘူး။ သရေကျသွားဖို့ များပါတယ်။

### ဂျူဗင်တပ် VS နာပိုလီ

**နံနက် ၁း၁၅ (၂၄-၅-၁၅)**

ဂျူဗင်တပ်က ဒီပွဲမတိုင်ခင်မှာ ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲကစားရမှာဖြစ်တာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါကြောင့် နာပိုလီအခွင့်အရေးရနိုင်ပါတယ်။ လက်ရှိနာပိုလီရဲ့ခြေကလည်း မဆိုးတာကြောင့် ဂျူဗင်တပ်ရဲ့အိမ်ကွင်းအားကို ထိန်းနိုင်မှာပါ။ နာပိုလီတို့ သရေလောက်ကစားနိုင်ပါလိမ့်မယ်။

### ဂျီနိုအာ VS အင်တာမီလန်

**ည ၇း၃၀ (၂၄-၅-၁၅)**

အင်တာမီလန်ဟာ ပွဲစဉ် (၃၆) မှာ ဂျူဗင်တပ်ကို ရှုံးခဲ့ပေမယ့် လက်ကျန်နှစ်ပွဲစလုံး အနိုင်ရခဲ့ရင် ယူရိုပါလိဂ်ဝင်ခွင့်မျှော်လင့်နိုင်ပါသေးတယ်။ ဒါပေမယ့် ဂျီနိုအာလည်း ယူရိုပါလိဂ်ဝင်ခွင့်မျှော်လင့်ချက်ရှိနေတာကြောင့် အမှားခံမှာမဟုတ်သလို အိမ်ကွင်းလည်းဖြစ်ပါတယ်။ ခြေကုန်ထုတ်ကြမယ့်ဒီပွဲမှာ အိမ်ရှင်ဂျီနိုအာ ကပ်နိုင်ခြေရှိတယ်။

### အမ်ပိုလီ VS ဆမ့်ဒိုးရီးယား

**ညနေ ၅း၀၀ (၂၄-၅-၁၅)**

ဆမ့်ဒိုးရီးယားက ပွဲစဉ် (၃၆) မှာ လာဇီယိုကို ရှုံးခဲ့ရပေမယ့် ယူရိုပါလိဂ်ဝင်ခွင့်မျှော်လင့်နိုင်ပါသေးတယ်။ ဒါကြောင့် အားစိုက်ကစားလာမှာသေချာပါတယ်။ အမ်ပိုလီကတော့ တန်းမဆင်းရဖို့ သေချာနေပြီဖြစ်သလို ဥရောပဝင်ခွင့်လည်း မျှော်လင့်လို့ မရနိုင်တော့ပါဘူး။ ဆမ့်ဒိုးရီးယားကသာ ကပ်နိုင်သွားဖို့ ရှိပါတယ်။

### လာဇီယို VS ရိုးမား

**ည ၇း၃၀ (၂၄-၅-၁၅)**

ဒီပွဲက ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်နဲ့ ပတ်သက်မှုရှိပါတယ်။ ဒီပွဲအနိုင်ရတဲ့အသင်းဟာ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရဖို့ သေချာသွားနိုင်တဲ့အပြင် ဒီပွဲရှုံးတဲ့အသင်းက ချန်ပီယံလိဂ်ဝင်ခွင့်တောင် ဖိအားဝင်သွားနိုင်ပါတယ်။ ဒါကြောင့် နှစ်သင်းစလုံး ခြေကုန်ထုတ်မှာဖြစ်ပေမယ့် လာဇီယိုကိုပါ အီတလီယာပွဲကြောင့် ပွဲပန်းလာနိုင်ပြီး ရိုးမားအခွင့်အရေးရမယ်။

### ခီယေဗို VS အတ္တလန္တာ

**ည ၇း၃၀ (၂၄-၅-၁၅)**

ခီယေဗိုက တန်းမဆင်းရဖို့ သေချာနေတဲ့အသင်းပါ။ လက်ရှိခြေစွမ်းပိုင်းမဆိုးပေမယ့် ခြေကုန်ထုတ်ဖို့ကတော့ မလွယ်ပါဘူး။ အတ္တလန္တာကတော့ အခုနောက်ပိုင်းမှာ ကစားပုံကောင်းမွန်နေတာကြောင့် ခီယေဗိုရဲ့ အိမ်ကွင်းကို တုံ့ပြန်ကစားနိုင်မှာပါ။ ခီယေဗို အခက်တွေ့နိုင်ရင်တောင် ဂိုးပြတ်ဖို့ ခက်ပါတယ်။

### အူဒီးနီးစ် VS ဆာစူအိုလို

**ည ၇း၃၀ (၂၄-၅-၁၅)**

ဆာစူအိုလိုက တန်းဆင်းကျန်ရစ်ခဲ့ပြီး အဲဒီအတိုင်းပဲ အူဒီးနီးစ်ကလည်း တန်းမဆင်းရဖို့ သေချာနေပြီဖြစ်တာကြောင့် နှစ်သင်းစလုံး ခြေကုန်ထုတ်ဖို့တော့ ခက်ပါတယ်။ ဒါပေမယ့် အူဒီးနီးစ်ကတော့ အိမ်ကွင်းဖြစ်တာကြောင့် ရလဒ်ကောင်းဖို့ ဂရုတစိုက် ကစားသွားမှာပါ။ အိမ်ကွင်းမှာ အူဒီးနီးစ်တို့ ကပ်အနိုင်ရသွားမှာပါ။

### ဆီစီနာ VS ကယ်ဂလီယာရီ

**ည ၇း၃၀ (၂၄-၅-၁၅)**

ဆီစီနာက တန်းမဆင်းရဖို့သေချာနေပြီ ဖြစ်ပါတယ်။ ဒါ့အပြင် လက်ရှိခြေစွမ်းပိုင်းကလည်း အားနည်းမှုတွေ များနေတာကြောင့် အိမ်ကွင်းဖြစ်ပေမယ့် ကစားပုံမဆိုးတဲ့ ကယ်ဂလီယာရီကို အသာရဖို့ မလွယ်ပါဘူး။ အိမ်ကွင်းမှာရလဒ်ကောင်းဖို့ ဆီစီနာအားစိုက်မှာဖြစ်ပေမယ့် သရေလောက်ပဲရမယ်။

### အေစီမီလန် VS တိုရီနို

**နံနက် ၁း၃၀ (၂၅-၅-၁၅)**

အေစီမီလန်ရဲ့လက်ရှိခြေစွမ်းက မတည်ငြိမ်ပါဘူး။ ဒါပေမယ့် အိမ်ကွင်းဖြစ်တာကြောင့် ရလဒ်ကောင်းဖို့ကိုတော့ ဂရုတစိုက်ကစားသွားမှာသေချာပါတယ်။ ဒါ့အပြင် တိုရီနိုကလည်း လက်ရှိအချိန်မှာ ခြေမတည်ငြိမ်တာကြောင့် အေစီမီလန်တို့အိမ်ကွင်းအားနဲ့ ဖိအားပေးလာရင် သရေလောက်ပဲ အမြင့်ဆုံးရမယ်။

# မြောင်းမြမြို့နယ်၌ ဒီးဒုတ်ဦးဘချိုရုပ်တုဖွင့်ပွဲ အထိမ်းအမှတ်ဖလား ဘောလုံးပြိုင်ပွဲကျင်းပ



**ပုသိမ် မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ် ဒီးဒုတ်ဦးဘချိုရုပ်တု ဖွင့်ပွဲ အထိမ်းအမှတ်ဖလား ရန်မနိုင်တိုက်နယ်ကျေးရွာအုပ်စု ဘောလုံးပြိုင်ပွဲကို မေ ၁၈ ရက် နံနက် ၇နာရီမှ စ၍ မြောင်းမြမြို့နယ် ရန်မနိုင်တိုက်နယ်ကျေးရွာ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်အားပေးခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ပထမဆုရရှိသော ရန်မနိုင်ကျေးရွာ ဘောလုံးအသင်းအား ဆုတံဆိပ်၊ ဆုဖလားနှင့် ဆုကြေးငွေများ ချီးမြှင့်ခဲ့ပြီး ရန်မနိုင်ကျေးရွာဘောလုံးကွင်း ပြုပြင်ထိန်းသိမ်းရန်အတွက် အလှူငွေ ရှစ်သိန်း ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကိုက ဒုတိယဆုရ ကန်ဘဲ့လေး ဘောလုံးအသင်းအား ဆုတံဆိပ်၊ ဆုဖလားနှင့် ဆုကြေးငွေများအားလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချိုက ပူးတွဲတတိယဆုရ ကျပ်ခိုးစု ဘောလုံးအသင်းနှင့် တယောကွေးဘောလုံးအသင်းတို့အား ဆုကြေးငွေနှင့် ဆုဖလားတို့အား လည်းကောင်း၊ နှစ်သိမ့်ဆုရဘောလုံးအသင်းများအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် ဦးဌေးမြင့်က ဆုကြေးငွေများကိုလည်းကောင်း ဆက်လက်ချီးမြှင့်ခဲ့သည်။ **(ကြည်စိုးလင်း)**



# ပီတာချက်ခ် အာဆင်နယ်သို့ ပြောင်းရွှေ့မည်ကို တားနိုင်သည့်အင်အား သူ့မှာ မရှိပါဘူးဟု ချယ်လ်ဆီးနည်းပြ မော်ရင်ဟို ဆို

**ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုသည် သူ၏ ဂိုးသမား ပီတာချက်ခ်အား ဘယ်တော့မှ ထွက်ခွာသွားခွင့် ပြုမည်မဟုတ်ဟု ဆိုခဲ့သော်လည်း သူ့တွင် ပီတာချက်ခ်အား တားဆီးနိုင်သည့် အခွင့်အာဏာမရှိပါကြောင်း ပထမဆုံးအကြိမ် ဝန်ခံလိုက်သည်။**

မော်ရင်ဟိုက ပီတာချက်ခ်၏ အပြောင်းအရွှေ့နှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ကို တားပိုင်ခွင့် သူ့လက်ထဲတွင်မရှိကြောင်းလည်း ဆိုခဲ့သည်။

အာဆင်နယ်နည်းပြ အာဆင်ဝင်းဂါးသည် ဒီနှစ်နွေရာသီအတွက် နံပါတ်တစ်ဂိုးသမားတစ်ဦးလိုချင်နေခဲ့ပြီး ယခုသီတင်းပတ်တွင် အသက် (၃၃) နှစ်ပြည့်မည့် ချက်ခ်ကလည်း အာဆင်နယ်သို့ ပြောင်းရွှေ့ရန် အဆင်သင့်ဖြစ်နေခဲ့သည်။

SPORT ရုပ်သံလိုင်းအင်တာဗျူးတစ်ခုတွင် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက "ပီတာချက်ရဲ့ အပြောင်းအရွှေ့နဲ့ပတ်သက်လို့ ဆုံးဖြတ်ပိုင်ခွင့်သာကျွန်တော့်လက်ထဲမှာရှိခဲ့မယ်ဆိုရင် ကျွန်တော်သူ့ကို ချယ်လ်ဆီးကနေ လုံးဝထွက်သွားခွင့်ပြုမှာ မဟုတ်ပါဘူး။ သူဒီလိုအသင်းကြီးကို သွားရမှာမဟုတ်ဘူး။ ကျွန်တော်သူ့ကို ဘယ်တော့မှာသွားခွင့်ပြုမှာ မဟုတ်ဘူး"ဟု ပြောသည်။

ဆက်လက်၍ သူက "ကျွန်တော့်အတွက် ကျန်ခဲ့တာကတော့ သူ ကျွန်တော်တို့နဲ့ အတူရှိနေခဲ့ဖူးတယ်။ သူဒီအသင်းကြီးကို ပိုင်တယ်။ ဒီအသင်းကလည်း သူ့ရဲ့ အတိတ်တွေ၊ သူ့ဘဝတွေကို ပိုင်ဆိုင်ခဲ့ဖူးတယ်ဆိုတာပါပဲ။ သူတကယ်ကို တော်တဲ့ဂိုးသမားပါ။ သူ့ကိုလည်း လေးစားပါတယ်။ သူ့ကို ဖလားလုပွဲတွေ၊ ပရီမီယာလိဂ်ပွဲစဉ်တွေမှာ ကစားစေခဲ့ပါတယ်"ဟု ဆိုသည်။

ချက်ခ် အာဆင်နယ်သို့ပြောင်းရွှေ့မည့်ကိစ္စနှင့်ပတ်သက်၍ ကစားသမားနှင့် သူ၏ အသင်းနှင့်နည်းပြ မော်ရင်ဟိုတို့အကြား တွေ့ဆုံဆုံးဖြတ်သွားကြမည်ဖြစ်ကာ အာဆင်နယ်သို့ ချက်ခ်ပြောင်းရွှေ့ရန် ဖြစ်လာဖို့များလေသည်။

ပီတာချက်ခ်၏ အပြောင်းအရွှေ့သည် အာဆင်နယ်နှင့်ချယ်လ်ဆီး ပရိသတ်များအကြား လူပြောများစရာကိစ္စတစ်ခုဖြစ်လာခဲ့သည်။ အာဆင်နယ်ပရိသတ်များအတွက် ကောင်းမွန်သော အပြောင်းအရွှေ့တစ်ခုဖြစ်ကာ ချယ်လ်ဆီးပရိသတ်များကလည်း ပီတာချက်ခ်သည် သစ္စာရှိသော ကစားသမားတစ်ဦးဖြစ်ကြောင်း အသင်းဘက်မှ အာမခံလိုက်ပေးနေကြသည်။

လာမည့်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်း ထိပ်တန်းအသင်းလေးသင်းတွင် မပါဝင်နိုင်မည်ကို စိုးရိမ်ကြောင်းလည်း မော်ရင်ဟိုက ဆိုခဲ့လေသည်။

ခင်ခင်သက်

## လာမယ့်ရာသီမှာ မန်ယူဟာ အခြားအသင်းတွေရဲ့ပြိုင်ဘက်ကောင်းဖြစ်လိမ့်မယ်လို့ ခရစ်စမောလင်းပြော

မန်ချက်စတာယူနိုက်တက်အသင်း၏ နောက်တန်းကစားသမားတစ်ဦးဖြစ်သူ ခရစ်စမောလင်းက ယခုနှစ်ရာသီတွင် ပရီမီယာလိဂ်ပွဲစဉ်၌ မန်ယူအသင်း စတုတ္ထနေရာတွင်ရှိနေခြင်းသည် အသင်းအတွက် နေရာမှန်မဟုတ်ကြောင်းနှင့် လာမည့်ရာသီတွင် ပရီမီယာလိဂ်ပွဲစဉ်တစ်လျှောက် အခြားအသင်းများအတွက် ပြိုင်ဘက်ကောင်းအဖြစ် ထိပ်ဆုံးမှ ရပ်တည်သွားနိုင်ရမည်ဟု ဆိုခဲ့သည်။

ယခုလက်ရှိတွင် မန်ယူသည် ချန်ပီယံ ချယ်လ်ဆီးအသင်းထက် တစ်ပွဲလိုနှင့် ရမှတ် (၁၅) မှတ် နည်းနေပြီး စတုတ္ထနေရာတွင် တည်ရှိနေသည်။ မန်ယူ၏ အိမ်ကွင်းတွင် နောက်ဆုံးကစားခဲ့သော အာဆင်နယ်နှင့်ပွဲတွင် စမောလင်းက "ကျွန်တော့်အထင်တော့ ဒီနှစ် ဘောလုံးရာသီကုန်လာတာနဲ့အမျှ ကျွန်တော်တို့ကစားတာ ကောင်းလာပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးရဲ့ တည်ငြိမ်မှုက သူ့ကို ချန်ပီယံဖြစ်စေခဲ့တာ။ တစ်ခါတလေမှာ သူတို့ကစားတာ သိပ်မကောင်းဘူး။ ဒါပေမယ့် သူတို့နိုင်ခဲ့တာပဲ။ ပြီးခဲ့တဲ့တနင်္ဂနွေနေ့ပွဲတုန်းက ကစားချိန် မိနစ်ခြောက်ဆယ်၊ ခုနစ်ဆယ်အထိ ကျွန်တော်တို့အသင်းက သာခဲ့တယ်။ ဒါပေမယ့် နောက်ဆုံးတော့တစ်ဂိုး-တစ်ဂိုး သရေကျခဲ့တယ်လေ။ တကယ်တော့ တစ်ဂိုး-သုညနဲ့ နိုင်ခဲ့သင့်တာ"ဟု ပြောသည်။

"လာမယ့်ရာသီမှာ ထိပ်ဆုံးကနေ ဦးဆောင်ကစားနိုင်ဖို့နဲ့ တည်တည်ငြိမ်ငြိမ်ကစားနိုင်ဖို့ အဓိကပါပဲ" ဟု ပြီးခဲ့သည့်လက မန်ယူနှင့် လေးနှစ်စာချုပ်ထပ်မံချုပ်ဆိုခဲ့သော စမောလင်းက ဆိုခဲ့သည်။ မန်ချက်စတာယူနိုက်တက်အသင်းသည် ပရီမီယာလိဂ်ချန်ပီယံဇယား၏ စတုတ္ထနေရာ သေချာနေပြီး မန်ယူအသင်းအနေဖြင့် ပွဲစဉ်မှ ထွက်ရမည်ဆိုပါက အောင်ပွဲနှင့်သာ ထွက်ခွာရန် ဆန္ဒရှိကြောင်း သိရသည်။

# ကျောက်ပန်းတောင်းမြို့နယ်တွင် မြေကျင်းတူးရာမှ ဗုံးသီးဟောင်းများတွေ့ရှိ



**ကျောက်ပန်းတောင်း မေ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် သီရိမင်္ဂလာရပ်ကွက် နယ်မြေ(၁) အရှေ့မြို့ပတ်လမ်းတွင် မေ ၁၈ ရက် နံနက် ၉ နာရီခွဲက နေအိမ်တစ်လုံး၌ အဆောက်အအုံဆောက်လုပ်ရန် မြေကျင်းတူးရာမှ ဗုံးသီးဟောင်းများ တွေ့ရှိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

သီရိမင်္ဂလာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်း၏ သတင်းပေးပို့မှုအရ အဆိုပါနေအိမ်သို့ နယ်မြေခံတပ်နယ်မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဦးနှင့် ပူးပေါင်းအဖွဲ့များက သွားရောက်ကြည့်ရှုစစ်ဆေးရာ သီရိမင်္ဂလာရပ်ကွက် နယ်မြေ(၁) အရှေ့မြို့ပတ်လမ်းနေ ဦးစိန်ဝင်း၏ နေအိမ်ဝင်းအတွင်း အိမ်ဆောက်ရန်အတွက် အုတ်မြစ်ကျင်းတူးရာမှ အလျား ၁၀ လက်မခန့်နှင့် လုံးပတ် ၁၂ လက်မခန့်ရှိ ဗုံးသီးဟောင်း ၁၀ လုံးနှင့် ဗုံးဆံ အပိုင်းအစများကို တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရပြီး ယင်းဗုံးသီးဟောင်းများကို နယ်မြေခံတပ်နယ်မှ သိမ်းဆည်းသွားကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## မိုးလေဝသအခြေအနေ

**မေ ၂၀ ရက် နေ့အပူချိန်များ**

| တိုင်းဒေသကြီးနှင့် ပြည်နယ် | အမြင့်ဆုံး | အနိမ့်ဆုံး |
|---|---|---|
| နေပြည်တော်နှင့် အနီးတစ်ဝိုက် | ၃၃°C | ၂၂°C |
| ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် | ၃၃°C | ၂၃°C |
| မန္တလေးမြို့နှင့် အနီးတစ်ဝိုက် | ၃၀°C | ၂၀°C |
| ပဲခူးတိုင်းဒေသကြီး | ၃၃°C | ၂၃°C |
| ချင်းပြည်နယ် | ၂၅°C | ၁၆°C |
| မကွေးတိုင်းဒေသကြီး | ၃၄°C | ၂၄°C |

**မေ ၂၀ ရက် ရန်ကုန်ဆိပ်ကမ်း ရေတက်ရေကျ အခြေအနေ**

| | | | |
|---|---|---|---|
| ရေတက် | နံနက် | ၄း၃၉ နာရီ | ၁၉. ၈၂ပေ |
| ရေကျ | နံနက် | ၁၁း၁၅ နာရီ | ၃. ၉၇ ပေ |
| ရေတက် | ညနေ | ၄း၅၀ နာရီ | ၂၁. ၂၆ ပေ |
| ရေကျ | ည | ၁၁း၄၃ နာရီ | ၂. ၇၆ ပေ |

**မေ ၂၀ ရက် ရန်ကုန်မြို့ နေဝင်နေထွက်ချိန်**

| | | |
|---|---|---|
| နေထွက် | နံနက် | ၅း၃၃ နာရီ |
| နေဝင် | ညနေ | ၆း၂၉ နာရီ |

## နှစ်လုံးထီလောင်းကစား ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**မကွေး မေ ၁၉**

မကွေးတိုင်းဒေသကြီး မကွေးမြို့မ ရဲစခန်းမှတပ်ဖွဲ့ဝင်များသည် မေ ၁၈ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ က နယ်မြေအတွင်း သတင်းစုံစမ်းနေစဉ် မကွေးမြို့ မြို့ဟောင်းအမှတ်(၂) ရပ်ကွက် စိန်ပန်းပင်လမ်းပေါ်တွင် မသင်္ကာဖွယ်သူတစ်ဦးအား တွေ့ရှိစစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ မြို့ဟောင်းရပ်ကွက်နေ အောင်ထွန်းမင်း (၄၀) နှစ်ဖြစ်ပြီး ၎င်း၏ခါးကြားတွင် ထိုးထားသည့် ပိုက်ဆံအိတ်အတွင်းမှ နှစ်လုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများနှင့် လောင်းကြေးငွေကျပ် ၁၉၈၀၀ကို သိမ်းဆည်းရမိခဲ့သောကြောင့် အောင်ထွန်းမင်းအား မကွေးမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကြေးမုံ**

## အရက်မူးပြီး ရထားသံလမ်းပေါ်အိပ်နေသူ ရထားကြိတ်ခံရ၍သေဆုံး

**ရန်ကုန် မေ ၁၉**

မေလ ၁၈ ရက် နံနက် ၂ နာရီ ၄၅ မိနစ်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဖော့ကန်ဘူတာနှင့် အောင်ဆန်း ဘူတာကြား၊ ရထားလမ်းမိုင်တိုင် အမှတ်(၁၀/၂၀-၂၁) ကြားတွင် အမှတ် BD-375 အဆန် ရန်ကုန်-ပြည် ကျောက်ရထားမှ ရထားလမ်းပေါ်တွင်အိပ်နေသည့် အမျိုးသားတစ်ဦးအားကြိတ်မိခဲ့သဖြင့် ရထားရဲတပ်ဖွဲ့၊ အမှတ်(၁၄)တပ်ခွဲ၊ အင်းစိန်ရထားရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အင်းစိန်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ အသက်(၃၈)နှစ်ခန့်ရှိ အမျိုးသားတစ်ဦးအား ယာလက်မောင်းရင်းမှပြတ်၊ ယာခြေသလုံးပြတ်၊ ဝဲဒူး/ နဖူး/ယာပါးပေါက်ပြဲဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရသည်။

အဆိုပါ အမျိုးသားမှာ အရက်သောက်စားမူးယစ်ပြီး ရထားသံလမ်းပေါ် အိပ်ပျော်နေစဉ် ရထားဖြင့်ကြိတ်မိ၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် သေဆုံးသူ၏အလောင်းအား အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခဲ့ကာ အင်းစိန်မြို့မရဲစခန်း သေမှုသေခင်းအမှတ်စဉ်(၃၀/၂၀၁၅)ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကြေးမုံ**

## Public Digital Library Service စက်များတွင် ထည့်သွင်းအသုံးပြုရန် ဝတ္ထု၊ သုတ၊ ရသ၊ ကာတွန်းစာအုပ် စာစောင်များ၏ Electronic Version များ လှူဒါန်းနိုင်ကြောင်း အသိပေးကြေညာခြင်း

**နေပြည်တော် မေ ၁၉**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ စာကြည့်တိုက်များ၊ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များနှင့် လူစည်ကားရာနေရာများ (သင်္ဘောဆိပ်၊ လေဆိပ်၊ ဘူတာရုံ၊ ကားဂိတ်၊ ဆေးရုံ၊ တက္ကသိုလ်)စသည်တို့တွင် Laptop များ၊ Mobile Phone များ၊ Tablet များဖြင့် Wifi စနစ်ကိုအသုံးပြု၍ အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် Public Digital Library Service (PDLS) စက်ကို စာအုပ် ၇၁၂၅ ပါဝင်သော စက်စုစုပေါင်း အလုံးရေ ၆၀၀ အား ဝယ်ယူတပ်ဆင်ပေးခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးမှ မြို့နယ်အသီးသီးရှိ လူစည်ကားရာ နေရာများတွင် ပြည်သူများအနေဖြင့် စာပေဗဟုသုတများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန်အတွက် Public Digital Library Service စက် အလုံး ၂၀၀ ကို ထပ်မံ တပ်ဆင်ဆောင်ရွက်ပေးသွားရန်ရှိပြီး စာဖတ်ရှုလေ့လာသူများအနေဖြင့် မိမိတို့ကိုယ်တိုင် လေ့လာဖတ်ရှုရန်အတွက်သာ အသုံးပြုပါရန် (Fair Use) နှင့် တစ်ဆင့်ဖြန့်ဝေခြင်း၊ ကူးယူပုံနှိပ်ထုတ်ဝေခြင်း၊ တစ်ဆင့် ဖြန့်ဖြူးရောင်းချခြင်းတို့ မပြုရန် မေတ္တာရပ်ခံ ဖော်ပြသွားမည်ဖြစ်ပါသည်။

၃။ ပြည်သူများ စာပေဗဟုသုတ အလွယ်တကူ ဖတ်ရှုနိုင်ရန်အတွက် ရည်ရွယ်၍ စာရေးဆရာကြီး၊ ဆရာမကြီးများအနေဖြင့်လည်းကောင်း၊ စာပေထုတ်ဝေသူများအနေဖြင့်လည်းကောင်း စာအုပ် Electronic Version (Soft Copy-PDF)များကို လှူဒါန်းမှုပြုလုပ်နိုင်ပါရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထုတ်လုပ်ဌာနခွဲ (ရန်ကုန်)၊ ဦးဆန်းဝင်း (စာတည်းမှူး) ဖုန်း ၀၁-၂၀၁၉၃၆၊ ၀၁-၃၇၁၃၄၂ အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် စာအုပ်များ၏ Electronic Version များကို စာရေးဆရာကြီး၊ ဆရာမကြီးအနေဖြင့် ရောင်းချလိုပါကလည်း ရောင်းချနိုင်မည့် မျှော်မှန်းဈေးနှုန်းဖော်ပြ၍ အဆိုပါ ဖုန်းနံပါတ် သို့ ဆက်သွယ်ရောင်းချနိုင်ပါကြောင်း ရှိသေလေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော်**

မူးယစ်တပ်ဖွဲ့စု (၂၇) လှိုင်လင်နှင့် မူးယစ်တပ်ဖွဲ့စု (၁၀၃) နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၅ ရက်က ကွန်ဟိန်းမြို့နယ် ကာလိမြို့ ရပ်ကွက်(၁)နေ လုံးကြာလိန်၏ နေအိမ်ကိုရှာဖွေရာ ၎င်းခါးတွင်ပတ်ထားသည့် ခါးပတ်အိတ်အတွင်း ကပ်ခွာအိတ်များဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀ နှင့် ဘိန်းဖြူ သုည ဒသမ ၀၀၄ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ကာလိမြို့ ရပ်ကွက်(၁) ပြည်ထောင်စုလမ်းနေ လုံးညွန့်၏ နေအိမ်ကိုဆက်လက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ ဇနီးဖြစ်သူ မနန်းပိန်းအား တွေ့ရှိပြီး မနန်းပိန်း၏ ခန္ဓာကိုယ်တွင် ပလတ်စတစ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား စိတ်ကြွရူးသွပ်ဆေးပြား ၉၄ ပြား သိမ်းဆည်းရမိခဲ့သည်။

ကာလိမြို့ ရပ်ကွက်(၄) ငြိမ်းချမ်းရေးလမ်းနေ လုံးစုန္ဒလ၏ နေအိမ်ကို ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် အင်္ကျီအိတ်အတွင်းမှ ကပ်ခွာအိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၃၄၀ ပြား သိမ်းဆည်းရမိသဖြင့် လုံးကြာလိန် (၄၇) နှစ်၊ လုံးစုန္ဒလ (၅၄) နှစ်၊ မနန်းပိန်း (၅၂) နှစ်နှင့် လုံးညွန့် (၅၅) နှစ် (ဖမ်းမမိသေး) တို့ လေးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ပင်လောင်း**

မူးယစ်တပ်ဖွဲ့စု (၂၆) ပင်လောင်းနှင့် နယ်မြေခံရဲတပ်ဖွဲ့ ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၄ ရက်က ပင်လောင်းမြို့နယ် နောင်တရားသံတဲကျေးရွာအရှေ့ဘက် တစ်ဖာလုံခန့်ရှိ ဝါးရုံတောအတွင်း ဝင်ရောက်ရှင်းလင်းရာ စိမ်းမောင်၊ စိုင်းတူးလေး၊ စိုင်းဖူးဆောင်တို့ သုံးဦးအား တွေ့ရှိပြီး စိမ်းမောင်လွယ်ထားသော လွယ်အိတ်အတွင်းမှ ဘိန်းစိမ်း သုည ဒသမ ၀၆၅၃ ကီလို၊ ဖန်ဘူးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၇ ပြား၊ စိုင်းတူးလေး ဝတ်ဆင်ထားသော အင်္ကျီအိတ်အတွင်းမှ ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် ဘိန်းစိမ်း သုည ဒသမ ၀၁၆၃ ကီလို၊ စိုင်းဖူးဆောင် လွယ်ထားသော လွယ်အိတ်အတွင်းမှ ဘိန်း သုည ဒသမ ၀၈၁၆ ကီလိုနှင့် မူးယစ်ဆေးဝါး သုံးစွဲရာတွင် အသုံးပြုသည့် ကိရိယာများကို သိမ်းဆည်းရမိခဲ့သည်။

ပင်လောင်းမြို့နယ် လွယ်မောကျေးရွာအုပ်စု ပေါ့ခင်ကျေးရွာနေ တတီး၏ နေအိမ်ကိုရှာဖွေရာ ၎င်း၏ ယာဘက်လက်မောင်း၌ တိပ်ဖြင့်ပတ်ထားသည့် ကပ်ခွာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ပြားသိမ်းဆည်းရမိသဖြင့် စိမ်းမောင် (၂၇)နှစ်၊ စိုင်းတူးလေး (၃၇)နှစ်၊ စိုင်းဖူးဆောင် (၂၇) နှစ်နှင့် တတီး(၂၃)နှစ်တို့ လေးဦးအား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကြေးမုံ**



လုံးကြာလိန်၊ မနန်းပိန်းနှင့် လုံးစုန္ဒလတို့ သုံးဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှ ထွက်ရှိသောဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါ စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)တွင် (၁၈-၅-၂၀၁၅)ရက်နေ့မှ (၂၀-၅-၂၀၁၅)ရက်နေ့အထိ နေ့စဉ် (၀၉း၃၀)နာရီမှ (၁၆း၃၀)နာရီ အတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၂၁-၅-၂၀၁၅)ရက်နေ့ နံနက် (၁၀း၀၀)နာရီမှ (၁၁း၀၀)နာရီ အတွင်း ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက် တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစား မည်မဟုတ်ပါ။

၄။ အဆိုပါဘေးထွက်ပစ္စည်းအမျိုးအမည်၊ အရေအတွက်နှင့် မျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၅၇-၂၇၅၂၅၊ ၀၅၇-၂၇၅၂၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)
ဆည်မြောင်းလမ်း၊ ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့။

### လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည် ထူးချွန်အလတ်စား (ဝန်ဆောင်မှု)လုပ်ငန်းရှင်ဆုနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဝန်ဆောင်မှုထူးချွန်မှု ဂုဏ်ထူးဆောင်ဆုတို့ကို ရရှိသော စိမ်းလဲ့တင် Resort ၏ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာမျိုးမြင့်စိန်အား လှိုက်လှဲဝမ်းသာစွာ ဂုဏ်ပြု အပ်ပါသည်။

**ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်+ဇနီးဒေါက်တာဒေါ်ခင်မြဝင်း**
**စက်မှုဝန်ကြီးဌာန**

# ဖက်စပ်ကုမ္ပဏီများ နှင့် ဆေးစစ်ချက်မှတ်တမ်းပြဿနာ

**လင်းသီဟ**

နိုင်ငံ့ဝန်ထမ်းများအဖြစ်သတ်မှတ်ခန့်ထားရာတွင် ကျန်းမာသန်စွမ်းကြောင်း ဆေးစစ်ပြီးမှသာလျှင် ခန့်အပ်လေ့ရှိပါသည်။ ထို့အတူပင် တပ်မတော်သို့ ဝင်ရောက်တာဝန်ထမ်းဆောင်ရာတွင်လည်း ဆေးစစ်ကြလေ့ရှိပြီး ဆေးစစ်မှု အောင်မြင်သောနေ့ကို တပ်ဝင်ရက်စွဲအဖြစ် သတ်မှတ်ဖော်ပြလေ့ရှိပါသည်။ ထို့အတူပင် ထူးခြားသော လုပ်ငန်းနယ် ပယ်များတွင် ခန့်အပ်မည့် ဝန်ထမ်းများကို (လေသူရဲများ၊ ခဲယမ်းစစ်ဆေးသူများ၊ မိုင်းလုပ်သားများ၊ သင်္ဘောသားများ)ကိုမူ ၎င်းတို့ထမ်းဆောင်ရမည့် တာဝန်များအလိုက်စစ်ဆေးမှုများပြုလုပ်ပြီးမှ ခန့်အပ်လေ့ရှိပါသည်။ ထို့အတူပင် အခြေခံပညာအထက်တန်းအောင်မြင်၍ တက္ကသိုလ်များ၌ ဆက်လက်ပညာသင်ကြားမည့် ကျောင်းသူကျောင်းသားများသည်လည်း သက်ဆိုင်ရာမြို့နယ်၊ ခရိုင်ပြည်သူ့ဆေးရုံကြီးများတွင် ဆေးစစ်ခံ၍ အောင်မြင်မှသာ ပညာဆက်လက် သင်ကြားခွင့်ရရှိကြပါသည်။

ထိုကဲ့သို့ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခြင်း၊ တက္ကသိုလ်များတွင် ဆက်လက်ပညာသင်ကြားခြင်းစသည့် ကိစ္စရပ်များအတွက် ဆေးစစ်ရာတွင် နိုင်ငံတော်အစိုးရမှ ဖွင့်လှစ်ထားသော ဆေးရုံ၊ ဆေးခန်းများမှ တာဝန်ယူဆောင်ရွက်ပြီးသက်ဆိုင်ရာ တာဝန်ခံဆရာဝန်များမှ လက်မှတ်ရေးထိုးထောက်ခံပေးလေ့ရှိပါသည်။

ယခုအခါတွင် ပြည်တွင်းမှ လူငယ်များသည် နိုင်ငံ့ဝန်ထမ်းများအဖြစ် အလုပ်လုပ်ကြသည့် နည်းတူ နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်း၊ ပြည်တွင်း၌ လာရောက်ဖွင့်လှစ်သော နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံတော်/ နိုင်ငံသားများနှင့်နိုင်ငံခြားသားများ ပူးပေါင်းလုပ်ကိုင်သော ဖက်စပ်ကုမ္ပဏီများနှင့် ပုဂ္ဂလိကပိုင်လုပ်ငန်းများတွင်ပါ ဝင်ရောက်လုပ်ကိုင်ခြင်းများရှိလာပါသည်။ ထိုသို့အစိုးရဝန်ထမ်းမဟုတ်ဘဲ အခြားကုမ္ပဏီများတွင် တာဝန်ထမ်းဆောင်ရာတွင် ယခင်ကကဲ့သို့ ပြည်သူ့ဆေးရုံများတွင် ဆေးမစစ်ကြတော့ဘဲ ၎င်းကုမ္ပဏီများနှင့်တိုက်ရိုက်ချိတ်ဆက်ထားသည့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ၏ဆေးလက်မှတ်များဖြင့် ဝန်ထမ်းများခန့်အပ်လာကြသည်ကို တွေ့ရှိရပါသည်။

မည်သို့ပင်ပုဂ္ဂလိကဆေးရုံဆေးခန်းများနှင့် ပြည်သူ့ဆေးရုံများတွင် ဆေးစစ်သည်ဖြစ်စေ အလုပ်ခန့်အပ်မည့်သူများအနေဖြင့် ရောဂါကင်းရှင်းသော၊ ကျန်းမာသော၊ မိမိကုမ္ပဏီ၏ လုပ်ငန်းများကို ထမ်းဆောင်နိုင်သောဝန်ထမ်းများကို ခန့်အပ်နိုင်ရေးသည်သာ အဓိကဖြစ်မည်ဟု ယုံကြည်မိပါသည်။ မြန်မာနိုင်ငံအတွင်း၌ ဖွင့်လှစ်နေသည့် ကျန်းမာရေးဆိုင်ရာ ဓာတ်ခွဲခန်းများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိမှသာလျှင် ၎င်းတို့၏ ဆေးစစ်ချက်များသည်လည်း တရားဝင်မည်ဖြစ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနက တရားဝင်ခွင့်ပြုထားသော မည်သည့်ဓာတ်ခွဲခန်းမှ ဆေးစစ်ချက်မဆို(တစ်နည်း) ကျန်းမာရေးဝန်ကြီးဌာနက တရားဝင်အသိအမှတ်ပြုထားသည့်မည်သည့်ဓာတ်ခွဲခန်းပညာရှင်များ၏ ဆေးစစ်ချက်မှတ်တမ်းကိုမဆို မြန်မာပြည်တွင်း၌ တရားဝင်ဖွင့်လှစ်ထားသောကျန်ဌာနများ၊ ကုမ္ပဏီများအနေဖြင့် တရားဝင်အသိအမှတ်ပြုရမည်ဖြစ်ပါသည်။

သို့ရာတွင်မူ အချို့သောကုမ္ပဏီကြီးများသည် ၎င်းတို့နှင့် ချိတ်ဆက်ထားသော ပုဂ္ဂလိကဆေးရုံ/ဆေးခန်းကြီးများမှ ထုတ်ပေးသော ဆေးစစ်ချက်မှတ်တမ်းများမှအပ နိုင်ငံတော်မှ တရားဝင်အသိအမှတ်ပြုထားသော ကျန်ဆေးရုံ/ဆေးခန်းများမှ ဓာတ်ခွဲခန်းစစ်ဆေးချက်မှတ်တမ်းများအား လက်ခံခြင်းမပြုကြသည်ကို တွေ့ရပါသည်။ ဤသည်ကို ကြည့်ပါက တစ်နည်းအားဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်းကို လက်မခံဆန့်ကျင်သည့်သဘောဖြစ်နေပါသည်။

ဥပမာအားဖြင့် အလုပ်လျှောက်ထားသည့် လူငယ်တစ်ဦး၏ ဖြစ်စဉ်ကို တင်ပြလိုပါသည်။ အဆိုပါ လူငယ်သည် နိုင်ငံခြားသားနှင့်မြန်မာတိုင်းရင်းသားတို့ ပူးပေါင်းဖွင့်ထားသော ဖက်စပ်ကုမ္ပဏီတစ်ခုတွင် အလုပ်လျှောက်ထားရာ တာဝန်ရှိသူတို့က လူတွေ့စစ်ဆေးပြီး ခန့်အပ်ရန်သဘောတူခဲ့ပါသည်။ ထို့ကြောင့် ၎င်းတို့ကုမ္ပဏီနှင့်ချိတ်ဆက်ထားသော နာမည်ကြီးပုဂ္ဂလိကဆေးရုံကြီး တစ်ခုသို့ ဆေးသွားစစ်ရန် စာတစ်စောင် ပေးလိုက်ပါသည်။ ဖက်စပ်ကုမ္ပဏီမှ ပေးလိုက်သော စာကိုပြ၍ အဆိုပါဆေးရုံကြီးတွင် ဆေးစစ်မှုကိုခံယူရာ ၎င်းဆေးစစ်ချက်အဖြေအား အလုပ်လျှောက်ထားသည့်ကုမ္ပဏီသို့ပို့လိုက်မည်ဖြစ်ကြောင်း၊ အခြေအနေအားကုမ္ပဏီမှ အကြောင်းကြားလိမ့်မည်ဖြစ်၍ အိမ်တွင်နေပြီးစောင့်နေရန် ပြောကြားခဲ့ပါသည်။ ဆေးစစ်ခကုန်ကျစရိတ်ကိုမူ အလုပ်ခန့်မည့်ကုမ္ပဏီမှကျခံပေးခဲ့ပါသည်။

ဆေးစစ်ပြီးတစ်ပတ်ခန့်အကြာတွင် အလုပ်ခေါ်သည့်ကုမ္ပဏီမှ ဖုန်းဆက်ခေါ်သဖြင့် သွားရောက်တွေ့ဆုံရာ ဆေးစစ်မှတ်တမ်းတွင် ဘီပိုး (+)positive ဖြစ်နေကြောင်း၊ ဆေးစစ်မှတ်တမ်းတွင် ဘီပိုးကောင်ရေစစ်ကြည့်ရန်တိုက်တွန်းထားကြောင်း၊ ဆေးကုသလိုပါက ဆေးစစ်သည့်ဆေးရုံမှ ဆရာဝန်ကြီးတစ်ဦးနှင့် ချိတ်ပေးမည်ဖြစ်ကြောင်းပြောကာ ပြန်လွှတ်လိုက်ပါသည်။ ဆေးမအောင်သည့်လူငယ်လည်း ဆေးစစ်ချက်မှတ်တမ်းများကို ယူ၍ ပြန်လာပြီး မိဘများကို အသိပေးရာ မိဘများကလည်း ကျန်းမာရေးဘက်ဆိုင်ရာ မိတ်ဆွေများထံသို့ စိုးရိမ်ပူပန်စွာဖြင့် မည်ကဲ့သို့လုပ်ရမည်ကို စုံစမ်းမေးမြန်းကြပါသည်။ လူငယ်၏ ဆေးစစ်ချက်မှတ်တမ်း (Loboratory Report) ကြည့်ရာ HBs Aitigen (Qualitative) တွင် Reactive ဖြစ်နေကြောင်း၊ စာရွက်အောက်ဆုံး၌ Recommended to do Viral Load Testing ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ အောက်တွင် M.Med.Sc.Ph.D ဘွဲ့ရအမျိုးသမီးဆရာဝန်တစ်ဦးမှ လက်မှတ်ရေးထိုးထားပါသည်။

အပေါင်းအသင်းမိတ်ဆွေများ၏ တိုက်တွန်းအကြံပေးချက်အရ လူငယ်အား အထူးကုဆေးခန်းတစ်ခုတွင် အသည်းရောဂါအထူးကု ပါမောက္ခဆရာဝန်ကြီးတစ်ဦးနှင့် ပြသခဲ့ပါသည်။ အထူးကုဆရာဝန်ကြီးမှ စမ်းသပ်စစ်ဆေးပြီး ရောဂါ လက္ခဏာခံစားနေရသည့် လက္ခဏာမတွေ့ရကြောင်း၊ ဘီပိုးရောဂါကောင်ရေ အရေအတွက်အားစစ်ဆေးကြည့်ပါက ငွေကုန်ကြေးကျများမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဓိကကျသည့် စစ်ဆေးမှုနှစ်ခုကို ဦးစွာစစ်မည်ဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ပါက ကျန်အဆင့်အလိုက်ဆက်လက်စစ်ဆေးကုသပေးမည်ဖြစ်ကြောင်း၊ စိတ်ပူရန်မလိုကြောင်း၊ ကုသသည့် နည်းလမ်းနှင့်ဆေးနည်းရှိပြီးဖြစ်ကြောင်း၊ ဆေးစစ်ချက်မအောင်၍ အလုပ်မရသည့်အတွက် စိတ်မကောင်းကြောင်းပြောပြီး ၎င်းတို့ဆေးခန်းတွင် ဆေးစစ်စေခဲ့ပါသည်။ ဆေးစစ်ချက်မှတ်တမ်းအားသုံးရက်အကြာတွင် ရရှိခဲ့ရာ ဆေး စစ်ချက်မှတ်တမ်းတွင် Test=SGPT(ALT) Result=31၊ Unit=U/L၊Refence=42 ဟူ၍လည်းကောင်း၊ Test=Hbe Ag၊ Result=Negative ဟု ရေးသားထားပြီး ယခင်ဆေးစစ်ချက်မှတ်တမ်းပါ ဆရာဝန်နည်းတူ ဘွဲ့များပိုင်ဆိုင်သော အမျိုးသမီးဆရာဝန်တစ်ဦးမှ လက်မှတ်ရေးထိုးထားပါသည်။ ဆေးစစ်ချက်မှတ်တမ်းအား သမားတော်ပါမောက္ခကြီးမှကြည့်ရှုစစ်ဆေးပြီး တစ်ချိန်ချိန်တွင်လူငယ်၌ ဘီပိုးဝင်သွားခဲ့ကြောင်း၊ ထို့ကြောင့် ဆေးစစ်သောအခါတွင် HBs Aitigen တွင် Reactive ပြခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း လက်ရှိအခြေအနေတွင်ရှင်သန်နေသော ဘီပိုးများမရှိကြောင်း၊ သေသွားပြီးသော ဘီပိုးများ၏ ရုပ်ပစ္စည်းများသာ ၃၁ ယူနစ်ရှိကြောင်း၊ ၎င်းတို့၏ သတ်မှတ်ချက်ဖြစ်သော ၄၂ ယူနစ်ထက်နည်း၍ ပြဿနာမရှိကြောင်း၊ ၁၀၀ ယူနစ်အထက်ဆိုလျှင်တော့ ဆေးကုသရန်လိုကြောင်း၊ ထို့ကြောင့် ယခုစိုးရိမ်စရာမရှိကြောင်း၊ ရောဂါမရှိကြောင်း၊ ရှိနေသော ၃၁ ယူနစ်မှာလည်း သူ့အလိုလို ပျောက်သွားမည်ဖြစ်ကြောင်း ပြောပြီး ဘီပိုးရောဂါမရှိကြောင်း ဆေးစာအုပ်တွင် မှတ်ချက်ရေးပေးခဲ့ပါသည်။ အလုပ်လျှောက်ထားသည့် ကုမ္ပဏီသို့ ဤဆေးစစ်ချက်နှင့် ဆေးစာအုပ်အားပြသပြီး အလုပ်ဝင်နိုင်ပြီဖြစ်ကြောင်း၊ လူငယ်အနေဖြင့် စိတ်အနှောင့်အယှက်ကင်းစေရန်အတွက် URSA-S တစ်နေ့တစ်လုံးဖြင့် ရက် ၃၀စားရန် ဆေးစာ ရေးပေးလိုက်ပါသည်။

သို့နှင့်လူငယ်လည်းဝမ်းမြောက်ဝမ်းသာဖြင့် ဆေးစစ်ချက်မှတ်တမ်းများကိုယူကာ အလုပ်လျှောက်ထားသည့်ကုမ္ပဏီ သို့သွားရောက်တင်ပြခဲ့ပါသည်။ သို့ရာတွင် ကုမ္ပဏီ HR ဌာနတာဝန်ရှိသူက ၎င်းတို့ကုမ္ပဏီအနေဖြင့် အခြားဆေးရုံ၊ ဆေးခန်းများမှ ဆေးစစ်ချက်များကို လက်မခံကြောင်း၊ ၎င်းတို့သတ်မှတ်ထားသည့် ဆေးရုံတစ်ခုတည်းကိုသာ ဆေးစစ်ရန် အတည်ပြုထားကြောင်း၊ သို့သော်လည်း ကုမ္ပဏီတာဝန်ရှိသူများအားတင်ပြပေးမည်ဖြစ်ကြောင်း ပြန်ပြောခဲ့ပါသည်။ သို့နှင့် လူငယ်လည်း ဆေးစစ်မှတ်တမ်းနှင့် ဆေးစာအုပ်မိတ္တူများကိုပေးခဲ့ပြီး ပြန်လာခဲ့ရာ ယခုအချိန်အထိ အကြောင်းပြန်ကြားခြင်း မရှိကြောင်းသိရှိရပါသည်။

ဤတွင် စာရေးသူဖော်ပြလိုသည်မှာ အလုပ်ခန့်မည့် ကုမ္ပဏီအနေဖြင့် ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူမဟုတ်သဖြင့် အခြားဆေးရုံတစ်ရုံမှ ဆေးစစ်ချက်မှတ်တမ်းနှင့် ဆေးဘက်ဆိုင်ရာ သမားတော်၏ မှတ်ချက်တို့အား ၎င်းတို့ငှားရမ်း ထားသည့်ဆေးရုံမှ တာဝန်ရှိသူများထံပေးပို့၍ အတည်ပြုချက်ရယူသင့်ပါသည်။ အလုပ်သမားခန့်ထားမည့် နိုင်ငံခြား ကုမ္ပဏီများအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း၌ ရင်းနှီးမြှုပ်နှံမည်ဆိုပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများကို လိုက်နာရန် သဘောတူညီထားပြီးဖြစ်သဖြင့် နိုင်ငံတော်က ခွင့်ပြုထားသော ဆေးရုံဆေးခန်း၊ ဓာတ်ခွဲခန်းများ၏ ဆေးစစ်ချက်မှတ်တမ်းများကိုလည်း လက်ခံရမည်ဖြစ်ပါသည်။ အချုပ်အားဖြင့်ဆိုရပါမူ အလုပ်သမားခန့်ထားရာတွင် သူတို့ သတ်မှတ်အသုံးပြုထားသည့် ဆေးရုံ၏ ဆေးလက်မှတ်ကိုသာအတည်ပြုလက်ခံပြီး ပြည်တွင်းမှ တရားဝင်သမားတော်၏ ဆေးစစ်ချက်နှင့် ဆေးစစ်မှတ်တမ်းကို လက်မခံခြင်းသည် မြန်မာနိုင်ငံ၏ ဆေးပညာလောကအား ဆန့်ကျင်လျစ်လျူရှုရာရောက်ပါသည်။

နိုင်ငံခြားသားများနှင့် ဖက်စပ်လုပ်ကိုင်နေသော ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့်လည်း မိမိအကျိုးစီးပွားဖြစ်ထွန်းသည်ကိုသာ ကျေနပ်မနေဘဲ မိမိတို့နိုင်ငံ၏ တည်ဆဲဥပဒေများ၊ အမိန့်များကို နိုင်ငံခြားသားများက လေးစားလိုက်နာ လက်ခံစေရန်လည်း ကြိုးပမ်းသင့်ပေသည်။

သို့ပါ၍ ပုဂ္ဂလိကဆေးရုံဆေးခန်းများ၏ ဆေးစစ်မှတ်တမ်းများသာ အတည်ပြုလက်ခံသည့် နိုင်ငံခြားသားများပိုင် ကုမ္ပဏီများအနေဖြင့် မိမိတို့နှင့်ဆက်သွယ်ထားသည့် အထူးကုဆေးရုံများမှ ဆေးလက်မှတ်များအား အဓိကထားပြီး လက်ခံနေသကဲ့သို့ နိုင်ငံတော်အစိုးရ၏ အသိအမှတ်ပြု ပြည်သူ့ဆေးရုံ၊ ဆေးခန်းများနှင့် သမားတော်များ၏ ဆေးလက်မှတ်များ၊ ဆေးစစ်မှတ်တမ်းများကိုလည်း အရေးယူလက်ခံဆောင်ရွက်စေရေးအတွက် တာဝန်ရှိသူများမှ ကြပ်မတ်ဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**အလုပ်သမားခန့်ထားမည့် နိုင်ငံခြား ကုမ္ပဏီများအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း၌ ရင်းနှီးမြှုပ်နှံမည်ဆိုပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများကို လိုက်နာရန် သဘောတူညီထားပြီးဖြစ်သဖြင့် နိုင်ငံတော်က ခွင့်ပြုထားသော ဆေးရုံ ဆေးခန်း၊ ဓာတ်ခွဲခန်းများ၏ ဆေးစစ်ချက်မှတ်တမ်းများကိုလည်းလက်ခံရမည်. . .**

**နန်းဦးလှိုင်** ထုံးဘို–အကောက်တောင်၊ ပြည်
●ဝင်းစိန်တောရဆရာတော်ရုပ်ကလာပ် ယာယီစံကျောင်းသို့ပင့်ဆောင်ခြင်းအခမ်းအနားပွဲနှင့် မော်လမြိုင်တောင်ပေါ်ဘုရားစုံ ကျိုက်ထီး ဝက်စံတမ်းခြေ၊ ကျိုက်မရော၊ ဖွားလပိုတောင် (၂)ရက်။ (၂၉–၅–၂၀၁၅)ထွက်မည်။ အပတ်စဉ်–သောကြာ
● တောင်ကြီး၊အင်းလေး၊ရွှေတော်ကဏ္ဍူးထမ်းစမ်းဂူ (၄)ရက်–ဆက်၍–လွိုင်ကော်၊တောင်ကွဲစေတီ၊ထီးသွင်းကန်ပါ (၅)ရက်။
●ထုံးဘို အကောက်တောင်နှင့် ပြည်ဘုရားစုံစုံ(နေ့ချင်းပြန်)●ထားဝယ်ရှင်ကိုရှင်နှင့် မောင်းမကန်၊ ကျိုက်ထီး ဝက်စံ(၅)ရက်။ (သောကြာနှင့် ရုံးပိတ်ရက်)ထွက်သည်။●ချောင်းသာ(နေ့စဉ်)●ဇလွန်(ရုံးပိတ်ရက်) ကားစီးလုံးငှား လက်ခံသည်။ 01-391577
အမှတ်(၄၂)၊ လမ်းမတော်လမ်း၊ မြို့မဈေးအနောက်၊ သန်လျင်မြို့နယ်။ 09-5122961
အမှတ်(၂၅၁)၊ ပန်းဆိုးတန်းလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။ 09-254340569
အမှတ်(၁၇)၊ ကျိုက္ကစံလမ်း၊ ကျောက်မြောင်းဈေး၊ တာမွေမြို့နယ်။ 09-254821597

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၁၃၄/၁၃၆)၊ (၃)လွှာB၊ မြယာကုန်းလမ်း၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်ဟုခေါ်တွင်သော တိုက်ခန်း၏ အလျား ပေ(၁၅×၄၀)နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးတင်မြင့် (ကွယ်လွန်)ဒေါ်ရွှေမိ[၁၂/မဂတ(နိုင်)၀၃၆၈၁၁]၊ [၁၂/မဂတ(နိုင်)၀၃၆၈၂၁]ထံမှ အပြီးအပိုင် တရားဝင်ဝယ်ယူမည်ဖြစ်ပါ၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ သားသမီးများနှင့် အကျိုးခံစားခွင့်ရှိသူ မည်သူမဆို တရားဝင်ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ကြော်ငြာပါသည့်ရက်မှ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မတင်မာချို[၇/ညလပ(နိုင်)၀၉၆၆၃၈]

### သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ်(၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ အင်ကြင်းလမ်း၊ တိုက်(၃၂)၊ အခန်း(၀၀၁)တွင်နေထိုင်သူ ကျွန်မ ဒေါ်ခင်စန်းအေး[၁၄/ဝခမ(နိုင်)၁၄၁၅၄၃]၏သမီးဖြစ်သူ မတိုးတိုးအောင်သည် မိဘညီအစ်ကို မောင်နှမများ ခွင့်မလွှတ်နိုင်သောကိစ္စများကို ကျူးလွန်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအားအမွေပြတ်ကြေညာပြီး ၎င်းနှင့်ပတ်သက်သော ကိစ္စရပ်များကို လုံးဝတာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်စန်းအေး

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အဖ ဦးကြည်မောင်[၁၂/လမန(နိုင်)၀၆၂၀၂၉]၊ အမိ ဒေါ်စန်းမြင့်[၁၂/လမန(နိုင်)၀၈၅၈၀၅]တို့၏သမီးဖြစ်သူ မစန်းစန်းအေး[၁၂/လမန(နိုင်)၀၀၅၀၈၀]သည် မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအရ နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးကြည်မောင်၊ ဒေါ်စန်းမြင့်

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်သန်းစိန်၏ သားဖြစ်သူ မောင်ငွေလင်းဦး[၁၂/ဗတထ(နိုင်)၀၃၂၉၆၇]သည် မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်သန်းစိန်

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာချက်

ကျွန်တော် ဦးသန်း[၁၂/ဒပန(နိုင်)၀၀၅၅၆၉]၏ သမီးဖြစ်သူ မသန်းသန်းစိုး[၁၂/ဒပန(နိုင်)၀၄၃၃၅၁]ကိုင်ဆောင်သူသည် မိဘ၏ဆိုဆုံးမခြင်းကို မနာခံဘဲ မိဘညီအစ်ကိုမောင်နှမများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်၍ မိမိ၏သဘောဆန္ဒအရ ပြုမူသွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စတစ်စုံတစ်ရာကိုမျှ လက်ခံဖြေရှင်းပေးမည် မဟုတ်ပါကြောင်းကိုလည်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန်း[၁၂/ဒပန(နိုင်)၀၀၅၅၆၉]

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ သူရလမ်း၊ အမှတ်-၈၇/က၊ အကျယ်အဝန်း ပေ(၂၀×၆၀)၊ မြေဧရိယာ(၀. ၀၂၇)ဧက၊ (၁၂၀၀စတုရန်းပေရှိ) နှစ်(၆၀) ဂရန်မြေကွက်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက် ဒေါ်သန်းသန်းရီ ၏အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူဦးသက်ထွန်းဦး[၉/မနမ(နိုင်)၁၁၀၉၆၃]၊ အမှတ်-၆၉၃/က၊ ကျော်သူလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပါသဖြင့် အဆိုပါမြေကွက်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်တို့ ၏မိတ်ဆွေဖြစ်သူက ဥပဒေနှင့်အညီ အပြီးအပိုင်ဝယ်ယူရန်အတွက် မြေကွက်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါအရောင်းအဝယ်ပြုလုပ်သည့် မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အဆိုပါအရောင်းအဝယ်ကို ကန့်ကွက် လိုပါက ဤကြော်ငြာပါသည့်နေ့မှ ရက်ပေါင်း(၇)ရက်အတွင်း ပိုင်ဆိုင်ခွင့် အထောက်အထားမူရင်း စာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါရက်ထက်ကျော် လွန်သွားပါက မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး၏ အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးညဏမျိုး (စဥ်-၄၃၄၇၃) | ဒေါ်ချိုဝေဇင် (စဥ်-၇၈၉၉) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**HIGHSEE 12 LAYWERS ASSOCIATE**

အမှတ်(၃၃/ခ)၊ အင်းယားမြိုင်လမ်း၊ ခရေမြိုင်လမ်းသွယ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

# သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးနှင့် အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပုလဲ မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ပုလဲရတနာခန်းမတွင် မေ ၁၅ ရက်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ပုလဲမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဆရာဝန်ကြီး ဒေါက်တာဇော်ဝင်းအောင်က "ပုလဲမြို့နယ်မှာ သွေးလွန်တုပ်ကွေးရောဂါနဲ့ မြို့နယ်ဆေးရုံတွင် ဆေးကုသမှုခံယူနေတဲ့လူနာ ၁၅ ဦးလောက်ရှိပါတယ်။ အချိန်မီကုသပေးခဲ့လို့ အသက်အန္တရာယ် စိုးရိမ်စရာအခြေအနေ မရှိတော့ပါဘူး။ မိုးရာသီမရောက်သေးပေမယ့် သွေးလွန်တုပ်ကွေး ရောဂါဖြစ်ရတာကတော့ ခြင်ကြောင့်ပါပဲ။

'ကျန်းမာရေးဝန်ထမ်းများကလည်း ရပ်ကွက်နဲ့ ကျေးရွာများအရောက် ကွင်းဆင်းပြီး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက အပတ်စဉ် ကျေးရွာများအရောက် ကွင်းဆင်းပြီး တစ်အိမ်တက်တစ်အိမ်ဆင်းနဲ့ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများဆောင်ရွက်ရာမှာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနဲ့ ရပ်မိရပ်ဖများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးဖို့ လိုပါတယ်။

'နောက်တစ်ခုကတော့ အခုအချိန်ဟာ ရာသီဥတုပူပြင်းလာတဲ့အတွက်ကြောင့် နေ့စဉ် နံနက် ၁၁ နာရီကနေ ညနေ ၃ နာရီအတွင်း နေပူထဲမှာ အလုပ်လုပ်ခြင်းကို ရှောင်ကြဉ်ပြီးတော့ အရိပ်အကာအောက်မှာ နေဖို့လိုပါတယ်။ ချွေးထွက်လွန်ကဲလာပါက ရေနွေးကြမ်းထဲမှာ ဆားထည့်သောက်တာ ဒါမှမဟုတ် ကျန်းမာရေးဝန်ထမ်းများဆီသွားပြီး ဓာတ်ဆားထုပ်များကို အခမဲ့တောင်းယူပြီး သောက်သုံးဖို့လိုပါတယ်" ဟု ရှင်းလင်းပြောကြားခဲ့သည်။

'ပုလဲမြို့နယ် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများသည် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခဲ့ပြီး ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသည့် လူနာများ နေထိုင်ရာ ပန်းရွာကျေးရွာအုပ်စုသို့ မေ ၁၄ ရက်က သွားရောက်၍ ခြင်ဆေးဖျန်းခြင်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ပန်းရွာကျေးရွာအုပ်စုတွင် အိမ်ခြေ ၆၀၀ ကျော်ရှိသည့်အနက် အိမ်ခြေ ၁၅၀ ကျော်ကို ခြင်ဆေးဖျန်းခြင်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးထားပြီးဖြစ်သည်။ ကျန်ရှိနေသည့် အိမ်ခြေများကိုလည်း ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများ ပြီးစီးသည်အထိ ကျန်းမာရေးဝန်ထမ်းများက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# ဆူနာမီဘေးကြိုတင်ကာကွယ်မှုပြုလုပ်နိုင်ရန်အတွက် ဇာတ်တိုက်လေ့ကျင့်



**ထားဝယ် မေ ၁၉**

မိုးဦးကျကာလရောက်ရှိလာပြီဖြစ်သည့်အတွက် ပင်လယ်ကမ်းစပ်ရှိ ဆူနာမီသက်ရောက်နိုင်သောရွာများတွင် ဆူနာမီဘေးကြိုတင်ကာကွယ်မှု ပြုလုပ်နိုင်ရန်အတွက် ဇာတ်တိုက်လေ့ကျင့်မှုကို မေ ၁၅ ရက် နံနက် ၁၀ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့ ကျောက်ဆင်ကျေးရွာအုပ်စု သဘောဆိပ်ရွာ ပြင်ကြီးကမ်းခြေတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူး ဦးနေမျိုးထွန်းနှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မောင်းမကန် တိုက်နယ်ဆေးရုံအုပ်ကြီးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မိုးဝါနှင့် ဝန်ထမ်းများ၊ ကျောက်ဆင်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများက ပူးပေါင်းပါဝင်၍ ဆူနာမီဘေးကြိုတင်ကာကွယ်မှုပြုလုပ်နိုင်ရန်အတွက် စုပေါင်း၍ ဇာတ်တိုက်လေ့ကျင့်လျက်ရှိသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်နေမှုကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်လွင်သည် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးခင်မောင်ရီနှင့် အတူ လာရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ဆူနာမီဘေးကြိုတင်ကာကွယ်မှုပြုလုပ်နိုင်ရန်အတွက် ဇာတ်တိုက်လေ့ကျင့်မှုကို ကော့သောင်းမြို့ ပုလုံးတုံးတုံးရွာ ကမ်းခြေအနီးရှိ ရွာတစ်ရွာ၌ ဇွန်လပိုင်းတွင်ပြုလုပ်ရန် လျာထားသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မီးဘေးပညာပေး ဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်

**ဟားခါး မေ ၁၉**

မြို့ပေါ်ရပ်ကွက်ရှိပြည်သူများ မီးဘေးအန္တရာယ်မှ မိမိတို့ကိုယ်တိုင် ကာကွယ်တားဆီးဆောင်ရွက်နိုင်စေရေးတို့ကို ရည်ရွယ်လျက် မီးဘေးပညာပေးသရုပ်ပြ ဇာတ်တိုက်လေ့ကျင့်မှုကို မေ ၁၅ ရက် နံနက် ၉ နာရီက ဟားခါးမြို့ ကျော့ဘုတ်ရပ်ကွက်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်အတွင်းမီးဘေးအန္တရာယ် သတိပေးနှိုးဆော်ခြင်း၊ မီးလောင်အခင်းဖြစ်ပွားရာနေရာသို့ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များရောက်ရှိလာခြင်း၊ မီးလောင်စွဲနေသောနေအိမ်အား မီးသတ်ကားများဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက မီးကာဝတ်စုံဝတ်ဆင်ပြီး မီးလျှံအတွင်းမှလူနာအား သက်စွန့်ဆံဖျား ဝင်ရောက်ကယ်ထုတ်ခြင်း၊ ဒဏ်ရာရလူနာအား ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှေးဦးသူနာပြုနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်း၊ မီးဘေးသင့်ရပ်ကွက်ပြည်သူများအား သဘာဝဘေးခိုလှုံရေးစခန်းသို့ တာဝန်ရှိသူများက နေရာများချထားပေးကြပြီး အစားအစာ၊ ဆေးဝါးနှင့် ရေသန့်များဝေငှခြင်းစသည်တို့ကို သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။ **ဟားခါးခရိုင်(ပြန်/ဆက်)**

# အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဂုဏ်ပြုပွဲကျင်းပ

**မောက်မယ် မေ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် နမ့်ယွမ်းခန်းမ၌ ၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဂုဏ်ပြုပွဲကို မေ ၁၅ ရက်နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးမြင့်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးငွေဝင်းက အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုများကို ရှင်းလင်းပြောကြားကာ မြို့နယ်အတွင်းရှိစာသင်ဝိုင်းများ၏ အတွေ့အကြုံများကို ပင်လုံတက္ကသိုလ် မြန်မာစာဌာနမှ ကထိကဒေါက်တာနှင်းဆီချိုချိုက ရှင်းလင်းပြောကြားခဲ့သည်။

အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုသို့ လုပ်အားပေးကြသော ပင်လုံတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးမြင့်အောင်က ပေးအပ်ပြီး ပင်လုံတက္ကသိုလ်မှဓာတုဗေဒအထူးပြုမဟာသိပ္ပံ ပထမနှစ်ကျောင်းသူ မငွေဇင်ဟန်က လက်ခံရယူပြီး လင်းခေးခရိုင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်ပေးအပ်ရာ မွေတော်ရပ်ကွက်စာသင်ဝိုင်းမှ သင်တန်းသူ ဒေါ်နန်းအုံကလည်းကောင်း၊ ပအိုဝ့်စာသင်ဝိုင်းများကိုယ်စား ဟိုနမ့်ကျေးရွာအုပ်စု ခူဝိန်းကျေးရွာစာသင်ဝိုင်းမှ ဒေါ်နန်းမလေးတို့က လက်ခံရယူခဲ့သည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**




## ကို့သန့်ဇင်

CAR RENTAL

ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။

ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၁

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်-၁၁၃၇/ခ၊ မြေကွက်တည်နေရာအမှတ်-၁၁၃၇/ခ၊ ပိတောက်လမ်း၊ ဒလမြို့နယ်၊(ဦးသောင်းဌေး) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသောင်းဌေး(Q/RGN-၀၁၂၄၃၇)မှ ဂရန်မူရင်း ပျောက်ဆုံးကြောင်း (၅-၂-၂၀၁၅)ရက်စွဲပါ ကျမ်းကျိန်လွှာ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံစာတို့ကို တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်(၁၃၉/၅)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြတ်ကောင်းကို [၁၄/လပတ(နိုင်)၁၇၂၉၆၄] ကုန်သည်လုပ်ငန်းလုပ်ကိုင်သူနှင့် ဒေါ်ထက်ထက်ကျော်[၁၄/လပတ(နိုင်)၁၇၈၁၀၉]တို့သည် ၁၇-၁၂-၂၀၁၂ ရက်တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပြီးနောက် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၂၈-၄-၂၀၁၅ ရက်က လပွတ္တာမြို့နယ်တရားရုံး မြို့နယ်တရားသူကြီးရှေ့မှောက်တွင် ကွာရှင်းပြတ်စဲကြပြီးဖြစ်ပါသည်။ နောက်နောင်တွင် ကျွန်ုပ်မိတ်ဆွေနှင့်ဒေါ်ထက်ထက်ကျော်တို့သည် ပတ်သက်ဆက်စပ်ခြင်းမရှိသည့် အားလျော်စွာ ဒေါ်ထက်ထက်ကျော်နှင့် ပတ်သက် သောကိစ္စအဝဝတို့သည် ကျွန်ုပ်၏အမှုသည်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမြတ်ကောင်းကို၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးဝင်းဇော်(LL.B) | ဦးမျိုးမြင့်အောင်**(LL.B)** | ဦးအေးမင်းသူ**(LL.B)** |
| (စဉ်-၈၆၄၉) | (စဉ်-၂၅၁၆၅) | (စဉ်-၂၆၁၉၉) |

တရားလွှတ်တော်ရှေ့နေ　　　　အထက်တန်းရှေ့နေများ

အမှတ်-၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၅၆၉၄၄၊ ၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဌာနာလမ်း၊ အမှတ်(၈၄)၊ ၄-လွှာ၊ တတိယထပ်ဟုခေါ်သည့် တိုက်ခန်းအားလက်ရှိပိုင်ဆိုင်လက်ဝယ်ရှိသူ ဒေါ်သွဲ့သွဲ့မူ[၇/ရတန(နိုင်)၀၀၁၁၅၉]ထံမှ ဦးအောင်မြတ်ခိုင်[၁၄/ဇလန(နိုင်)၀၅၉၇၃၂]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုအပြီးတိုင် ဆက်လက်ဆောင်ရွက်သွားပါမည်။

ဦးအောင်မြတ်ခိုင်[၁၄/ဇလန(နိုင်)၀၅၉၇၃၂]
ဖုန်း-၀၉-၈၆၁၄၀၄၀

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ မြို့သစ်ရပ်နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာအေး(၆/မမန(နိုင်)၁၃၃၅၉၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေငြာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာအေးနှင့် ဦးကိုကိုဝင်း(၁၂/စခန(နိုင်)၀၇၂၄၅၃)တို့သည် (၁၈.၉.၂၀၁၄)ရက်နေ့တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တရားရုံး ဒုတိယမြို့နယ် တရားသူကြီး ဦးစိုင်းမျိုးညွှန့်ဦးနှင့် အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

နောက်နောင်တွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာအေးအား နှောက်ယှက်ခြင်း၊ ကိုယ်ရေးကိုယ်တာကိစ္စဟူသမျှ ဝင်ရောက်စွက်ဖက်ခြင်း ပြုလုပ်ပါက တရားဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နန္ဒာမြင့်(အထက်တန်းရှေ့နေ)　ဒေါ်ယဉ်ယဉ်ထွန်း(အထက်တန်းရှေ့နေ)
စဉ် - ၃၉၇၉၅　　　　စဉ် - ၄၃၅၁၉
ဖုန်း၊ ၀၉ - ရ၃၁၄၈၁၉၀

# လူလေးသို့ပေးစာများ –၁၄

*ဆရာမြသန်းတင့် ဘာသာပြန်ဆိုသည့် "လူလေးသို့ပေးစာများ"မှာ နှစ်ပေါင်း ၂၀၀ ကျော်ကအဖြစ်အပျက်များဖြစ်သော်လည်း ယနေ့ထက်တိုင်အသက်ဝင်နေဆဲဖြစ်၍ ကြေးမုံသတင်းစာဖတ် လူငယ်လူရွယ်များ လေ့လာမှတ်သားနိုင်စေရန်အတွက် အပတ်စဉ် (ဗုဒ္ဓဟူးနေ့တိုင်း) ဖော်ပြပေးလိုက်ပါသည်။*

မြသန်းတင့်



**လန်ဒန်၊ ဇန်နဝါရီ ၂ ရက်နေ့၊ ၁၇၄၈ ခုနှစ်။**

**လူလေး**

လိုက်ပဇစ်မှာရှိနေတုန်း အချိန်ကိုကောင်းစွာ အသုံးချခဲ့တယ်လို့ သိရတဲ့ အတွက် ဖေဖေ ဝမ်းသာတယ်။ မနက်ကနေ ညအိပ်ရာဝင်သည်အထိ အချိန်ကို အကျိုးရှိစွာအသုံးချခဲ့တယ်လို့လဲ ပြောရမှာပဲ။ လူမိုက်လူဖျင်းများကတော့ အချိန်အားမရအောင် အသုံးချရမလား၊ ကိုယ့်ကိုယ်တိုင် အဖို့တောင်အချိန်မရှိတော့ပါလားလို့ ပြောကောင်းပြောကြပေလိမ့်မယ်။ ဒါပေမယ့် သေသေချာချာစဉ်းစားကြည့်လိုက်ရင် အချိန်ကို ခုလိုမှန်ကန်စွာ အသုံးချခဲ့တာသည်ပင်လျှင်ကိုယ့်ဖို့ချည်း မဟုတ်ဘူးလား။ ကိုယ့်ဖို့တင်တောင်မကပါဘူးလေ။ ဒါတွေဟာနောင်အရှည်မှာ အတိုးတွေပွားအောင်လုပ်နေတာ။ နောင်နှစ်အတန်ကြာလာတဲ့အခါမှာ အဲဒီအတိုးတွေဟာစုဆောင်းမိဖြစ်လာပြီး ကြီးမားတဲ့ အရင်းအနှီးကြီးတစ်ခုဖြစ်လာမှာပဲ။

မင်းနဲ့အတူ ဘော်ဒါဆောင်မှာ နေထိုင်တဲ့ သူ ဆယ့်လေးယောက်အနက်ဆယ့်နှစ်ယောက်ဟာ လောကကြီးမှာ တော်တော်စိတ်ပျက်စရာကောင်းတဲ့ သူတွေဖြစ်ချင်ဖြစ်မယ်။ ရည်မွန်ယဉ်ကျေးမှု မရှိသူတွေဖြစ်ကောင်းဖြစ်မယ်။ ဒါပေမယ့် သူတို့ကို ဘယ်တော့မှ အထင်သေးဟန် မပြမိအောင် အမြဲသတိထားပါ။ သူတို့ကို လှောင်ပြောင်အထင်သေးခြင်း မပြုမိအောင် ဂရုစိုက်ပါ။ ဒီလိုဆက်ဆံတာဟာ အသိဉာဏ်မရှိရာ ရောက်ရုံမျှမက ယဉ်ကျေးမှုမရှိရာလည်း ရောက်တယ်။ ဒီလိုလှောင်ပြောင်အထင်သေးမယ့်အစား သူတို့မှာရှိတဲ့ ကောင်းတဲ့ အရည်အချင်းတွေကိုရှာပြီး ကိုယ့်အတွက်ရအောင်ယူပါ။ ဘယ်သူ့မှာပဲ ဖြစ်ဖြစ် ကောင်းတဲ့ အရည်အချင်းတော့ရှိတတ်ကြတာပဲ အနည်းဆုံး ပြောရရင်သူတို့ဟာ မင်းကို ဂျာမန်ဘာသာစကားပိုကောင်းအောင်ကူညီနိုင်တယ်။ သူတို့ဟာ အတိုင်းတိုင်းအပြည်ပြည်က လာကြသူတွေဖြစ်တဲ့ အတွက် သူတို့တိုင်းပြည်နဲ့ ပတ်သတ်လို့ ကိုယ်မသိတဲ့ အကြောင်းတွေကို မေးနိုင်တယ်။ ဘယ်လောက်ပဲ ငြီးငွေ့စရာကောင်းကောင်း၊ ဘယ်လောက်ပဲ စိတ်ပျက်စရာကောင်းကောင်း သူတို့ဆီက သူတို့တိုင်းပြည်နဲ့ ပတ်သတ်တဲ့ ဗဟုသုတတွေကို မေးမြန်းရှာမှီးနိုင်တယ်။ အနည်းဆုံးသူတို့ နိုင်ငံရဲ့ တရားဥပဒေတွေ၊ ထုံးတမ်းစဉ်လာတွေ၊ အုပ်ချုပ်ရေးစနစ်အကြောင်းတွေ၊သူတို့နိုင်ငံရဲ့ ထင်ရှားတဲ့ မိသားစုအကြောင်းတွေကို သူတို့ဆီက မသိနိုင်ပေဘူးလား။ ဒီအရာတွေကို သိရတာဟာ မသိတာထက်ပိုပြီး မကောင်းပေဘူးလား။ သိကောသိထိုက်တဲ့ အရေးတွေမဟုတ်ဘူးလား။ လောကမှာ အစစအရာရာ အားလုံးကောင်းနေတဲ့ လူရယ်လို့ တစ်ယောက်မှ မရှိသလို အစစအရာရာ အားလုံးဆိုးနေတဲ့ လူရယ်လို့လည်း တစ်ယောက်မှ မရှိနိုင်ဘူး။ တော်တဲ့ ပေါင်းဖိုပိုင်ရှင်တစ်ယောက်ဟာ ဘယ်ပစ္စည်းကမဆို စိမ်ရေချက်နိုင်သလို ပညာဉာဏ်ရှိတဲ့သူ တစ်ယောက်ဟာလည်း ကျွမ်းကျင်မှု၊ စေ့စပ်မှုကိုသုံးပြီး ကိုယ်နဲ့ စကားပြောသူတိုင်းဆီက ပညာဗဟုသုတကို ထုတ်ယူနိုင်ရမယ်။

ခုဆိုရင် မင်းကို ကိုးလင်းနယ်စားကတော်ကြီးနဲ့လည်း မိတ်ဆက်ပေးပြီးပြီ။ ဒီတော့ အချိန်အားရခဲ့ရင်မကြာခဏသွားပေးပါ။ မြို့စားကတော်ကြီးဟာ အလွန်ယဉ်ကျေးသိမ်မွေ့ပြီး ဉာဏ်ပညာရှိတယ်လို့ ကြားရတယ်။ ခိုင်မာတဲ့ဆုံးဖြတ်ချက်တစ်ခု သို့မဟုတ် ခိုင်မာတဲ့ အသိပညာတစ်ခုခုကို ရဖို့ အတွက် အမျိုးသမီးတစ်ယောက်ဆီမှာ ဆည်းပူးရမယ်လို့တော့ ဖေဖေမပြောချင်ပါဘူး။ ဒါပေမယ့် အမျိုးသမီးတွေနဲ့ ဆက်ဆံရခြင်းဟာလည်းကောင်းတဲ့ အချက်တွေ အများကြီးရှိတယ်။ အမျိုးသမီးတွေနဲ့ ပေါင်းသင်းဆက်ဆံတဲ့ အတွက် အပြုအမူ၊ အပြောအဆိုတို့ဟာ တောက်ပပြီး အရောင်ထွက်လာတယ်။ ပြီးတော့ လောကအလယ်မှာ လိုအပ်တဲ့ သက်တောင့်သက်သာ ဖြစ်မှုကိုလည်းရစေတယ်။ ဒီအရည်အချင်းကတော့ အင်္ဂလိပ်လူမျိုးတွေမှာ အများအားဖြင့် ခေါင်းပါးတဲ့ အရည်အချင်းတစ်ခုပဲ။

မင်းရဲ့ ညလည်စာဟာ သိပ်ပြီးကောင်းလွန်း၊ အရသာခံလွန်းတယ်လို့တော့ ဖေဖေ မပြောလိုဘူး။ ဒါပေမယ့် ဝအောင်စားဖို့တော့ လိုတယ်။ စွပ်ပြုတ်တစ်ပန်းကန်လောက်နဲ့ အာလူးနှစ်ပေါင်လောက်ကို ညလည်စာအဖြစ်စားလိုက်ရင် နောက်တစ်နေ့ မနက်စာကို စိတ်ရှည်ရှည်နဲ့စောင့်ဆိုင်းနိုင်တာပေါ့။ မင်းညလည်စာထဲက အစာတစ်ချို့(အာလူး)ဟာ ဖေဖေ့ မိတ်ဆွေတွေနဲ့ ဖေဖေတို့အိုင်းရစ်လူမျိုးတွေ အမြဲစားကြတဲ့ အစာပဲ။ ဒါကြောင့်မို့ အိုင်းရစ်လူမျိုးဟာ ဥရောပမှာ အကြံ့ခိုင်ဆုံး၊ အကျန်းမာဆုံးလူမျိုးဖြစ်တယ်လို့ထင်တာပဲ။

မင်းနဲ့မစ္စတာဟာတီဆီကို ပေးတဲ့ ဖေဖေ စာတော်တော်များများဟာ မရောက်ဘူးထင်တယ်။ ဖေဖေ့ဆီကို ပေးတဲ့ မင်းတို့စာတွေလည်း အကုန်မရောက်ဘူး။ နောင်စာရေးလို့ရှိရင် ဖေဖေ့ဆီက စာတွေရတဲ့ နေ့စွဲတွေကို ထည့်ရေးစေချင်တယ်။ ဖေဖေ လည်း မင်းတို့ရဲ့ စာတွေရတဲ့ နေ့စွဲတွေကို ထည့်ပေးမယ်။ မင်းတို့ဆီက နောက်ဆုံးရတဲ့စာကတော့ နိုဝင်ဘာလ ၂၅ ရက်နေ့စွဲနဲ့ ရေးလိုက်တဲ့စာပဲ။ ဖေဖေ့ ကျန်းမာရေးကလည်း သိပ်တော့မဆိုးပါဘူး။ အအေးမိတာလောက်ပဲ ရှိတယ်။ ဒါလည်း ခုတော့ ပျောက်သွားပြီ။

**(ဆရာမြသန်းတင့်၏ လူကလေးသို့ ပေးစာများ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)**

# အယ်ဒီတာထံပေးစာ

## စက်ဆူညံသံမအိပ်စက်နိုင်

အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် ပိတောက်လမ်းရှိ နေအိမ်တစ်အိမ်၌ စက်ကို နေ့ရောညပါ မောင်းနှင်နေသည်။ ထိုစက်ဆူညံသံကို တစ်နေ့လုံးကြားရပြီး ညော်နံ့ကိုလည်း တစ်ခါတစ်ရံခံစားရပါသည်။ ထိုစက်ဆူညံသံကြောင့် သက်ကြီးရွယ် အိုများ၊ မကျန်းမာသူများ၊ ကလေးသူငယ်များကောင်းစွာ မအိပ်စက်နိုင်ခြင်းကို သက်ဆိုင်ရာမှ လိုအပ်သလို ကူညီဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူလမ်းသားများ**

## မီးအားအပြည့်အဝရစေချင်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၂ ရပ်ကွက် ဘုရင့်နောင်လမ်း(ခေါ်)ကျောင်းလမ်းတစ်လျှောက်တွင် လွန်ခဲ့သော ခြောက်လခန့်မှစ၍ လျှပ်စစ်မီးအားမမှန်ဘဲ တက်လိုက်ကျလိုက်ဖြစ်နေပါသည်။ မီးအားအတက်အကျမမှန် သောကြောင့် ရေတင်၍မရခြင်း၊ အများစုနေအိမ်ရှိ ဆော့ဂက်များလောင်ခြင်း၊ တီဗွီများပျက်စီးခြင်း၊ မီးအားမြှင့်စက်များလောင်ကျွမ်းခြင်းများကြောင့် မီးဘေးစိုးရိမ်ရပါသည်။ သို့ပါ၍ မီးအားအပြည့်အဝရရှိရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**မီးအားအပြည့်အဝရလိုသူများ**

## တရားမဝင်စက်သုံးဆီရောင်းချ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျုံပျော်မြို့နယ် မြို့မဈေးရှေ့ အင်းရဲလမ်းရှိ မျက်နှာချင်းဆိုင်အိမ်နှစ်အိမ်သည် မြို့အလယ်တွင်တည်ရှိပြီး တရားမဝင်စက်သုံးဆီများကို ရောင်းချနေပါသည်။ သို့ဖြစ်ပါ၍ မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် အသိပေးအပ်ပါသည်။

**မီးဘေးအန္တရာယ်စိုးရိမ်သူ**

## လမ်းမြေကျူးကျော်

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် အမှတ်(၄)ရပ်ကွက် ရွှေပြည်ဆီစက် (ကောင်ကင်ပြာခတ်ပုံတိုက်) အရှေ့ဘက်တွင်ရှိသော အများပြည်သူအသုံးပြုလျက်ရှိသော ၁၆ ပေ၊ အကျယ်လမ်းမှာ ယခုအခါ ကပ်လျက်ရှိအရှေ့ဘက်ဝိုင်းမှ တိုးချဲ့ကျူးကျော်လာသည့်အတွက် လမ်းမြေမှာ ၈ ပေ ခန့်သာ ကျန်ရှိတော့သည်။ မူလက ကား၊ လှည်းတို့သွားလာနိုင်သော်လည်း ယခုအခါ သွား၍မရတော့ပါ။

ထို့အတူ အမှတ်(၄)ရပ် မြို့နယ်လျှပ်စစ်ရုံးအရှေ့ဘက်တွင်ရှိသော လမ်းမှာလည်း ကပ်လျက်ရှိသော ဝိုင်းမြေ မှာ တိုးချဲ့ကျူးကျော်၍ တိုက် ဆောက်နေမှုကြောင့် လမ်းမှာများစွာကျဉ်းမြောင်းနေပါသည်။ တာဝန်ရှိသူအဆင့်ဆင့်မှ စစ်ဆေးဆောင်ရွက်ပေးနိုင်ရန်တင်ပြအပ်ပါသည်။

**နွားထိုးကြီးသား**

## လမ်းဆုံ၌ မီးပွိုင့်တပ်ဆင်ပေးစေလို

လှိုင်မြို့နယ် (၄)ရပ်ကွက် ဘူတာရုံလမ်းနှင့် ဘုရင့်နောင်လမ်းမကြီးဆုံ ပတ်ဝန်းကျင်တွင် အထပ်သားစက်ရုံ၊ ငါးအအေးခန်းစက်ရုံများအပြင် မြန်မာ့သစ်လုပ်ငန်း ဝန်ထမ်းအိမ်ရာပါတည်ရှိနေရာ ဘုရင့်နောင်လမ်းမကြီးကို နေ့စဉ်လမ်းဖြတ်ကူးရာတွင် ယာဉ်အသွားအလာများပြားသဖြင့် ယာဉ်တိုက်မှုမကြာခဏ ဖြစ်နေသောကြောင့် လမ်းဆုံနေရာ၌ မီးပွိုင့်တပ်ဆင်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ရတနာသစ်အိမ်ရာဝန်ထမ်း**

လှိုင်မင်းလတ် စာရင်းကိုင်သင်တန်း Nov Series / 2015
June-13 စမည်။
LCCI, MYOB, IFR

| Level I+II | သင်တန်းချိန် | Level III | |
|---|---|---|---|
| Sec(A) Sat+Sun | 7-9 (am) | Sec(A) Sat-Sun | 3- 8 pm |
| Sec(B) Sat+Sun | 9-11(am) | Sec(B) Wed-to-Sun | 6-8 pm |
| Sec(C) Sun | 11-3(pm) | Sec(C) Tue-to-Fri | 9-12 am |
| Sec(D) Mon+Tue | 6-8 (pm) | ခုံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ | 09 510 9922 |
| Sec(E) Mon to Fri | 12-3(pm) | | 0979 510 9922 |
| Sec(F) Sat | 11-3(pm) | | 0997 510 9922 |
| Sec(G) Wed | 11-3(pm) | | |

၃၄ ၊ ၄ လွှာ၊ အင်းစိန်လမ်းမ။ လှည်းတန်း ၊ကမာရွတ်(လှည်းတန်းမှတ်တိုင်အနီး) 09 7313 6677

ရွှေကြေးစည် - ကျိုက်ထီးရိုး / ချောင်းသာ
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်စမ်းလိုဏ်ဂူ။
▲ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ(၃)ရက်။ ဆက်၍-မန္တလေး၊ ပြင်ဦးလွင်အနဲ့(၅)ရက်။
▲ မန္တလေး၊ ပြင်ဦးလွင်အနဲ့ (၃)ရက်။ ဆက်၍- စစ်ကိုင်း၊ မုံရွာအနဲ့ (၅)ရက်။
▲ ကျိုက္ကမီ၊ မော်လမြိုင်၊ စက်စဲ ။ ဆက်၍- ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်။
▲ (အကောက်တောင်)(ဇလွန်)(နေပြည်တော်) အပတ်စဉ်–သောကြာ၊ စနေ၊ တနင်္ဂနွေ
ဖုန်းဆိုးတန်း ☎01-240860/01-372290 ဒေါပုံ 09-49282825 ကမာကြည် 09421029191

သန်းဌေးနှင့်ရောင်းရင်းများ ၏ နှစ်သစ်ခရီးစဉ်များ
MAY - 15/22/29, JUN - 5/12/19/26, JULY - 3/10/17/24/31 ကျိုက်ထီးရိုး၊ ချောင်းသာ (နေ့စဉ်)
▲ ပုဂံ၊ ပုပ္ပား (စွယ်တော် ၄ ဆူ)၊ ပခုက္ကူ (၄) ရက်။ ▲ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ (၅) ရက်။
▲ တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်း (၄) ရက်။ ▲ မော်လမြိုင်၊ ကျိုက္ကမီ၊ ထားဝယ်ရှင်ကိုးရှင် (၆) ရက်။
▲ သရေခေတ္တရာ၊ ပိသနိုး၊ ပင်းမြို့ဟောင်း၊ သံတောင်ကြီးမြို့၊ နေပြည်တော် (လွှတ်တော်လေ့လာခြင်း) (၃) ရက်။
▲ ရွှေဘို၊ ဟန်လင်းကြီး (ပျူမြို့ဟောင်း)၊ စစ်ကိုင်း၊ မင်းကွန်း၊ အင်းဝ၊ မန္တလေး၊ နေပြည်တော် (၃) ရက်။
▲ ကျိုက္ကမီ၊ စက်စဲ၊ ဘားအံဂူ (၅) ဂူ၊ မဲလံဆံတော်ရှင်ဖူး (၂) ရက်။ ▲ ဘားအံဂူ (၅) ဂူ၊ ရွှေရင်မျှော်၊ ကျောက်ကလပ်၊ အင်ကြင်းတစ်ထောင်ဖူး ထမင်းကျွေး (နေ့ချင်းပြန်)။ ▲ ပြည်၊ အကောက်တောင်၊ နဂါးရစ်တောင်ဆရာတော်ဖူး။ ▲ (ဇလွန်)၊ (မဲလံဆံတော်ရှင်၊ ကျောက်ပိရဟန္တာဖူး)(နေ့ချင်းပြန်) စနေ/တနင်္ဂနွေ
▲ နေပြည်တော် (နေ့ချင်းပြန်ခရီးစဉ်) ဥပ္ပါတသန္တိစေတီ၊ သတ္တသတ္တာဟမဟာဇောတိစေတီတော်၊ ဆာဟာရီဥယျာဉ်၊ ရေပန်းဥယျာဉ်၊ လွှတ်တော်ဝင်ရောက်လေ့လာခြင်း။ ကြိုတင်လက်မှတ်ရောင်းပြီ။
ပင်ရင်း (၄၂၄)၊ ရွှေဘုံသာလမ်းအထက်။ Ph : 380141, 241863, 09 43043109, 09 73251422

ထက်နေလင်း (ခရီးသွားဝန်ဆောင်မှု)
အိမ်အရောက် (ကြို/ပို့) နေ့ချင်းပြန် (၃၅၀၀၀ဝိ/-)အပတ်စဉ်(စနေ)
၁။ မော်လမြိုင်(ဝင်းစိန်တောရ) ကျိုက္ကမီရေလယ်ဘုရား- စက်စဲ(ကမ်းခြေ)
✽ ကျိုက်သလွံဘုရား-ဦးဇိနဆံတော်ရှင်-ကျိုက်မရော-ဆုတောင်းပြည့်ဘုရား
၂။ သထုံ(ရွှေစာရံ)ဘုရား၊ ဘီးလင်း(မဲသလွံဆံတော်ရှင်)- ကျိုက်ပိ(ရဟန္တာ)
✽ ကျိုက်ထီးဆောင်း၊ (စိမ်းလဲ့တင်) အပန်းဖြေဥယျာဉ် ခရီးစဉ်ပါဝင်သည်။
အဆင့်မြင့် (နံနက်စာ/ထမင်းကျွေး(၂-ကြိမ်)/ ကားခ)စရိတ်ငြိမ်း
ဖုန်း- ၀၁-၇၀၈၄၆၄၊ ၇၀၈ ၇၉၅၊ ၀၉၂၅၄ ၃၆၂ ၀၀၅၊ ၀၉-၂၅၂ ၄၈၇ ၉၅၅

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လှည်းတန်း(၅)လမ်း၊ တိုက်အမှတ်(၁၀)၊ မြေညီထပ်(B)(ခြေရင်းခန်း)၊ အလျား (၁၂ ၁/၂)ပေ× အနံ ပေ(၅၀)ရှိ တိုက်ခန်းနှင့်တကွ ၎င်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော မီတာဘောက်စ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး

အထက်ဖော်ပြပါ နေအိမ်တိုက်ခန်းနှင့်ပတ်သက်၍ ဒေါ်ခင်ရီ(ခ)ဒေါ်ဝင်းသန့်[၁၄/မမက(နိုင်)၀၀၂၁၀၀] ကိုင်ဆောင်သူမှ အဆင့်ဆင့်စာချုပ်များဖြင့် ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက် သက်ဆိုင်သည့် မည်သူမဆို အထောက်အထား(မူရင်း)ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန်းသန်းစိုး
တရားလွှတ်တော်ရှေ့နေ
(စဉ်-၂၈၉၈)

ဒေါ်ခိုင်ကျော့ကျော့လှိုင်
အထက်တန်းရှေ့နေ
(စဉ်-၃၄၀၆၂)

တိုက်(၉/၁၁)၊ အခန်း(၁၀၃/စီ)၊ ပထပ်မထပ်၊ ၃၆-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၂၁၈၂၇၊ ၀၉-၂၅၀၀၂၂၈၉၂၊ ၀၉-၉၇၈၄၂၀၇၇၃၊ ၀၉-၄၃၁၂၄၅၉၄

**နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း**

ကျွန်တော် ဦးတင်မိုးထွန်း [၁၂/ကတတ(နိုင်)၀၀၂၅၆၂]နှင့် ဒေါ်သန္တာအောင်[၉/ပဘန(နိုင်)၀၇၀၁၆၈]တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၁၉-၈-၂၀၁၂ရက်မှစ၍ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးတင်မိုးထွန်း
[၁၂/ကတတ(နိုင်)၀၀၂၅၆၂]

**နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း**

ကျွန်မ မအိသူသူဦး[၁၂/ရကန(နိုင်)၀၇၂၈၇၈]နှင့် ကိုထွန်းလှိုင်ဖြူ[၁၂/ရကန(နိုင်)၀၇၄၁၂၅]တို့သည် စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၇-၅-၂၀၁၅ ရက်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး၌ တရားဝင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

အိသူသူဦး

**ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရေချမ်းအိုးကျေးရွာ၊ ကွင်းအမှတ်(၆၈၁/၈)၊ ဦးပိုင်အမှတ်(လ -၂၁)၊ ဧရိယာ(၁)ဧကပေါ်ရှိ ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဖြစ်သော ဦးကျော်ဝင်း(SKG-၀၀၄၉၄၈)ထံမှ ကျွန်ုပ် ဦးမောင်မောင်ကြီး[၁၂/စခန(နိုင်)၀၁၂၁၉၁]နှင့်ဇနီး ဒေါ်နီလာဝင်းကျော်[၁၂/စခန(နိုင်)၀၁၀၂၂၆] အမှတ်(၁၈ I)၊ ရတနာမြိုင်လမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ခြံမြေအရောင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁)လအတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ခြံမြေအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမောင်မောင်ကြီး
[၁၂/စခန(နိုင်)၀၁၂၁၉၁]

ဒေါ်နီလာဝင်းကျော်
[၁၂/စခန(နိုင်)၀၁၀၂၂၆]

အမှတ်(၁၈ I)၊ ရတနာမြိုင်လမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၀၇၄၀၇၀၊ ၀၉-၄၃၀၇၄၀၃၅၊ ၀၈၅-၂၈၄၇၁

အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

ကိုမြင့်ဟန်သည် စိတ်ပျက်ဟန် ခေါင်းခါသည်။ ထို့နောက်မျက်နှာတည်ကြည်စွာဖြင့် ဆို၏။

" ခင်ဗျား စိတ်မဆိုးနဲ့ . . .။ ဒီကောင်မလေးဟာ . . . နည်းနည်းမှ ကောင်းတဲ့ ကောင်မလေး မဟုတ်ဘူး။ ကျွန်တော်ကတော့တည့်တည့်ပဲ ပြောတတ်တယ် . . ."

" ခိုင် မကောင်းဘူး . . .။ ဘာကြောင့်လဲ "

" မိန်းကလေးတစ်ယောက် မကောင်းဘူးဆိုတာ ဘာဖြစ်ရမလဲ . . .။ ရည်စားများတယ်၊ မျက်နှာများတယ် . . .။ အဲဒါပဲပေါ့ "

ကျွန်တော်သည် ကျွန်တော့်နားကို မယုံမိ။ ကိုမြင့်ဟန်ဖြစ်၍သာ နားထောင်နေရသည်။ အခြားသူဆိုလျှင် ဆွဲထိုးမိ မည်လော မပြောတတ်။ ကျွန်တော် ငိုင်နေစဉ် ကိုမြင့်ဟန်က ဆက်ပြောသည်။

" တော်ရုံတန်ရုံဆို ကျွန်တော် မပြောဘူး။ ကျွန်တော် ဥက္ကဋ္ဌလုပ်တဲ့နှစ်က ကျောင်းသားချင်း ခားထိုးမှု ဖြစ်တယ်။ ဒီကောင်မလေးကြောင့် . . .။ ဩော် . . . ဒါထက် ခင်ဗျား ငြိမ်းမောင်နဲ့လည်း ခင်သားပဲ၊ သူမပြောပြဘူးလား "

"ဟင့် . . . အင်း . ."

"အင်းလေ . . . ဘယ်ပြောမလဲ၊ ဒီကောင်လည်း နွားပဲ . . .။ နွားမှနွားအစစ်။ ဟာ . . . ဆောရီးဗျာ . . . ကျွန်တော် ဒါ မပြောထိုက်ပါဘူး "

ကိုမြင့်ဟန်က ပါးစပ်ပိတ်သွားသည်။ ကျွန်တော်ကလည်း ဆက်မမေးတော့။ နောက် တနင်္ဂနွေတွင် လှေလှော်သင်း၌ လှေကျင့်ခန်းရှိသောကြောင့် ခိုင်တို့ဆီ မရောက်။ တစ်ပတ်ကျော်၌လည်း ညနေစောင်းမှ ရောက်သွားသည်။

ပထမဆုံး ကျွန်တော် မမျှော်လင့်သည့် ကြုံရသည်မှာ ခြံတွင်းမှ ဆွေးမြေ့ဖြည်းလေးစွာ ပေါ်ထွက်နေသည့် စောင်းသံဖြစ်သည်။ ဒုတိယကား . . . အိမ်တွင်း၌ တွေ့နေကျ တင်မောင်ညွန့် စသည်ကို မမြင်ရ။

ယုဇနရုံဘေးတွင်မူ ငြိမ်းမောင်သည် ထိုင်နေကျနေရာ၌ ထိုင်လျက်ရှိနေ၏။ ကျွန်တော်သည် ခြံတွင်းသို့ ဆင်းလာခဲ့၏။ ငြိမ်းမောင်နှင့် အတန်ဝေးသော ခြံထောင့်၌ မြင်ရသော အာရုံကြောင့် ကျွန်တော့် ခြေလှမ်းရပ်ကာ . . . ခေတ္တငေးကြည့်နေမိသည်။

ထိုဆီမှာ၌ နှောင်းစံပယ်ဖြူတို့ မွှေးမွှေးကြူအောင် ပွင့်လန်းနေသော ပန်းပင်တန်းလေးရှိသည်။

စံပယ်ဖြူပင်တန်းအနီး ခုံရှည်တစ်ခုထက် ပုဆစ်တုပ်ထိုင်ရင်း ခိုင်သည် စောင်းကောက်တစ်လက်ကို ညင်ညင်သာသာ တီးခတ်နေ၏။ တိုးတိုးလေး ဆိုညည်းသော တေးသံကိုလည်း ကြားရ၏။

" ဗျာပါရေး . . . ငယ်နှင့် . . . မကြုံပါနိုင်၊ နွမ်းခွေလို့ယိုင် . . .၊ နွဲ့ပင်တိုင် ကြဲ်ရှောင်တိမ်းတယ် . . . စိမ်းသင့်မှစိမ်း . . ."

ကျွန်တော်က ခိုင့်အနီးသို့ ချဉ်းကပ်သွားသည်။ ခိုင်က မျက်တောင်ကော့များ လှန်၍ တစ်ချက်မော့ကြည့်၏။ မျက်နှာလေးမှာ ပြုံးမဲ့မဲ့ ဖြစ်သွားပြီး သီချင်းကိုသာ ဆက်ဆိုတီးနေသည်။

ကျွန်တော်က ခုံတစ်ဖက်စွန်းတွင် ဝင်ထိုင်လိုက်၍ သီချင်းကို ငြိမ်သက်စွာ နားထောင်မိသည်။

ညဥ့်ဆည်းဆာတွင် ဝါဝင်းသော ခိုင့်အသားလေးများသည် ရွှန်းလက်နေသည်။ နောက်ထုံးကို တစ်ပတ်ဖြေ၍ ချထားသော ဆံပင်သည် သွယ်ရှင်းသော လည်တိုင်မှ ခွေပတ်ကာ ရင်ခွင်ဆီ ဆင်းကျနေ၏။

နှုတ်ခမ်းပါးကလေးများက လှုပ်ရှားနေခိုက် မျက်လုံးပြာများတွင် မျက်ရည်ဝဲလျက်၊ အေးမြမြအရောင်တို့မှိန်တစ်ချီဝင်းတစ်လှည့် ပေါ်ထွက်နေသည်။ ခေါင်းထက်၌လည်း စံပယ်တစ်ကုံးကို ကပိုကရို ပန်ဆင်ထားသည်။

ဤအသွင် . . .၊ ဤအသရေ . . .၊ ဤအလှ . . .၊ ဤဘဝကို ကြည့်ရင်း ကိုမြင့်ဟန်ပြောခဲ့သော စကားများကို မယုံမိ၊ မယုံလို၊ မယုံပါရစေနှင့် . . .။

ကျွန်တော့်ရင်မှာ မလှုပ်ရှားစဖူး၊ လှုပ်ရှားနေသည်။ ကြည်နူးမှုနှင့် ဝမ်းနည်းမှုတို့က ရောယှက်နေသည်။

သီချင်းဆုံးသွားသော ခိုင်က စောင်းကို အခံထောက်ပေါ်၌ တရိုတသေ တင်ထားလိုက်ပြီးကျွန်တော့်ကို နူးညံ့စွာ လှမ်းကြည့်သည်။

" သိပ်ကောင်းတာပဲ ခိုင် . . .။ ကောင်းလွန်းလို့ . . . ပြီးတော့ မမျှော်လင့်ဘဲ ကြုံရတာမို့ . . . ခိုင်မှဟုတ်ကဲ့လား . . .၊ ဥစ္စာစောင့်မလေး ခင်မြိုင်များ ဖြစ်နေလားလို့ . . . မောင် ထင်မိတယ် . . ."

ခိုင်က ပြုံးသည်။ အပြုံးမှာ ဆွေးဆွေးမြေ့မြေ့နိုင်၏။

" ခိုင် စောင်းကောက်တီးတတ်တာ မောင့်ကို ဘာလို့ မပြောသလဲဟင် . . ."

" ပြောမလို့ပဲလေ . . .။ စကားလည်း မစပ်ဘူး . . .။ ပြီးတော့ စပ်မိပြန်ရင် မောင်က တီးခိုင်းဦးမယ်။

ဟိုတစ်လောက ခိုင်ဘာမှ တီးချင်မှုတ်ချင်စိတ်မရှိဘူး . . ."

"ဘာလို့ မရှိတာလဲ . . ."

ခိုင်က မဲ့ပြုံးနှင့် ဆို၏။

"မောင့်ဆီ ခိုင်ရေးဖူးသားပဲ . . .။ ရန်ကုန်က စိတ်ပျက်ဖို့ကောင်းတယ်လို့။ ဂီတနဲ့ ရန်ကုန်ဟာ မတန်ပါဘူး။ အသည်းနှလုံးရှိတဲ့ မြို့မှ မဟုတ်ပဲ . . ."

ခိုင့်စကားကြောင့် ကျွန်တော် ထိတ်လန့်သွားသည်။

" အို . . . ခိုင် ဘာတွေပြောနေတာလဲ "

ခိုင်က သူ့ဘာသာ ဘာသဘောကျသည် မသိ၊ ရယ်မောသည်။ ထို့နောက် ရုတ်တရက်ကောက်မေးသည်။

"မောင့်ကို ကိုမြင့်ဟန်ကြီးက ခိုင့်အကြောင်း ဘာတွေပြောလဲ "

ကျွန်တော် အငိုက်မိသွားသည်။ ချက်ချင်းပြန်၍ မဖြေနိုင်။

" ပြောလေ . . . မောင် . . ."

" အို . . . အို . . . မပြောပါဘူး . . . ဘာ . . . ဘာဖြစ်လို့လဲ "

ခိုင်က ရယ်ပြန်သည်။

"ဘာလို့ . . . မညာတတ်ဘဲညာရတာလဲမောင် . . ."

" အို . . . ခိုင့်ကိုလည်း မောင် မညာပါဘူး . . ."

" မောင် . . . ညာပါတယ် . . .။ ကဲလေ . . . ခိုင်ကပဲ ပြောပြပါမယ် "

" ကိုမြင့်ဟန်က ပြောတယ် . . . ခိုင့်မှာ ရည်းစားများတယ်၊ မျက်နှာများတယ်၊ ခိုင်ဟာ မကောင်းဘူး၊ ဟုတ်တယ် မဟုတ်လား "

" ဘာကြောင့် ခိုင် . . . ဒါတွေ ပြောနေရသလဲ . . .၊ ကိုမြင့်ဟန်က ပြောဦးတော့၊ မောင်က ယုံရမလား . . ."

" ဒါဖြင့် ခိုင်က ဝန်ခံရင်ရော မောင် ယုံမလား . . ."

ခိုင့်စကားကြောင့် ကျွန်တော်က ဘာပြန်ပြောရမှန်းမသိ။ ခိုင် နောက်နေသည်လောဟု စူးစမ်းမိသည်။

ထိုစဉ် ငြိမ်းမောင်က ကျွန်တော်တို့အနီးကပ်လာသဖြင့် ခိုင်က လှမ်းပြောသည်။

" ငြိမ်းမောင်ရေ . . . ကိုမြင့်ဟန်ပြောတာကို မောင်က မယုံဘူးတဲ့ . . .။ ယုံအောင် ပြောပြလိုက်ပါဦး . . ."

ငြိမ်းမောင်သည် ခိုင့်အား တစ်ချက် မျက်မှောင်ကြုတ်ကြည့်သည်။ လေသံပျော့သော်လည်းမြစ်တားသော စကားကိုဆို၏။

"မဟုတ်တာတွေ ဘာလို့ပြောရတာလဲ ခိုင် . . .။ အလကား စိတ်မချမ်းသာစရာ . . ."

ငြိမ်းမောင်၏ မှိုင်းသောမျက်နှာသည် မှုန်နေ၏။ ခိုင်က ငြိမ်းမောင်ကို စိုက်ကြည့်နေသည်။

ငြိမ်းမောင်က ကျွန်တော့်ဘက် လှည့်ရှင်းပြ၏။

"လူတွေဟာ . . . အစွပ်အစွဲ သိပ်လွယ်တယ် သူငယ်ချင်း . . .။ ခိုင်ကလည်း အားကြီးရွဲ့တတ်တယ် . . .။ ခိုင် မကောင်းဘူး . . ."

ခိုင့်မျက်လုံးများက ငြိမ်းမောင်ဆီ စိုက်လျက်ပင် ရှိသေးသည်။ ဤမျက်လုံးများ၌ ကျွန်တော်နားမလည်သော ညို့ဓာတ်တစ်မျိုးပါသည် ထင်၏။ကျွန်တော်က နှစ်ဦးလုံးကို မကျေနပ်။ ဘာကို မကျေနပ်မှန်းလည်း မသိ။ ကြိုင်နှင့် လှိုင်က ခြံတွင်းသို့ ဆင်းလာသဖြင့် ကျွန်တော်တို့ စကားပြတ်သွားသည်။ လှိုင်က ကျွန်တော့်လက်မောင်းများကို ဆွဲကိုင်လှုပ်ယမ်းကာ ရန်တွေ့သည်။ **ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

KMD
Education Services
၂၀၁၄ – ၂၀၁၅ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာအောင်မြင်သော
ကျောင်းသား/သူများအတွက် KMD မှပေးအပ်ချီးမြှင့်သော ပညာတော်သင်ဆု
Hot Line:
700895,220555
- နယ်မှလာတက်မည့်သူများအတွက်နေထိုင်စားသောက်ရေးအဆင်ပြေစေရန်အဆောင်များ စီစဉ်ပေးထားပါသည်။
- သင်တန်းကြေးကိုအရစ်ကျငွေပေးချေစနစ်ဖြင့် ပေးသွင်းတက်ရောက်နိုင်ပါသည်။
First Year Diploma in Computing (NCC, UK)
အခြေခံပညာအထက်တန်းဖြေဆို/အောင်မြင်ပြီးသူများအတွက် (UK)နိုင်ငံ၏ ကွန်ပျူတာ ဒီပလိုမာနှင့်ဘွဲ့လက်မှတ်များရရှိနိုင်မည့်အထူးအခွင့်အရေး
ရရှိနိုင်မည့် ပညာတော်သင်ဆုများ –
ဘာသာရပ်ဂုဏ်ထူးရှင် – ၁၀၀% ၃ ဘာသာဂုဏ်ထူးရှင် – ၄၀%
၅ ဘာသာဂုဏ်ထူးရှင် – ၁၀၀% ၂ ဘာသာဂုဏ်ထူးရှင် – ၂၀%
၄ ဘာသာဂုဏ်ထူးရှင် – ၅၀% ၁ ဘာသာဂုဏ်ထူးရှင် – ၂၀%
Opening Date: 23 May 2015 7am to 2pm (S-S)
Higher National Diploma (SQA, UK)
အင်္ဂလန်နိုင်ငံမှ တိုက်ရိုက်ပေးအပ်သောအဆင့်မြင့်ဒီပလိုမာ သင်တန်းကို HND Star Award (ကျောင်းသား/သူများ၏ အရည်အသွေးကို မြှင့်တင်ပေးသော အကောင်းဆုံး စင်တာဆု) ရရှိထားသော KMD Computer Centre တွင်တက်ရောက်နိုင်ပါပြီ။
ပညာတော်သင်ဆု ၅၀%
Opening Date: 20 May 2015 1pm to 5pm (M-F)

PUN HLAING SILOAM HOSPITALS
အရိုးအကြောနှင့်ကျီးပေါင်းရောဂါဝေဒနာရှင်များအတွက်သတင်းကောင်း
အရိုးအကြောနှင့် ကျီးပေါင်းရောဂါဆိုင်ရာ စစ်ဆေးကုသမှုများအတွက် နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ.....
မေလ ( ၂၈ ) ရက်နေ့မှ ( ၃၁ ) ရက်နေ့အထိ
မလေးရှားနိုင်ငံမှ နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသော အထူးကုဆရာဝန်ကြီးမှ
- လည်ပင်းအရိုးကျီးပေါင်းဝေဒနာ၊ ခါးဆစ်ရိုးနာ၊ အကြောညပ် စသောကျောရိုးဆစ်ရောဂါများ (Minimally Invasive Spine Surgery)
- မှန်ပြောင်းဖြင့်အဆစ်အတွင်းရောဂါရှာဖွေကုသခြင်း (Arthroscopy)
- တင်ပါးဆုံဆစ်နှင့်ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးကုသခြင်းများ (Total Hip and Knee Replacement) နှင့်
- အခြားအရိုးအကြောဆိုင်ရာကုသခြင်းများကို လာရောက်ဆွေးနွေးတိုင်ပင်ကုသပေးမည်ဖြစ်ပါသည်။
LIKE US ON facebook Pun Hlaing Hospital
ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၄၊ (၀၉) ၄၂၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀ Email : marketing-phih@spa-mm.com

# ပုပ္ပါးဒေသတွင် သရက်ချဉ်ပေါက်လုပ်ငန်းများအလုပ်ဖြစ်



**ကျောက်ပန်းတောင်း မေ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် နတ်ကန်လည်ဆင်ဆင်း၊ လျှော်တော အစရှိသည့် ကျေးရွာများတွင် သရက်သီးပေါ်ရာသီရောက်ရှိလာပြီဖြစ်သဖြင့် ကျေးလက်တောင်သူများမှာ သရက်သီးစွတ်ခြင်း၊ သရက်ချဉ်ပေါက်ခြင်းဖြင့် အလုပ်ဖြစ်နေကြောင်း သိရသည်။

ဆုံကုန်း၊ နတ်ကန်လည် အဆိုပါကျေးရွာများ၌ သရက်သီးပေါ်ချိန်တွင် စိန်တလုံးသရက်သီးများကို အပင်အများအပြားရှိသူများက ခြံပြတ်စနစ်ဖြင့်ရောင်းချကြသော်လည်း ပင်ရေနည်းသော တစ်ပိုင်တစ်နိုင်စိုက်ပျိုးထားရှိသူများမှာ မိမိတို့ကိုယ်တိုင် လူငှားဖြင့်ခူးစွတ်ရောင်းချခြင်း၊ ဒေသမျိုးရင်းဖြစ်သည့် ရင်ကွဲသီးစိမ်းများအား သရက်ချဉ်ပေါက်ရောင်းချခြင်းများပြုလုပ်ကြကြောင်း သိရသည်။

"သရက်ချဉ်ပေါက်တာက ရင်ကွဲသီးတွေပါ။ အလုံးလိုက်လည်း ဆာလာအိတ်နဲ့ရောင်းပါတယ်။ တစ်တင်းခွဲဝင်အိတ် တစ်အိတ်ကိုကျပ် ၄၀၀၀ ရောင်းရပါတယ်။ ကိုယ့်ဟာကိုယ်လည်း လူငှားနဲ့ ပေါက်လည်းရောင်းပါတယ်။(သရက်ချဉ်) ပေါက်ခက ပိဿာလိုက်ဆိုရင် တစ်ပိဿာကို ကျပ် ၇၀ ပါ။ အိတ်လိုက်ဆိုရင်တော့ တစ်အိတ်ကို ကျပ် ၇၀၀ ပေးရပါတယ်။ သူတို့ကတော့မနက် ၈ နာရီလောက်ကနေ ညနေ ၅ နာရီ၊ ၆ နာရီအထိပေါက်ကြတယ်။ ရောင်းတာကတော့ ကျောက်ပန်းတောင်းပွဲစားဆီရောင်းတာပါပဲ။ လုပ်ငန်းအနေနဲ့ကတော့ အသီးအဝါရောင်မသမ်းမချင်းပေ့ါ။ မှဲ့သွားရင် သရက်ချဉ်ပေါက်လို့မရတော့ဘူး" ဟု နတ်ကန်လည်ကျေးရွာ တဲတိုက်မှ သရက်ချဉ်ပေါက်လုပ်ကိုင်ရောင်းချသူ မခင်ဌေးရီက ပြောသည်။

အဆိုပါ သရက်ချဉ်ပေါက်တစ်ပိဿာလျှင်ကျပ် ၄၀၀ ဖြင့်ကျောက်ပန်းတောင်းသို့ တင်ပို့ရောင်းချခြင်းဖြစ်ပြီး သရက်ချဉ်ပေါက်အလုပ်လုပ်ကိုင်သူ အမျိုးသမီးတစ်ဦးသည် တစ်ရက်လျှင် အချိန် ၄၀ မှ ၅၀ အထိ ပြီးစီးကြောင်း သိရသည်။

အဆိုပါ ကျေးရွာအတွင်းရှိ အမျိုးသမီးများမှာ တစ်ရက်လျှင် ဝင်ငွေကျပ် ၃၀၀၀ ခန့် ပျမ်းမျှရရှိကြကြောင်း သိရပြီး အဆိုပါဒေသနေတောင်သူများမှာ သရက်သီးပေါ်ချိန် တစ်ရာသီလုံး သရက်ချဉ်ပေါက်လုပ်ငန်းဖြင့် အပိုဝင်ငွေရရှိနေကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ရေနံချောင်းမြို့နယ် မြို့မဈေးကော်မတီ အသစ်ဖွဲ့စည်း

**ရေနံချောင်း မေ ၁၉**

ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် မြို့မဈေး၊ ဈေးကော်မတီအသစ်ပြန်လည်ရွေးချယ်ပွဲကို မေ ၁၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ ၎င်းရွေးချယ်ပွဲသို့ တက်ရောက်လာသော ဈေးရုံကိုယ်စားလှယ်များမှ ဆန္ဒမဲများပေး၍ ဈေးကော်မတီအသစ်အား ရွေးချယ်ခဲ့ကြောင်း သိရသည်။ တက်ရောက်လာသောကိုယ်စားလှယ်တစ်ဦးမှ ကော်မတီများသည် ဈေးသူ၊ ဈေးသားများ၏ လိုအပ်ချက်များ၊ မိမိဈေးကြီးတိုးတက်ရာတိုးတက်ကြောင်းများအား အကြံပြုပြောကြားသွားကြောင်း သိရသည်။ **သိန်းဇော်**

# ကျန်းမာရေးပညာပေးဟောပြော

**ကလေး မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ မြို့နယ်ကျန်းမာရေးမှူး ဦးပေါင်ခန့်ဟောက်နှင့် ကျန်းမာရေးဝန်ထမ်းများသည် မေ ၁၀ ရက်မှစ၍ အပတ်စဉ်အဖွဲ့များခွဲကာ ဘာသာရေးအသင်းအဖွဲ့များသို့ သွားရောက်၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး ပညာပေးဟောပြောပွဲများပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်က Berean EBC အသင်းတော်မှာ သွားရောက်ဟောပြောခဲ့ပါတယ်။ တက်ရောက်သူဦးရေ ၂၀၀ ဝန်းကျင်ရှိပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်အဲဒီနေ့ဟာ ကမ္ဘာ့မိခင်များနေ့နဲ့ကြုံတော့ ပိုပြီးအဆင်ပြေတာပေ့ါ။ ကလေးမြို့မှာ နှစ်စဉ် မိုးတွင်းကာလရောက်တိုင်း သွေးလွန်တုပ်ကွေးရောဂါအဖြစ်များပါတယ်။ ဒီနှစ်မှာ သွေးလွန်တုပ်ကွေးရောဂါ ဝင်တာစောတယ်။ အရင်နှစ်တွေမှာဆိုရင် ဇွန်လလယ်လောက်ကစပြီး ဖြစ်ပွားတာများတယ်။ စီမံချက်အရတော့ ဘာသာရေးအသင်းအဖွဲ့ဖြစ်တဲ့ ဘုရားရှိခိုးကျောင်းတို့၊ ဘုန်းတော်ကြီးကျောင်းတို့၊ ဓမ္မာရုံတို့တွေမှာ လူစုပြီး ကျန်းမာရေးပညာပေးဟောပြောဖို့ စီမံထားပါတယ်။ အရင်နှစ်တွေလို အဲဒီလိုရောဂါမျိုးမဖြစ်ပွားဖို့ ကြိုတင်ကာကွယ်ခြင်းဟာ ကုသခြင်းထက် ပိုပြီးထိရောက်မှုရှိတဲ့အတွက် အခုလိုရောဂါကြိုတင်ကာကွယ် နှိမ်နင်းတဲ့လုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရခြင်းဖြစ်ပါတယ်" ဟု မြို့နယ်ကျန်းမာရေးမှူး ဦးပေါင်ခန့်ဟောက်ကပြောသည်။

အဆိုပါသွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးကို နှစ်စဉ်မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ခရိုင်ငှက်ဖျားတိုက်ဖျက်ရေးဌာနတို့မှ ဦးဆောင်၍ မြို့ပေါ်၊ ရပ်ကွက်၊ ကျေးရွာ၊ အခြေခံပညာစာသင်ကျောင်းနှင့် ဘာသာရေးအသင်းအဖွဲ့များတွင် ကျန်းမာရေးဝန်ထမ်းများနှင့် ရပ်၊ ကျေးအုပ်ချုပ်ရေးမှူး၊ နယ်မြေမှူးများပူးပေါင်းကာ ကျန်းမာရေးပညာပေးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်း ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခပ်ခြင်းနှင့် ဆေးမှုတ်ခြင်းလုပ်ငန်းများအား အပတ်စဉ်ဆောင်ရွက်ခြင်းဖြင့် အကျိုးသက်ရောက်မှုများ ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ **ချင်းတွင်းသား(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် ရေဆင်း ၁၁ ပဲတီစိမ်း စမ်းသပ်စိုက်ပျိုးမှု ဖြစ်ထွန်းအောင်မြင်

**အင်းတော် မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နတ်မဟုတ်လေးကျေးရွာ ကွင်းအမှတ် ၁၀၂၉၊ ဦးပိုင်အမှတ်-၅ ရှိ တောင်သူဦးခင်ဖေ၏ လယ်မြေနှစ်ဧကပေါ်တွင် နွေပဲတီစိမ်းအဖြစ် ရေဆင်း ၁၁ ပဲတီစိမ်းမျိုးကို စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါရေဆင်း ၁၁ ပဲတီစိမ်းမျိုးကို ဖေဖော်ဝါရီ ၁၅ ရက်တွင် စမ်းသပ်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး အင်းတော်မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ၊ ဒုတိယမန်နေဂျာနှင့် ဝန်ထမ်းများ၊ နတ်မဟုတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် တောင်သူများက ဧပြီ ၂၅ ရက်တွင် သွားရောက်ကွင်းဆင်း မှတ်တမ်းကောက်ယူခဲ့ကြောင်း သိရသည်။

ရေဆင်း ၁၁ ပဲတီစိမ်းမျိုးသည် မှိုဖိုင်ရောဂါဒဏ်ကို ခံနိုင်ရည်ရှိပြီး သက်တမ်းအားဖြင့် ရက် ၇၀ ခန့်ရှိသည့် အထွက်ကောင်းမျိုးဖြစ်ကြောင်း၊ အင်းတော်မြို့နယ်အနေဖြင့် ယခုနှစ်နွေရာသီတွင် နွေစပါး ၆၁၄ ဧက စိုက်ပျိုးထားပြီး လာမည့်နှစ်နွေရာသီတွင် တောင်သူဦးကြီးများ ဝင်ငွေတိုးတက်လာစေရန် ရေလိုအပ်ချက်နည်းသည့် ရေဆင်း ၁၁ ပဲတီစိမ်းမျိုးကို ပိုမိုစိုက်ပျိုးနိုင်ရန် စည်းရုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အင်းတော်မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးမင်းအောင်က ပြောသည်။ **(၆၈၅)**

LMA လွင်မြင့်အောင် မြင်းစွာရွက်ဆေးရည်
စိတ်ဖိစီးမှုလျော့ပါးစေရန်၊ ဆီးကောင်းစေရန်၊
ခွန်အားသစ်ဖြစ်စေရန်၊ မှတ်ဉာဏ်ကောင်းစေရန်၊
အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။
Certificate TH09/3125 ISO 9001:2008 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd. Certificate TH06/3966.02








ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| 1 | ၁၉ / မမ / CE | ဗိုလ်တထောင် ကုန်ရုံစကြံန်(၁၊၂၊၃၊၄)အမိုးနှင့် ကြမ်းခင်းများပြုပြင်ခြင်း |
| 2 | ၂၀ /မမ / CE | တိုးကြောင်ကလေးဘူတာ တိုးချဲ့တည်ဆောက်ခြင်း၊ နားနေဆောင် တိုးချဲ့ခြင်းနှင့် ပလက်ဖောင်းအမှတ်(၂)(၁ ပေ)မြှင့်တင်ခြင်း |
| 3 | ၂၁ / မမ / CE | တိုးကြောင်ကလေးဘူတာ အမှတ်(၅)လမ်း မြေထိန်းနံရံ ပြုလုပ်ခြင်း၊ ကွန်ကရစ်ကြမ်းခင်းလောင်းခြင်းနှင့် Waiting Shed ပြုလုပ်ခြင်း (သံလမ်းတိုင်၊ သံလမ်းဒိုင်း၊ သွပ်မိုး) |
| 4 | ၂၂/ မမ / CE | လေးဒေါင့်ကန်ဘူတာတွင် (၂)ခန်းတွဲ အိမ်သာနှင့် မိလ္လာကန် ဆောက်လုပ်ခြင်း (၂)လုံး (2/8' x 5')(ရေပိုက်သွယ်တန်းခြင်းနှင့် အုတ်ရေကန် အပါအဝင်) |
| 5 | ၂၃ / မမ / CE | တိုးကြောင်ကလေး-သီလဝါလမ်းပိုင်း၊ ညောင်သုံးပင်ခုံးကျော် တံတားအောက် အုတ်စီမြေထိန်းနံရံ ပြုလုပ်ခြင်း |
| 6 | ၂၄ / မမ / CE | အုတ်ဖိုစုဘူတာ Waiting Shed ဆောက်လုပ်ခြင်း (သံလမ်းတိုင်၊ သွပ်မိုး) |
| 7 | ၂၅ / မမ / CE | အရှေ့ပိုင်းတက္ကသိုလ်ဘူတာ ပလက်ဖောင်းကြမ်းခင်း ကွန်ကရစ်လောင်းခြင်း |
| 8 | ၂၆ / မမ / CE | စက်ဆန်းမီးရထားဝင်း ဝန်ထမ်းလိုင်းခန်းများအတွက် (၂)ခန်းတွဲအိမ်သာ (၈'x၄')(၅)လုံးနှင့် မိလ္လာကန် (၅)လုံး ဆောက်လုပ်ခြင်း (ရေပိုက်သွယ်တန်းခြင်းနှင့် အုတ်ရေကန်အပါအဝင်) |
| 9 | ၂၇ / မမ / CE | မလွကုန်းမီးရထားဝင်း ဝန်ထမ်းလိုင်းခန်းများအတွက် (၂)ခန်းတွဲအိမ်သာ (၈'x၄')(၅)လုံးနှင့် မိလ္လာကန် (၅)လုံး ဆောက်လုပ်ခြင်း (ရေပိုက်သွယ်တန်းခြင်းနှင့် အုတ်ရေကန်အပါအဝင်) |
| 10 | ၂၈ / မမ / CE | ဗိုလ်တထောင်မီးရထားဝင်း ဝန်ထမ်းလိုင်ခန်းများအတွက် (၂)ခန်းတွဲအိမ်သာ (၈'x၄')(၅)လုံးနှင့် မိလ္လာကန် (၅)လုံး ဆောက်လုပ်ခြင်း (ရေပိုက်သွယ်တန်းခြင်းနှင့် အုတ်ရေကန်အပါအဝင်) |
| 11 | ၂၉ / မမ / CE | မလွကုန်းယာဒ်ဝင်း Pit တွဲစစ်ဆေးရေးကျင်း အကြီးစားပြုပြင်ခြင်း (၁၂၀ ပေ) |
| 12 | ၃၀ / မမ / CE | ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်တွင် (၂)ခန်းတွဲအိမ်သာ (၈'x၅')(၅)လုံးနှင့် မိလ္လာကန် (၅)လုံး ဆောက်လုပ်ခြင်း |
| 13 | ၃၁ / မမ / CE | နေပြည်တော်ဘူတာ စီမံကိန်း နေပြည်တော်ဘူတာကြီး ဘဲစားမြက်၊ ဂျပန်မြက်များ ပြုပြင်ထိန်းသိမ်းခြင်း (၂၄၈၀.၅၈ ကျင်း) (၂၀၁၅ ခုနှစ် ဇွန်လမှ ၂၀၁၆ ခုနှစ် မတ်လထိ) |

တင်ဒါပိတ်မည့် နေ့/အချိန် - ၁၈.၆.၂၀၁၅ (ကြာသ ပတေးနေ့ )(၁၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၈.၅.၂၀၁၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-294352, 291994

# အောင်သုခဈေးကြီး ပျက်စီးယိုယွင်းမှုကြောင့်ဈေးရောင်းချသူများအခက်တွေ့



**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၉)ရပ်ကွက် တောင်ငူလမ်းမကြီးဘေးရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(ဈေးများဌာန)မှ တာဝန်ယူတည်ဆောက်ပေးထားသည့် အောင်သုခဈေးကြီးမှာ ပျက်စီးယိုယွင်းနေ၍ ဈေးရောင်းချသူများ အခက်တွေ့နေကြောင်း သိရသည်။

ယင်းဈေးကြီးမှာ အမှတ်(၁၉)ရပ်ကွက်၊ (၁၆)ရပ်ကွက်၊ (၁၅)ရပ်ကွက်၊ ရွှေလင်ပန်းကျေးရွာမြေတိုင်း ၂၃၊ ၂၆ ရပ်ကွက်နေ မိဘပြည်သူများ အားထားရောင်းဝယ်ဖောက်ကားခဲ့ကြသည့် ဈေးကြီးတစ်ဈေးဖြစ်ခဲ့ကြောင်း သိရသည်။

ယင်းဈေးမှာ နှစ်ကာလရှည်ကြာမှုအရ ပျက်စီးယိုယွင်းနေမှုများဖြစ်ပေါ်ကြုံတွေ့နေရခြင်းတို့ကြောင့် ဈေးရောင်းချ စားသောက်သူတို့သည် ကြုံရာကျပန်းရောင်းချနေကြရသည့်အပြင် ပတ်ဝန်းကျင်ထိစပ်ရပ်ကွက်ကျေးရွာနေ မိသားစုဝင်တို့သည်လည်း ဝယ်ယူစားသုံးမှုများတွင် အခက်အခဲများ ကြုံတွေ့နေရကြောင်း ဈေးရောင်းချသူများနှင့် ဝယ်ယူသူများက ပြောသည်။

ယင်းကြောင့် သက်ဆိုင်ရာဌာနတာဝန်ရှိသူတို့က ပြည်သူ့အကျိုးကိုထောက်ရှု၍ ကွင်းဆင်းစစ်ဆေးကာ ပြုပြင်မွမ်းမံမှုများ ပြုလုပ်ပေးရန် ဈေးရောင်းချသူများနှင့် ဝယ်ယူသူများက လိုလားလျက်ရှိကြောင်း သိရသည်။ **မင်းထက်ပိုင်(လှိုင်သာယာ)**

# နန်းတော်ရာရပ်ကွက် ညသာသီရိစာသင်တိုက်၌ ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်

**ပဲခူး မေ ၁၉**

ပဲခူးမြို့ နန်းတော်ရာရပ်ကွက် ညသာသီရိစာသင်တိုက်၌ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရရှိသော ဉသာသီရိစာသင်တိုက်စာချဆရာတော် ဘဒ္ဒန္တပဏ္ဍိတ (ပဲခူးမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ) ၏ ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနားအား မေ ၁၇ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ဉသာသီရိစာသင်တိုက်ပဓာနနာယကဆရာတော် ပဲခူးတိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တသူရိယ (အဂ္ဂမဟာပဏ္ဍိတ) ထံမှငါးပါးသီလခံယူဆောက်တည်ကြပြီး အုန္နံကျောင်းတိုက်ဆရာတော်က ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရဆရာတော် ဘဒ္ဒန္တဝဏ္ဏိတ၏ထေရုပ္ပတ္တိကို ဖတ်ကြားကာ တေးသံရှင် ပိုးအိစံက ရတုပိုဒ်စုံ၊ တေးထပ်တို့ဖြင့် ပူဇော်သီဆိုခဲ့သည်။

ဆရာတော်သည် ဉသာသီရိစာသင်တိုက်၌ ပရိယတ္တိစာပေများကိုသင်ကြားရာ အစိုးရပထမပြန်၊ ပထမလတ်၊ ပထမကြီးတန်းနှင့် ဓမ္မာစရိယတန်းစာမေးပွဲများကို ဖြေဆိုအောင်မြင်ပြီး ဉသာသီရိစာသင်တိုက်၌ စာချဆရာတော်အဖြစ် ဆောင်ရွက်နေသည့်အပြင် ပထမပြန်စာမေးပွဲ၊ နိကာယ်စာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲတို့တွင် ကြီးကြပ်ရေးအဖွဲ့ဝင်ဆရာတော်အဖြစ်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပထမပြန်စာမေးပွဲ ပုစ္ဆာကအဖွဲ့ဝင်၊ ပထမပြန်စာမေးပွဲစာစစ်တာဝန်၊ အစိုးရဓမ္မာစရိယ ပညာရေးဗဟိုအဖွဲ့ ပုစ္ဆာကအဖွဲ့ဝင်၊ ဓမ္မာစရိယစာမေးပွဲ စာစစ်အဖွဲ့ဝင်များအဖြစ်ဆောင်ရွက်ကာ ယခုလက်ရှိတွင် ပဲခူးမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်အဖြစ် သာသနာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# အလုပ်သင်ဆရာ၊ ဆရာမများ လုပ်ငန်းခွင်စွမ်းရည်မြှင့်သင်တန်းဆင်း

**ပဲခူး မေ ၁၉**

ပဲခူးမြို့ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း၌ ပဲခူးမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းဆင့် အလုပ်သင်ဆရာ၊ ဆရာမများ လုပ်ငန်းခွင်စွမ်းရည်မြှင့်သင်တန်းဆင်းပွဲကို မေ ၁၇ ရက် ညနေ ၃ နာရီက ကျင်းပခဲ့ရာ ပဲခူးမြို့နယ်ပညာရေးမှူးနှင့် ဒုတိယမြို့နယ်ပညာရေးမှူး၊ သင်တန်းနည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ယင်းအပြင် မေ ၁၈ ရက် နံနက် ၁၀ နာရီက အမှတ် (၇) မင်္ဂလာရာမဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း၌ ပဲခူးတိုင်းဒေသကြီး (အရှေ့) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများ လုပ်ငန်းစွမ်းရည်မြှင့်သင်တန်းဆင်းပွဲကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး(အရှေ့) ဘုန်းတော်ကြီးသင်ပညာသင်ကြားမှု ကြီးကြပ်စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ မင်္ဂလာရာမဆရာတော် ဘဒ္ဒန္တနန္ဒဝံသနှင့် ပဲခူးမြို့နယ်ပညာရေးမှူးတို့က သင်တန်းဆင်းအမှာစကားပြောကြားပြီး ဆရာ၊ ဆရာမ ၁၆၈ ဦးတို့အား သင်တန်းဆင်းလက်မှတ်များပေးအပ်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ပုလဲသွယ်စပ်မျိုးစပါး အရှိန်အဟုန်မြှင့်စိုက်ရန် ညှိနှိုင်းဆွေးနွေး

**ဇီးကုန်း မေ ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်၌ မေ ၁၀ ရက် မွန်းလွဲ ၂ နာရီက စိုက်ပျိုးရေးဦးစီးဌာန ညောင်ဇင်ကျေးရွာ တောင်သူပညာပေး ရှေ့တန်းစခန်းတွင် ၂၀၁၅-၂၀၁၆ မိုးရာသီ ပုလဲသွယ်စပ်မျိုးစပါးထုတ်လုပ်မှု အရှိန်အဟုန်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ကြောင်းသိရသည်။

စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး (ပြည်) မှ ဦးမြင့်လွင်၊ ခရိုင်ဦးစီးမှူး ဒေါ်တင်မြလွင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်၊ စိုက်ပျိုးရေးမြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းဝင်းနှင့် ကျေးရွာအုပ်စုခုနစ်အုပ်စုမှ တောင်သူပေါင်း ၃၀၀ ကျော် တက်ရောက်ကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက အထွက်နှုန်းကောင်းသော ပုလဲသွယ်စပ်မျိုးစပါးများကို တောင်သူများကိုယ်တိုင် မျိုးစေ့ထုတ် စိုက်ပျိုးနိုင်ပြီး စပါးတင်း ၂၀၀ နှင့်အထက်ထွက်ရှိမည့် နည်းပညာ ၁၄ ချက်အားပြောကြားခဲ့သည်။

ဆက်လက်ပြီး ကျွဲတဲကျေးရွာ တောင်သူဦးကျော်နိုင်ဦးက အထွက်နှုန်းကောင်းသော ပုလဲသွယ်စပ်မျိုးစပါးကို ကျွန်တော့်အနေနဲ့ စိုက်ပျိုးလာတာ ၂၀၁၁ ခုနှစ်မှ ယနေ့အချိန်အထိ စိုက်ပျိုးနေတာဖြစ်ကြောင်း ပြောပြခဲ့သည်။ **သိန်းတိုး(ဇီးကုန်း)**







## အိမ်နှင့်ခြံငှားမည်

ကမ္ဘောဇလမ်း၊ ဗဟန်းမြို့နယ်၊ နှစ်ထပ်တိုက်နှင့် လုံလောက်သောကားပါကင်နေရာ ငှားရန်ရှိသည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၄၀၁၃၅၈၄









## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကာလိမြို့ရုံးအဆောက်အအုံသစ်ဖွင့်



**ကာလိ မေ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကာလိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မေ ၁၅ ရက်နံနက် ၈ နာရီက အဆိုပါရုံးရှေ့တွင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါရုံးအဆောက်အအုံသစ်ဖွင့်ပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ် ပြည်နယ်ဦးစီးမှူး ဦးစိုင်းဆမ်တစ်က ရုံးအဆောက်အအုံသစ်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ရုံးအဆောက်အအုံသစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများအား Ti Tan Sky ကုမ္ပဏီ စီမံကိန်းမန်နေဂျာ ဦးဝင်းအောင်က လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်စမ်းစမ်းအေးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမင်းသန်း(ပြန်/ဆက်)**

## နန့်မောက်ကန်ကျေးရွာအဝင်တံတား ပျက်စီးလျက်ရှိ အချိန်မီပြုပြင်ပေးရန် ဒေသခံများလိုလားနေ

**မိုးညှင်း မေ ၁၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ အင်းတော်ကြီးအင်းအရှေ့ဘက်ကန်ပတ်လမ်းဖြတ်သန်းသွားရာ ဟဲပုကျေးရွာအုပ်စု နန့်မောက်ကန်ကျေးရွာ အဝင်တံတားမှာ ပျက်စီးနေသဖြင့် တာဝန်ရှိသူများမှ အချိန်မီပြုပြင်ပေးရန် ဒေသခံများ လိုလားလျက်ရှိကြောင်း သိရသည်။

အင်းတော်ကြီးအင်း အရှေ့ဘက် ကန်ပတ်လမ်းသည် ဒေသခံများအတွက် ဆက်သွယ်သွားလာရေးတွင် အဓိကကျသောလမ်းမတစ်ခုဖြစ်သကဲ့သို့ ကျောက်ခင်းလမ်းမကြီးဖြစ်သည့်အတွက် နွေမိုးဆောင်း ဆက်သွယ်သွားလာ၍ရသော်လည်း ယင်းလမ်းမကြီး၏ နန့်မွန်း-နန့်မောက်ကန်လမ်းပိုင်းပေါ်ရှိ နန့်မောက်ကန်ကျေးရွာအဝင်တံတားမှာ ပျက်စီးနေသဖြင့် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား၊ ကျောင်းသူများ၊ လယ်ယာလုပ်ငန်းခွင်ဝင်ရောက်ကြမည့် တောင်သူဦးကြီးများ၊ ဒေသတွင်းကူးသန်းရောင်းဝယ်သွားလာကြမည့် မော်တော်ယာဉ်များအတွက် အခက်အခဲများနှင့် ကြုံတွေ့ရနိုင်ကြောင်း အဆိုပါတံတားအနီးတွင် လယ်ယာလုပ်ငန်း လုပ်ကိုင်နေသည့် တောင်သူဦးထွန်းလင်းက ပြောပြသည်။

"ဒီနန့်မောက်ကန်ကျေးရွာအဝင်တံတားဟာ ပျက်စီးနေတာကြောင့် မော်တော်ကားသမားတွေဟာ သူတို့ကိုယ်တိုင် မော်တော်ကားဖြတ်သန်းလို့ရအောင် ပျက်စီးနေတဲ့နေရာတွေကို သူတို့မှာပါလာတဲ့ အသားပြားတွေခင်းပြီး တစ်စီးချင်း ခပ်ဖြည်းဖြည်းမောင်းနှင်ကျော်ဖြတ်နေကြရပါတယ်။ မော်တော်ဆိုင်ကယ်နဲ့ ခရီးသွားကြသူတွေက တံတားအနားရောက်ရင် ဆင်းပြီး ဖြည်းဖြည်းချင်းတွန်းသွားကြရပါတယ်။

ကျောင်းဖွင့်ရာသီရောက်ရင် ကျောင်းသား၊ ကျောင်းသူတွေအတွက် အန္တရာယ်ရှိလာနိုင်ပါတယ်။ တခြားကနေကွင်းပြီး သွားလို့လည်းမရ၊ ချောင်းကိုဖြတ်ကူးရအောင်ကလည်းချောင်းရေကများတာမို့ မလွယ်ပါဘူး။ ဒီတော့ ပျက်စီးနေတဲ့တံတားကို အမြန်ဆုံး ပြုပြင်ပေးသင့်ပါတယ်" ဟု ယင်းက ဆက်လက်ပြောပြသည်။

**(၀၅၈)**

## ကျုံပျော်တွင် အခြေခံပညာစာတတ်မြောက်ရေးလှုပ်ရှားမှု ဂုဏ်ပြုပွဲ ကျင်းပ

**ကျုံပျော် မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ဧရာမင်းခန်းမတွင် မေ ၁၅ ရက် နံနက် ၈ နာရီခွဲက ၂၀၁၅ ခုနှစ် အခြေခံပညာစာတတ်မြောက်ရေးလှုပ်ရှားမှု ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးဆက်စပ်လျက်ရှိကြောင်း၊ ပညာရေးနိမ့်ကျက တိုင်းပြည်ဖွံ့ဖြိုးမှု နောက်ကျကြောင်း၊ ယင်းကြောင့် စာတတ်ပြီးသူများ စာမပြတ်ဖတ်၍ ပညာတတ်မြောက်အောင် ကြိုးစားပြီး တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန်လိုကြောင်းနှင့် ယခုလိုစာတတ်မြောက်ရေးလှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်သူအားလုံးကို ကျေးဇူးတင်ဂုဏ်ပြုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးပညာရေးဌာနညွှန်ကြားရေးမှူး ဆရာကြီးဦးအောင်ကျော်ထွန်းက စာတတ်မြောက်ရေးဆိုင်ရာကိစ္စများအားလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးသန်းဝင်းက မြို့နယ်အတွင်း စာတတ်မြောက်ရေး ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေအားလည်းကောင်း ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက မအူပင်တက္ကသိုလ်မှ လုပ်အားပေးကျောင်းသား၊ ကျောင်းသူများနှင့် ကြီးကြပ်ဆရာများအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့သည်။

ယင်းနောက် သင်တန်းသားများကိုယ်စား ကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းသူတစ်ဦးက စာတတ်မြောက်ခဲ့ခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်စကားပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် မအူပင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဒေါက်တာ ဒေါ်နီနီဦးက စာတတ်မြောက်ရေးလှုပ်ရှားမှုနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများတွေ့ကြုံရသော အခက်အခဲနှင့် အောင်မြင်မှုများအား သုံးသပ်တင်ပြခဲ့သည်။

ယခုနှစ် စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် မြို့နယ်အတွင်းရှိ စာမတတ်သူ ၂၀၆၅ ဦးအား အခြေခံစာတတ်မြောက်ရေးအတွက် အောင်မြင်စွာသင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## မေတ္တာရှင်သွေးလှူအဖွဲ့ အမှုဆောင်သစ်ရွေးချယ်

**မြန်အောင် မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ အရပ်ဖက်လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သော မေတ္တာရှင်သွေးလှူအဖွဲ့သည် ဦးဆောင်ကော်မတီသက်တမ်းကုန်ဆုံးသွားပါသဖြင့် ဦးဆောင်ကော်မတီအသစ် ပြန်လည်ရွေးချယ်တင်မြှောက်ပွဲကို မေ ၁၇ ရက် မွန်းလွဲ ၁ နာရီက မေတ္တာရှင်အဖွဲ့၏ရုံးခန်းတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ယခုလက်ရှိဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော ဦးကျော်သူလှက ယခုအဖွဲ့တွင် ဦးဆောင်ကော်မတီအား လွန်ခဲ့သော ၂၀၀၈ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ယခုဆိုလျှင် အဖွဲ့သက်တမ်းမှာ ခုနစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း ပြောခဲ့သည်။

ယင်းနောက် အဖွဲ့ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ဝင်အား မဲစနစ်ဖြင့်ရွေးချယ်ခဲ့ကြောင်း သိရသည်။

**နေဝင်းဇော်(မြန်အောင်)**


Let's develop young leaders together!



MIC
Myanmar Imperial College

**Myanmar Imperial College မှသင့်အားကြိုဆိုပါသည်။**

**Senior Manager**
- Degree in business-related field, preferably an MBA holder with a minimum of (7) years relevant managerial experience
- Excellent leadership and communication abilities, combined wtih high degree of problem solving and organisational skills

**Programme Manager**
- Master Degree in Business Administration or Management
- Strong experience in education industry and familiarty with UK education system

**Operations Manager**
- Degree in business-related field, preferably a Master degree in Management with a minimum of (5)years' experience.
- Ability to display independent leadership, interpersonal skills in a fast paced working environment.

**Finance Manager**
- Degree in Finance-related field, preferably with ACCA qualification with minimum of (3) years' experience.
- Ability to display independent leadership and interpersonal skills in fast paced working environment.

**Asst: Programme Manager**
- Master Degree in Business Administration from an accredited institution. Minimum 2 years of working experience in education industry. Be able to lead programme.

**Marketing Consultant**
- Degree in marketing-related field, preferably with experience in educational sector. Strong and confident communicator. Excellent copywriting skills.
- Good command of written and spoken English.

**Librarian**
- Any graduate and Diploma/Certificate holder with relevant experience. Advanced computer literacy skills.

**Accountant, Supervisor, Receptionist, Office Staff** posts are also warmly welcome.

အမှတ် ၆၂ (C)၊ အင်းယားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
hr.micedumm@gmail.com
www.mic-education.com
09 73210001/ 01 537562



**(၂၅)နှစ်မြောက်ငွေရတုမင်္ဂလာနှေ့မြတ်အထိမ်းအမှတ် ဆုတောင်းလွှာ**

မြန်မာနိုင်ငံလုံးဆိုင်ရာ အန္တရာယ်ကင်းဘာသာရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ L.S မန်းနီး (ခ)ဦးမောင်သိန်းနှင့်ဇနီး ဒေါ်ပရဗား(ခ)ဒေါ်အေးသန်းတို့၏ ၂၀-၅-၂၀၁၅ ရက်တွင် ကျရောက်သော(၂၅)နှစ်မြောက် မင်္ဂလာနေ့မြတ်အထိမ်းအမှတ်ငွေရတုမှသည် ရွှေရတု၊ စိန်ရတုမင်္ဂလာနေ့မြတ်များသို့တိုင်အောင် မိသားစုအေးချမ်းသာယာစွာဖြင့် ဘုရားရှင်၏စောင့်ရှောက်မှုအရိပ်အာဝါသကို ခိုလှုံနိုင်ပြီး မင်္ဂလာအဖြာဖြာ ကျရောက်နိုင်ပါစေကြောင်းနှင့် အမျိုး၊ ဘာသာ၊ သာသနာ ပရဟိတလုပ်ငန်းတာဝန်များကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အလုပ်အမှုဆောင်ကော်မတီဝင်များ
မြန်မာနိုင်ငံလုံးဆိုင်ရာအန္တရာယ်ကင်းဗဟိုအဖွဲ့ချုပ်
ရန်ကုန်တိုင်းဒေသကြီး။



**ဖခင် အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) G-11တွင် ပညာသင်ကြားနေသော မအေးသီတာ၏ ဖခင်အမည်မှန်မှာ ဦးသန်းနိုင်ဖြစ်ပါသည်။ ဦးသန်းနိုင်[၁၄/ဒဒရ(နိုင်)၁၆၆၂၆၆]



**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်အကြောင်းကြားစာ**
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၂နှင့် ဆက်သွယ်သည့်**
**၂၀၁၅ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၈**

| | | |
|---|---|---|
| ဦးအောင်လွင်အောင် (အနိုင်ဒီကရီရသူ) | နှင့် | ဦးအေးကို (တရားရှုံး) |

တရားရှုံးဦးအေးကို အမှတ်(၁၉၃)၊ စိန်ပန်းလမ်းသွယ်(၃)၊ ၂/၂၉ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၂တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးအောင်လွင်အောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန်သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ခုနှစ်၊ မေလ ၂၉ရက်၊ (၁၃၇၇ခုနှစ်၊ နယုန်လဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ်၊ မေလ ၇ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်စန်းဝင်း)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

Blue Ocean operating management အတွက်

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးထွန်းထွန်းနိုင် ဦးစီးဆောင်ရွက်လျက်ရှိသည့်
**Blue Ocean Operating Management Co.,Ltd** သည်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတကြီးမှ ချီးမြှင့်သော
ထူးချွန်အလတ်စားစီးပွားရေးလုပ်ငန်းရှင် နိုင်ငံ့ဂုဏ်ဆောင်ရည် (ပထမဆု) ကို
ရရှိသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

PMA Professional Marketers Association
MCIA
MCIA Yangon
Myanmar Young Entrepreneurs Association

ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုကို
**အောင်မြင်အောင် တည်ထောင်လိုပါသလား**

FT Consulting

## ယခုပင် FT Consulting နှင့်ဆက်သွယ်လိုက်ပါ

စင်ကာပူနိုင်ငံအခြေစိုက် **FT Consulting** မှ ကြီးမှူးပြီး စင်ကာပူလုပ်ငန်းရှင်များပါဝင်သည့် စီးပွားရေးအဖွဲ့သည် ၂၀၁၅ ခုနှစ်၊ မေလ (၂၈) ရက်နေ့တွင် နံနက် (၉)နာရီမှ စတင်၍ **Franchising** (နာမည်ကျော်အမှတ်တံဆိပ်နှင့် လုပ်ငန်းများကိုပြည်တွင်းတွင် တရားဝင် လုပ်ကိုင်ခွင့်ရယူခြင်း) နှင့်ပတ်သက်သည့် လုပ်ငန်းအတွေ့အကြုံများအား ပြည်တွင်းလုပ်ငန်းရှင်များနှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတည်ထောင်လိုသူများအတွက် ဝေငှဆွေးနွေးသွားမည်ဖြစ်ပါသည်။ ထို့အပြင်စင်ကာပူလုပ်ငန်းရှင်များနှင့် **Business Matching** ( စီးပွားရေးတိုက်ရိုက်ညှိနှိုင်းဆွေးနွေးခြင်း) တို့ကိုပါ တစ်ပြိုင်နက်ပြုလုပ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အောက်ပါအတိုင်းဆက်သွယ်၍ကြိုတင်စာရင်းပေးသွင်းပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ နေရာကန့်သတ်ထားပါသဖြင့် ဦးရာလူစနစ်ဖြင့် လက်ခံသွားမည်ဖြစ်ပါသည်။

FT Consulting Singapore (မြန်မာပြည်ရုံးခွဲ)
အမှတ် - H၊ ကန်ရိပ်မွန်အိမ်ရာ၊ လှိုင်မြစ်ဖိုးရိကန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
**Contact Person :** SAW KEDOPO <sawkedopo@consultft.com>
**Mobile :** 09-253060670, 09-972603093
**Website :** www.consultft.com

## မင်္ဂလာဒေသာခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်၊ ဂေဇယန္တာလမ်း၊ အမှတ်(၂၃၁)နေ
ဦးမြင့်ရွှေ+ဒေါ်တင်အိမ်း တို့၏သားထွေး
**မောင်တင်ထွန်းနိုင်**
B.Sc(Chemistry)
နှင့်
ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မာတလီလမ်း၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ တိုက်(၂၁)၊ အခန်း(၃)နေ
(ဦးသိန်းလွင်)+ဒေါ်ဂင်းဂင်းမြင့်တို့၏ တစ်ဦးတည်းသောသမီး
**မနှင်းသီတာလွင် (ခ) Designer Yone Yone**
B.Sc (Physics)
တို့၏

၁၀.၂.၂၀၁၅ တွင် နှစ်ဖက်မိဘများနှင့် တရားသူကြီး ဒေါ်ဖြူဂင်းငယ်ရှေ့တွင် လက်မှတ်ရေးထိုးပြီး ၁၉.၅.၂၀၁၅ ရက်နေ့တွင်ပြုလုပ်သောမင်္ဂလာဒေသာခံပွဲအတွက် မေတ္တာဖြင့်မင်္ဂလာပိုးထည်ဆင်မြန်းပေးပါသော မိုးကုတ်ပေါက်ပေါက်အားလည်းကောင်း၊ မေတ္တာဖြင့်လက်ဝတ်ရတနာဆင်မြန်းပေးပါသော She Shine Gems & Jewellery မိသားစုအားလည်းကောင်း၊ Pre Wedding ဓါတ်ပုံများရိုက်ကူးပေးသော ဦးပီတာ နှင့် မင်္ဂလာအခမ်းအနား မှတ်တမ်းတင်ဓါတ်ပုံ၊ ဗီဒီယိုများရိုက်ကူးပေးသော ကိုအေးဇော်မိုး(စက်မှု) တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးကြပါသော ကိုဇင်အောင်နှင့် DJ သော်သော်၊ မိတ်ကပ်နှင့်ဆံပင်အလှ ခြယ်မှုန်းပေးပါသော မိတ်ကပ်ချစ်ခွန်းရိုး၊ မေတ္တာဖြင့် မင်္ဂလာပန်းအလှဆင်ပေးသော Eternal Flowers တို့အားလည်းကောင်း၊ MRTV-4 မိသားစုအားလည်းကောင်း၊ Myanmar Fashion Designer Group မှ Fashion Designer များအား လည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ NOVOTEL YANGON MAX HOTEL မှတာဝန်ရှိသူများအားလုံးကို ကျေးဇူးအထူးပင်တင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်တင်ထွန်းနိုင်+မနှင်းသီတာလွင် (ခ) Designer Yone Yone**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂H၊ မြေကွက်အမှတ်-ပဉ္စမတန်းစား-၃၇၊ မြေကွက်တည်နေရာအမှတ်-၁၀၊ အထက်မန္တလေးလမ်းသွယ်(၂)လမ်း၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ဦးမောင်တင်)အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်တင်(ဖခင်)နှင့် ဒေါ်တင်ဝင်း(မိခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်လှလှဝေ[၁၂/မဂတ(နိုင်)၀၄၉၂၈၉]၊ ဒေါ်ကြူကြူဝင်း[၁၂/မဂတ(နိုင်)၀၄၉၅၀၉]တို့မှ သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းနှင့် ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်/မြို့နယ်/ရဲစခန်းထောက်ခံစာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြေကွက်ရောင်းမည်

သံသုမာလမ်းမ၊ ကြီးပွားရေးရပ်ကွက်၊ ပေ(၁၈×၆၀)၊ မြေပိုပါ၊ ပါမစ်မြေ။
**ဈေးနှုန်း-ညှိနှိုင်း**
**ဆက်သွယ်ရန်ဖုန်း-၀၉-၇၉၅၁၁၅၅၄၉၊ ၀၉-၂၅၄၈၉၂၉၈၆**

# သွေးသည်အသက်

POLO CLUB (ASIA)
RESIDENCE












* ရန်ကုန်မြို့၏ အထင်ကရဖြစ်လာမည့် ၃၄ထပ်အမြင့်ရှိသော ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း
* ဆန်းသစ်သော စိတ်ကူးများဖြင့် ပုံဖော်ထားသည့် ရန်ကုန်မြို့တွင်းမှ ခေတ်မီလှပသော မြို့ပြငယ်လေး
* ဆက်သွယ်သွားလာရန် လွယ်ကူကောင်းမွန်သော ၆လမ်းသွားလမ်းမကြီး ၂ခု၏ဆုံရာတွင် တည်ရှိခြင်း
* စင်ကာပူနိုင်ငံမှ ဗိသုကာပညာရှင်များ၏ လက်ရာမြောက် နောက်ဆုံးပေါ်ကွန်ဒိုအိမ်ရာဒီဇိုင်း
* ရွှေတိဂုံစေတီတော်မြတ်ကြီးအား မိမိ၏နေအိမ်မှ ဖူးမြော်နိုင်မည့်အခွင့်အရေး
* အင်းယားကန်ရေပြင် နှင့် ကန်တော်ကြီး တို့၏ စိတ်ကြည်နူးဖွယ်ကောင်းသော ရှုမြင်ကွင်း
* အချိန်ပြည့် လျှပ်စစ်ဝန်ဆောင်မှုစနစ် နှင့် မိသားစုတိုင်းအတွက်လုံခြုံစိတ်ချရသော ၂၄နာရီလုံခြုံရေးဝန်ဆောင်မှုစနစ်
* Olympic size ပေ(၁၅၀)ကျော်အရှည်ရှိမည့် infinity edge ရေကူးကန် နှင့် gym, jacuzzi, spa, sauna, steam rooms, cigar room, clubhouse, multi purpose rooms အစရှိသော ကွန်ဒိုဝန်ဆောင်မှုများ

WWW.POLOCLUBASIA.COM

**HOTELINES: 09-795889588 | 09-796889688 | 09-797889788**

Sales Gallery : No 51/A, Corner of East Race Course Road and Laydaungkan Road, Tamwe Township, Yangon, Myanmar.

**ငွေရတုမင်္ဂလာဆုတောင်းလွှာ**

(၂၀. ၅. ၂၀၁၅) ရက်နေ့တွင် The STRAND HOTEL ၌ကျင်းပပြုလုပ်မည့်

**L.Subramani (ခ) ဦးမောင်သိန်း နှင့် Praba (ခ) ဒေါ်အေးသန်း**

**တို့၏ (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာနှစ်ပတ်လည်**

နေ့အတွက် ဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်ပေါင်းများစွာတိုင်အောင် မိသားစုနှင့် အတူသာယာချမ်းမြေ့ ပြည့်စုံကြွယ်ဝသည့် မိသားစုဘဝကို ပျော်ရွှင်ကြည်နူးစွာဖြတ်သန်းနိုင်ပြီး အမျိုးဘာသာအကျိုး သယ်ပိုးနိုင်သည့် မင်္ဂလာမောင်နှံဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

ဦးဆူရီ မိသားစု
နိုင်ငံကျော်ကုမ္ပဏီလီမိတက် ၊နိုင်ငံကျော်ဆောက်လုပ်ရေးလုပ်ငန်း
ရွှေဆူရီ ပိုက်နှင့်ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း

---



# ငွေရတုလက်ထပ်မင်္ဂလာ ဆုတောင်းလွှာ

ခင်မင်ရပါသော ဦးမောင်သိန်း (M.D)Myanmar Thein Co.,Ltd.နှင့် **ဒေါ်အေးသန်း** (Director)19 Management Consultancy Co.,Ltd.တို့၏ ၂၀-၅-၂၀၁၅ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းများစွာတိုင် အမျိုးဘာသာ၊ သာသနာအကျိုးများကို ကျန်းမာပျော်ရွှင်စွာဆောင်ရွက်ရင်း လာမည့် ရွှေရတု၊ စိန်ရတု မင်္ဂလာနေ့ရက်များကိုလည်း ကျင်းပနိုင်ပါစေလို့ SAN TAING KYAW CO.,LTD မိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

---

# "ငွေရတုမင်္ဂလာရက်မြတ်ဆုမွန်လွှာ"

တုနှိုင်းမရသော မိဘမေတ္တာအား ဝန်ထမ်းများအပေါ် အပြည့်အဝ ပေးနေရုံသာမက မိသားစုစိတ်ဓာတ်အပြည့်အဝဖြင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည့် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များ ဖြစ်ကြသော -

**L.Subramani@ဦးမောင်သိန်း+L.Praba @ ဒေါ်အေးသန်း**

**(M.D - Myanmar Thein Co.Ltd.) (Director- 19 Management Consultancy Co.Ltd.)**

တို့၏ ၂၀. ၅. ၂၀၁၅ ရက်တွင် ကျရောက်သော (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာမှသည် ပုလဲရတု၊ ရွှေရတု၊ ပတ္တမြားရတု၊ စိန်ရတု ရတုအဆက်ဆက်တိုင် သစ္စာမြဲခိုင် လက်တွဲနိုင်ပြီး ချစ်ခြင်းရနံ့ ထုံမွှမ်းသည့် ဂုဏ်သိက္ခာစံအိမ်လေးထဲ၌ ချစ်သောမိသားစုနှင့်အတူ အမျိုးဘာသာ၊ သာသနာအကျိုးများကို ပျော်ရွှင်ချမ်းမြေ့မှုများဖြင့် ဆတက်တိုး၍ သယ်ပိုးစွမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းခြွေအပ်ပါသည်။

**သစ္စာရှင်ဝန်ထမ်းများ**

**Myanmar Thein Co.Ltd.**
**19 Management Consultancy Co.Ltd.**
**VMEC Private School**

---

ကုမ္ပဏီတည်ထောင်ခြင်း၊ ပြည်ပပို့ကုန်သွင်းကုန် လုပ်ငန်းအဆင့်များ၊ အပြည်ပြည်ဆိုင်ရာကူးသန်းရောင်းဝယ်ရေးအသုံးအနှုန်းများ၊ မြန်မာနိုင်ငံ၏ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းများ၊ L/C, TT, သဘောင်္ဂတင်ခြင်း၊ အကောက်ခွန်နှင့်အခြားအခွန်အခများတွက်ချက်ခြင်း စသည်ဖြင့် . . .

**ပြည်ပပို့ကုန်၊သွင်းကုန်လုပ်ငန်း လမ်းညွှန်သင်တန်း**

အပတ်စဉ်(၅၈)

**Section A : 23 - 5 - 2015**
**Section B : 26 - 5 - 2015** နေ့များတွင် စမည်။

**အလင်းသစ်စာပေ**
အခန်း(၆၀၁)၊ အမှတ်(၁၇)၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၅၄-၀၀၃၀၂၊ ၀၉-၇၇-၀၃၈၄၈

အလင်းသစ် စာပေ

---

**သိုးရောသီ** ဓမ္မဒါန

ထားဝယ်ရှင်ကိုးရှင် ထမင်းကျွေး-၇၀၀၀ဝ
တောင်ကြီး-အင်းလေး-ပင်းတယ-၅၀၀၀ဝ
မော်လမြိုင်-ကျိုက္ခမီ-စက်စဲ-နွားလပို့-၂၅၀၀ဝ
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ-ထမင်းကျွေး-၄၀၀၀ဝ
May 22,29 အပတ်စဉ်သောကြာနေ့တိုင်း
420144148, 421153797

---

**မျိုး** 380164
09 5017088
09250640699

ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

---

**မီးဘေးရှောင် မလောင်ခင်တား**

---

**အင်္ဂလိပ်ဘာသာစကားကို စနစ်တကျ လေ့လာလိုသောသူများအတွက်**



GETC

ခြေမြိုင်ကုန်း 537895, 502775
တာမွေ 549590, 09254148006
www.getc-languageschool.com

2015 May Intake အတွက် ကျောင်းအပ်လက်ခံနေပါပြီ . . . .

---

ဧဝ

**ကိုယ်တွင်းဩဇာဓာတ်များအားနည်းကုန်ခန်းနေပါသလား**

**အားတိုးဆေးရည်**

**ဧဝအားတိုးဆေးရည်က သင့်ကျန်းမာရေးကို တာဝန်ယူပါရစေ။**

တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် - TMR 010126 (0216)
ကြော်ငြာခွင့်ပြုချက်အမှတ် – တဆဝက
(စာနယ်ဇင်း) ၀၃၂/၀၅၁၅



**အစားမဝင် အိပ်မပျော် အဖျားမကျ ဝမ်းမရပ်**

ပျောက်ကင်းစေပြီး အားပြည့်လန်းဆန်းစေသည်။

❖ နာတာရှည်ရောဂါသည်များအတွက် နာလန်ပြန်ထစေနိုင်သည်။
❖ အထူးသဖြင့်ခုခံအားကျရောဂါဝေဒနာစိုးရိမ်ရသည့်အာဟာရချို့တဲ့သူများအတွက် သောက်သုံး ခြင်းဖြင့်လူသာမန်များကဲ့သို့ လုပ်ငန်းခွင်ပြန်ဝင်နိုင်သည်၊ အထူးအသက်ရှည်ဆေးအဖြစ် သုံးစွဲနိုင်သည်၊
❖ Anti oxidant Action ရှိကြောင်းလက်တွေ့သုတေသနပြုပြီး။
❖ Acute Toxicity test ကိုလည်းစမ်းသပ်ပြီး သိပ္ပံနည်းကျသုတေသနပြုလုပ်ထား၍ Side effect ဘေးထွက်ဆိုးကျိုးကင်းကြောင်း သိရှိရပြီး ဖြစ်ပါသည်။
❖ From Experience ~ To Evidence

ပင်ရင်း ❖ ဧဝ ဆေးတိုက် ➢ အောင်ဇေယျမြို့တော်၊ ကျန်စစ်သားလမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
၀၉-၂၅၀၂၉၅၃၈၃၊ ၀၉-၇၉၇၅၅၅၄၂၁၊ ၀၉-၇၉၇၅၅၅၄၁၂၊ ၀၉-၇၉၇၅၅၅၆၂၁၊ ၀၉-၇၉၇၅၅၅၆၁၂၊ ၀၉-၄၉၇၄၂၇၄၉၊ ၀၉-၈၅၇၅၃၄၁

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၅.၅.၂၀၁၅ ရက်နေ့၊ နေပြည်တော်၌ကျင်းပပြုလုပ်သည့်
နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏
သုံးနှစ်ဆက် **"အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု"**
**(နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာတာဝန်အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သောလုပ်ငန်းရှင်–ပထမဆု)** ကို
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း နာယက
**"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အားလည်းကောင်း၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏
**"နိုင်ငံ့စွမ်းဆောင်ရည်ဆု"**
**(နိုင်ငံတော်နှင့် ပြည်သူအတွက် လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု)** ကို
**"ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း"** အား
လည်းကောင်း ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်
နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး
ထမ်းဆောင်နိုင်ပြီး၊ နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍
ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်လက်အောက်ရှိ စာရင်းအင်းဌာနခွဲ၊ သတင်းနှင့် စစ်ဆေးရေးဌာနခွဲနှင့် ရန်ကုန်/မန္တလေးမြို့များရှိ အောင်ဘာလေသိန်းဆုဌာနခွဲတို့တွင် အသုံးပြုသည့် အခွန်အမှတ်တံဆိပ်များ၊ တံဆိပ်ခေါင်းများနှင့် ထီစာအုပ်များအား ချောက်မြို့နယ်ရှိ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများ စက်ရုံ(ဝါဇီ)မှ သယ်ယူရန်အတွက် (မြန်မာကျပ်ငွေဖြင့်)မော်တော်ယာဉ်များ ငှားရမ်းလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါတင်သွင်းရမည့်ရက် | - | ၂၅-၅-၂၀၁၅ ရက် |
| တင်ဒါတင်သွင်းရမည့်အချိန် | - | ၉း၀၀ နာရီ |
| တင်ဒါတင်သွင်းရမည့်နေရာ | - | ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်။ |
| တင်ဒါစိစစ်ရွေးချယ်မည့်ရက် | - | ၂၇-၅-၂၀၁၅ရက် |
| တင်ဒါစိစစ်ရွေးချယ်မည့်အချိန် | - | ၉း၀၀နာရီ |
| တင်ဒါစိစစ်ရွေးချယ်မည့်နေရာ | - | ရုံးအမှတ်(၃၄)၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ နေပြည်တော်။ |

အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)နေပြည်တော်တွင် ၂၀-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ရယူနိုင်ပါသည်။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများ သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**၀၁-၂၄၉၂၇၂၊ အောင်ဘာလေသိန်းဆုဌာနခွဲ(ရန်ကုန်)**
**၀၆၇-၄၃၀၀၂၇၊ စာရင်းအင်းဌာနခွဲ၊ နေပြည်တော်။**



## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်းနှင့် မယ်ဇလီလမ်းထောင့်၊ အမှတ်-၂၄၀/၂၄၂ နေ ၁။ ဒေါ်မူမူ[၁၂/ကမတ(နိုင်)၀၄၂၀၅၈]၊ ၂။ ဒေါ်သန်းရှင်[၁၂/ကမတ(နိုင်)၀၄၀၂၇၁]၊ ၃။ ဦးခင်မောင်ချို (A/RGN-၀၁၉၄၇၀)၊ ၄။ ဒေါ်ခင်ခင်ဦး[၁၂/ကမတ(နိုင်)၀၀၁၉၁၀]၊ ၅။ ဦးမြင့်ဆန်း[၁၂/ကမတ(နိုင်)၀၁၁၄၇၉]နှင့် ၆။ဒေါ်မြမြသင်း(A/RGN-၀၀၀၉၃၀)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာလိုက်သည်။

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆၊ ဘီဘီ^၁၊ မြေကွက်အမှတ်-၂၀၉၊ မြေအကျယ် ပေ(၂၅×၅၀)ရှိ မြေပိုင်မြေအမျိုးအစား အိမ်ရာမြေကွက်နှင့် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆ဘီဘီ^၁၊ မြေကွက်အမှတ်-၂၁၀၊ မြေအကျယ် ပေ(၂၅×၅၀)ရှိ နှစ်(၃၀)ဂရန်မြေနှင့်တကွ အရပ်ရပ်အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ မြေအမည်ပေါက်ဖြစ်သူ မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာကိုးကွယ်သူအမည်ပေါက် ဦးတင်ဦး(ကွယ်လွန်)၏ အမွေဆက်ခံပိုင်ဆိုင်သူ ဒေါ်သန်းမြင့်က ကျွန်ုပ်၏အမှုသည်များအမည်သို့ မြေအမည်ပြောင်းပေးရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါသည်။

မည်သူမဆို အထက်ဖော်ပြပါမြေနှစ်ကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူအသီးသီးတို့သည် ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်၏အမှုသည်များထံသို့ တိုက်ရိုက်ဖြစ်စေ၊ ကျွန်ုပ်၏အမှုသည်များကိုယ်စား ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်သည်။ ယင်းသတ်မှတ်ကာလကျော်လွန်က ဆောင်ရွက်ရန်ရှိသည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **[ဒေါ်မူမူ ပါ(၆)ဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-]**

**စေနှုံး-ဦးမြင့်အောင် B.A(Law),LL.B**
**Advocate & Legal Consultant (လိုင်စင်-၂၂၇၇)**
**အမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ MAC Tower၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**



## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၆)ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၈၃၄)နေ ဦးစိုးမြင့်[၁၂/လမတ(နိုင်) ၀၃၀၄၂၁]မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်တော်၏ဇနီးဖြစ်သူ ဒေါ်သန်းသန်းထွေး[၁၀/မလမ(နိုင်)၁၂၂၇၄၃]သည် ကျွန်တော်ဝယ်ယူပိုင်ဆိုင်ထားသည့်အိမ်ဂရန် မူရင်းများ၊ စာချုပ်စာတမ်းမူရင်းများ၊ ရွှေ၊ ငွေ၊ လက်ဝတ်လက်စားများနှင့် ငွေသားများကိုယူဆောင်၍ဂုဏ်သဘောဖြင့် ကျွန်တော်မရှိစဉ် နေအိမ်မှ ဆင်းသွားခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်၏ဇနီးဖြစ်သူအား လက်ခံထားပါက ဥပဒေအရ အရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးစိုးမြင့်[၁၂/လမတ(နိုင်)၀၃၀၄၂၁]**



## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ် (၅၆၂ ၁/၂)၊ (၅၆၃ ၁/၂)၊ ဧရိယာ ပေ(၄၀×၆၀) ရှိနှစ်(၆၀)ဂရန်မြေကွက်အား အမည်ပေါက်ဒေါ်ဌေးမြင့်[၁၂/ဥကမ(နိုင်)၀၈၃၉၄၄]ထံမှ ကျွန်ုပ်ဦးဘုန်းမြင့်ကျော်[၁/ မကန (နိုင်)၁၂၇၉၄၁]မှအပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ပိုင်းအား ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဘုန်းမြင့်ကျော်**
**ဖုန်း-၀၉-၄၇၀၀၀၃၉၂၊ ၀၉-၂၆၂၁၄၄၇၃၇၊ ၀၉-၂၄၀၀၆၁၁**

# (၂၅)နှစ်မြောက်ငွေရတုမင်္ဂလာဆုတောင်း

**ဦးမောင်သိန်း[ဥက္ကဋ္ဌ-မြန်မာနိုင်ငံလုံးဆိုင်ရာအနှစ်ရာပတ်နှ့အဖွဲ့ချုပ် (H.Q)]** နှင့် **ဒေါ်အေးသန်း [ဒါရိုက်တာ-ONE NINE CONSTRUCTION & MYANMAR THEIN CO.LTD.]** တို့၏ ၂၀-၅-၂၀၁၅ ရက်တွင်ကျရောက်သည့် (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် အလှူရေစက်လက်နှင့်မကွာ လှူဒါန်းနိုင်ပါစေ။ အမျိုးဘာသာ သာသနာအကျိုး သယ်ပိုးနိုင်ပါစေ။ ချစ်သော မိဘ ညီအစ်ကို မောင်နှမ၊ သားသမီး၊ တူ၊ တူမများနှင့်အတူ ဘဝခရီးလမ်းကို သာယာဖြောင့်ဖြူးစွာအတူတကွ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်ညီနှင့်ချစ်ညီမများ** - **ဦးကျော်မြင့်-ဒေါ်နီလာ(DIR.KKW ENTERPRISE CO.,LTD)**
**ဦးကျော်ဝင်း-ဒေါ်ချိုချို (DIR ကြေးအိုးကြီးဆောက်လုပ်ရေး)**
**ဦးကိုလေး-ဒေါ်စန္ဒာ (DIR.MOTHER BEARING CO.,LTD)**
**ဦးအောင်ဇော်မင်း-ဒေါက်တာသန္တာဝင်း (မောင်ကျော်ဝင်းဘောလ်ဘယ်ရင်နှင့် ဆန်စက်အပိုပစ္စည်းရောင်းဝယ်ရေး)**





## ရွှေခံအိမ်အဆင့်မြင့်တည်းခိုခန်း

ပန်းဆိုးတန်းသင်္ဘောဆိပ်မှ ၅မိနစ်သင်္ဘောစီး
ဒလဘက်ရောက်လျှင် ၅မိနစ်ဆိုက်ကားစီး
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။
၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃
၈၀၀၀ ကျပ်
၁၂၀၀၀ ကျပ်

## SEVEN စံ

မြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း ၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား?
SEVEN စံ နှင့်ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်
"ပွဲခလုံးဝမယူပါ"
Ph:09-33333 511, 09-33333 514
09 - 33333 644

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

ဖျံ့-၅-ကောင် အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ့-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၃၉၂၅၉၄


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၁၅/၁၅၃၅ (က)၊ ဧရိယာ ပေ(၂၀×၆၀)ရှိ ဦးသန်းဝင်း(ဘ) ဦးညီသန်း (SDY-၀၆၆၈၈၈ )အမည်ပေါက်လျက်ရှိသည့် ပါမစ်မြေကွက်အား အရပ်ကတိစာချုပ်များဖြင့် လက်ဝယ်ရရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးနီထွန်း[၁၂/လကန(နိုင်)၀၂၁၀၁၆]ကိုင်ဆောင်သူထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ရေးရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးကျော်မြင့်[၁၂/လရန(နိုင်)၁၈၄၁၈၈]**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ(၃)လမ်းနေ အဖ အရှင်ပညာသာရ(ဦးခင်မောင်သွင်) အမိ ဒေါ်သန်းသန်းရီတို့၏သမီးကြီးဖြစ်သူ မနီလာသွင်[၉/မရမ(နိုင်)၀၀၁၆၀၂]သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအရ ပြုမူသွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**အရှင်ပညာသာရ(ဦးခင်မောင်သွင်)၊ ဒေါ်သန်းသန်းရီ**

## ကြေညာချက်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဖက္ကလိပ်ကျေးရွာ၊ ကွင်းအမှတ်(၁၃၉ က)၊ နောင်ဘိုစားကျက်ကွင်း၊ ဦးပိုင်အမှတ်(၁၂၂)၊ မြေဧရိယာ(၀. ၆၉၈)ဧကရှိ မူလပိုင်ရှင် ဦးကျင်တိုး အမည်မှဂရန်အမည်ပြောင်းချထားပေးပါရန် ဦးသန့်ဇင် [၁၀/ကထန(နိုင်)၀၇၈၆၂၉]၏ လျှောက်ထားလာမှုနှင့်ပတ်သက်၍ မူလပိုင်ရှင်ထံမှ ရယူခဲ့ရာတွင် ဂရန်မူရင်းစာချုပ်မှာ ပျောက်ဆုံးခဲ့သဖြင့် ပြန်လည်လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက ယနေ့မှစ၍ ရက်ပေါင်း (၁၄)ရက်အတွင်း ကျိုက်ထိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လက်ထောက်ကော်လိတ္တော်အရာရှိ
ကျိုက်ထိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## လူပျောက်ကြော်ငြာ

အဖ ဦးဇော်မြင့်[၁၂/ဒလန(နိုင်)၀၃၅၁၆၂]၊ အမိ ဒေါ်စိုးစိုးအေး[၁၂/ဥကတ(နိုင်)၀၆၈၄၄၄]တို့၏သားဖြစ်သူ ဒုတိယနှစ်၊ တာဝတက္ကသိုလ်တွင် တက်ရောက်နေသော မောင်ဗညားဇော်(ခ)အီးတုတ်[၁၂/ဒလန(နိုင်)၀၅၃၀၁၄]သည် ကျောင်းမှအပြန် အိမ်သို့ရောက်ရှိလာခြင်းမရှိသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ သွေးဆောင်ဖြားယောင်း လက်ခံထားသူအား ဥပဒေအရ အရေးယူသွားပါမည်။

**ဦးဇော်မြင့်**

ဆက်သွယ်ရန် ဖုန်း ၀၉-၇၃၂၁၀၆၇၇၊ ၀၉-၃၁၅၃၃၇၀၇

# ကျေးဇူးအထူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်းရေကန်၊ ပိဋကတ်သုံးပုံ ဒါယိကာမကြီး**

## ဒေါ်လှငွေ(ပုသိမ်)

**အသက်(၉၉)နှစ်**

၁၁-၅-၂၀၁၅ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်လှငွေ အိုမင်းမစွမ်း ချိန်မှစ၍ မေတ္တာစေတနာဖြင့် ပြုစုစောင့်ရှောက်ပေးခဲ့ကြပါသော သမားတော်ပါမောက္ခ ဒေါ်ရင်ရင်ထွန်း၊ သမားတော် ဒေါက်တာဦးဆန်းလွင်၊ ဒေါက်တာ ဒေါ်ခင်အေးမူ၊ ရွှေဂုံတိုင်အထူးကုဆေးရုံကြီးမှ ဒေါက်တာဇော်ထွန်း-ဒေါက်တာ ငွေငွေကြည်နှင့် ဆေးရုံမှ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများ၊ ရေဝေးသုသာန်တွင် ဂူသွင်းသဂြိုဟ်ရာ၌ လိုက်ပါ ပို့ဆောင်ကူညီဆောင်ရွက်ပေးခဲ့ကြသူများ၊ ရပ်နီးရပ်ဝေးတို့မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ လွမ်းသူ့ပန်းခြင်း ပို့ကြသူများ၊ သက်နံ့ပရိက္ခရာများနှင့် လှူဖွယ်ပစ္စည်းအစုစုတို့ကို ပေးပို့လှူဒါန်းကြသူများ၊ မိသားစုနှင့်ထပ်တူထပ်မျှ ခံစားပြီး လူကိုယ်တိုင်ကြွရောက်၍လည်းကောင်း၊ နည်းအမျိုးမျိုးဖြင့် ဆက်သွယ်၍လည်းကောင်း ဝမ်းနည်းကြောင်း ပြောကြားခဲ့သူများ၊ သတင်းစာများမှတစ်ဆင့် ဝမ်းနည်းကြောင်း ထည့်သွင်းဖော်ပြပေးခဲ့ကြသော မိတ်ဆွေသင်္ဂဟ၊ လုပ်ဖော်ကိုင်ဖက်များ၊ ရက်လည်ဆွမ်းကျွေးတရားနာခြင်း၊ သံဃာတော်များ၊ သီလရှင်များအား အရုဏ်ဆွမ်းကပ် လှူခြင်းနှင့် ဧည့်ခံကျွေးမွေးရေး၊ သယ်ယူပို့ဆောင်ရေးစသည့် နာရေးကိစ္စအဝဝတို့အတွက် အဘက်ဘက်မှဝိုင်းဝန်း ကူညီဆောင်ရွက်ပေးခဲ့ကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးယုစိန်

**အသက်(၈၆)နှစ်**

Max Myanmar Holding Co.,Ltd.ဥက္ကဋ္ဌ ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးယုစိန်သည် ၅-၅-၂၀၁၅ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်၊ သချင်္ာမိသားစု**
**အာစရိယပူဇော်ကန်တော့ပွဲကျင်းပရေးကော်မတီ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်လှငွေ**

**အသက်(၉၉)နှစ်**

ရန်ကုန်မြို့နေ ဦးတင်ထွတ်-ဒေါ်တင်တင်ညွန့်တို့၏မိခင်ကြီး ဒေါ်လှငွေ (အမေဖွား)သည် ၁၁-၅-၂၀၁၅ (တနင်္လာနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွား ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ဇင်လတ်၊ ဦးစိုင်းကျော်မင်း၊ သမဝါယမဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဗိုလ်မှူးသန်းရွှေ(ငြိမ်း) အသက်(၈၇)နှစ်**

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ/တက္ကသိုလ်**
**ကျောင်းအုပ်ကြီး(ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရိပ်သာ အမှတ်-(၂၇/၁၂)နေ ဒေါ်တင်စန်းရည်၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ/တက္ကသိုလ် ကျောင်းအုပ်ကြီး(ငြိမ်း) အဘ ဦးသန်းရွှေသည် ၁၅-၅-၂၀၁၅ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ/တက္ကသိုလ်**
**ကျောင်းဆင်း သား/သမီးများ(ကရင်ပြည်နယ်)**

---

# မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး**

## ဦးယုစိန်(ရေကြည်)

**အသက်(၈၆)နှစ်**

MAX MYANMAR GROUP OF COMPANY (ဥက္ကဋ္ဌ) ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင်တို့၏ဖခင် ဦးယုစိန်သည် စင်ကာပူနိုင်ငံ Mount Elizabeth ဆေးရုံတွင် ၅-၅-၂၀၁၅ ရက်(အင်္ဂါနေ့) ဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ဦးစိန်သစ်(TOSTA GROUP LTD)နှင့်ဇနီး**
**ဒေါက်တာဉာဏ်သစ်လှိုင်(NEW GENERATION)နှင့်ဇနီး**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်သိန်းသိန်း**

**အသက် (၈၀)**

ညီမလေး သင်းသင်းကြိုင်(မမော်)၏ မိခင် ဒေါ်ခင်သိန်းသိန်း ကွယ်လွန် ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွန့်ညွန့်ငွေ၊ မစိန်မွေး၊ ငွေငွေဝင်းနှင့် အရှည်ကြီး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးရာဇ်မြေ ပုဏ္ဏားကျွန်းမြို့နယ် လူမှုရေးအသင်း၏ ဂုဏ်ထူး ဆောင်နာယကကြီးဖြစ်သူ ဦးဖလောင်းဖြူသည် ၁၄-၅-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲ နှမြောတသဖြစ်ရပါသည်။

**ဦးရာဇ်မြေ ပုဏ္ဏားကျွန်းမြို့နယ်၊ လူမှုရေးအသင်း**

---

## စာအုပ်စာပေလှူမိတ်ဆွေ

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဗိုလ်မှူးသန်းရွှေ(ငြိမ်း) အသက်(၈၇)နှစ်**

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ/တက္ကသိုလ်**
**ကျောင်းအုပ်ကြီး(ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရိပ်သာ အမှတ်-(၂၇/၁၂)နေ ဒေါ်တင်စန်းရည်၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ/တက္ကသိုလ် ကျောင်းအုပ်ကြီး(ငြိမ်း) အဘ ဦးသန်းရွှေသည် ၁၅-၅-၂၀၁၅ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ/တက္ကသိုလ်**
**ကျောင်းဆင်း သား/သမီးများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**လေ/၁၇၈၁၈-အရာခံဗိုလ်မင်းလွင် (၅၆)နှစ်**

**တပ်မတော်(လေ)**

အရာခံဗိုလ်မင်းလွင်(၅၆)နှစ်သည် ၁၄-၅-၂၀၁၅ ရက်တွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေ။

**တပ်မတော်(လေ)**
**၁/၇၉ သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

**ဒေါ်ခင်မကြီး(မုံရွာ)**

**အသက်(၈၃)နှစ်**

နီပိုသမဝါယမအသင်းလီမိတက်၏ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ရန်နောင်စိုး(ငြိမ်း)၏ဇနီး၊ Director ဦးသန့်နောင်စိုး-ဒေါ်အိန္ဒြာဝင်းတို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်မကြီး သည် ၁၀-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၂း၅၀ နာရီတွင် ရွှေဂုံတိုင်အထူးကု ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ(နီပိုသမဝါယမအသင်းလီမိတက်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**အဘွားဒေါ်လှငွေ(ပုသိမ်) (၉၉)နှစ်**

ဗိုလ်ချုပ်တင်ထွတ်(ငြိမ်း)-ဒေါ်တင်တင်ညွန့်တို့၏ ချစ်လှစွာသောမိခင်ကြီး အဘွားဒေါ်လှငွေ သည် ၁၁-၅-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးအောင်-ဒေါ်မြအေး**
**(အောင်သရဖူရေကြောင်းသယ်ယူပို့ဆောင်ရေး)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအေးမောင်(စစ်တွေ) (၄၈)နှစ်**

**ဒါရိုက်တာရွှေတံခါးကုမ္ပဏီလီမိတက်**

ဒေါ်မြသန်းတင်(စိန်စတားဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ရဲထွန်း(စိန်စတားဖက်ရှင်စတိုးဆိုင်၊ ယုဇနပလာဇာ)၊ မမြနှင်းဝေ(နောက်ဆုံးနှစ် ကွန်ပျူတာတက္ကသိုလ်၊ စစ်တွေ)တို့၏ဖခင်ကြီး ဦးအေးမောင်သည် ၁၀-၅-၂၀၁၅ ရက်၊ ည ၁၁း၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ရွှေတံခါး ကုမ္ပဏီလီမိတက်မိသားစု(စစ်တွေ)**

---

## ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ ရှမ်းချောင်းကျေးရွာ အမက(၄) လခွဲ စတုတ္ထတန်းမှ မောင်ရဲမင်းလွင်၏ ဖခင်အမည်မှန်မှာ ဦးအေးသော်တာမင်းဖြစ်ပါသည်။

---

## စုမြတ်သူ

Small & Medium

လုပ်ငန်းများအတွက် စာရင်း၊ လချုပ်၊ နှစ်ချုပ် ရေးဆွဲခြင်း

**ဖုန်း-၀၉-၈၆၃၆၇၁၂၊ ၀၉-၂၅၂၄၂၆၃၂၀**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်လှငွေ (၉၉)နှစ်**

ဟသ်ာတအသင်းဂုဏ်ထူးဆောင် နာယကကြီး ဗိုလ်ချုပ်တင်ထွတ်(ငြိမ်း)-ဒေါ်တင်တင်ညွန့်တို့၏ မိခင်ကြီး ဒေါ်လှငွေသည် ၁၁-၅-၂၀၁၅ (တနင်္လာနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့-ဟသ်ာတအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးထွန်းမြင့်**

**အသက်(၈၃)နှစ်**

**ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ သစ်တောဦးစီးဌာန**

သူငယ်ချင်း ကိုဝင်းနိုင်ထွန်း(MD-CSC Ltd)-မရီရီခင်တို့၏ဖခင် ဦးထွန်းမြင့် (၈၃)နှစ်သည် ၁၂-၅-၂၀၁၅(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၈၇ နှင့် ၁၉၉၁ ခုနှစ်**
**ဘွဲ့ရ မြို့ပြအင်ဂျင်နီယာ သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

**ဒေါ်ခင်မကြီး(မုံရွာ)**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ အမှတ်-၁၅၇၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏနေ ဗိုလ်မှူးကြီး ရန်နောင်စိုး(ငြိမ်း)၏ဇနီး ဒေါ်ခင်မကြီးသည် ၁၀-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၂း၅၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**(ဦးစောမင်း)-ဒေါ်စန်းစန်း မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

**ဒေါ်ခင်မကြီး(မုံရွာ)**

**အသက်(၈၃)နှစ်**

Huationg-Nippo Logistics Co.,Ltd. ၏ Director ဦးသန့်နောင်စိုး-ဒေါ်အိန္ဒြာဝင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်မကြီးသည် ၁၀-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၂း၅၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**Huationg-Nippo Logistics Co.,Ltd.**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

**ဒေါ်ခင်မကြီး(မုံရွာ)**

**အသက်(၈၃)နှစ်**

နီပိုသမဝါယမအသင်းလီမိတက်၏ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ရန်နောင်စိုး(ငြိမ်း)၏ဇနီး၊ Director ဦးသန့်နောင်စိုး-ဒေါ်အိန္ဒြာဝင်းတို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်မကြီး သည် ၁၀-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၂း၅၀ နာရီတွင် ရွှေဂုံတိုင်အထူးကု ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစုများ(ယန္တရားဝင်း၊ တောင်ဒဂုံ)**
**နီပိုယန္တရားအုပ်စု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဗိုလ်မှူးသန်းရွှေ(ငြိမ်း) အသက်(၈၇)နှစ်**

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ/တက္ကသိုလ်**
**ကျောင်းအုပ်ကြီး(ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရိပ်သာ အမှတ်-(၂၇/၁၂)နေ ဒေါ်တင်စန်းရည်၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ/တက္ကသိုလ် ကျောင်းအုပ်ကြီး(ငြိမ်း) အဘ ဦးသန်းရွှေသည် ၁၅-၅-၂၀၁၅ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ/တက္ကသိုလ်**
**ကျောင်းဆင်း သား/သမီးများ(အပတ်စဉ်-၁၂)**

Hot Line No-0930500100

# နှစ်နိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး မြန်မာနှင့်ထိုင်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိ

မြန်မာနှင့်ထိုင်းနိုင်ငံအတွင်းရှိ ခရီးသွားလုပ်ငန်းဝန်ဆောင်မှုနှင့် ထုတ်ကုန်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ထိုင်းခရီးသွားအာဏာပိုင်(TAT)နှင့် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနတို့သည် Mega Joint Famaliarization Trip ခရီးစဉ်ကို ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ ယခုနှစ်အကုန်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်းပေါ်ပေါက်ရေးအတွက် မြန်မာနှင့်ထိုင်းနိုင်ငံတို့ ပါဝင်အကောင်အထည်ဖော်နေချိန်၌ အဆိုပါခရီးစဉ်ကို ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း ဗန်ကောက်မှလာသော သတင်းတစ်ရပ်အရ သိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳



မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# မြန်မာဘော်လီဘောအသင်း အဆင့်(၅)နေရာလုပွဲတက်

**နေပြည်တော် မေ ၁၉**

၂၀၁၅ ခုနှစ် ပထမအကြိမ် အာရှယူ-၂၃ ဘော်လီဘောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ၌ ဆက်လက်ကျင်းပရာ အိမ်ရှင်မြန်မာအသင်းနိုင်ပွဲရရှိပြီး အဆင့်(၅)နေရာလုပွဲသို့ တက်ရောက်သွားသည်။

မြန်မာအသင်းမှာ ကွာတားအဆင့်တွင် ရှုံးနိမ့်ခဲ့သောကြောင့် အဆင့်(၅/၈)နေရာလုပွဲအတွက် ထိုင်းအသင်းနှင့် ပြန်လည်ယှဉ်ပြိုင်ကစားခဲ့ရပြီး သုံးပွဲပြတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ထိုင်းအသင်းကို (၂၅-၂၃)မှတ်၊ (၂၅-၂၀)မှတ်၊ (၂၅-၂၂)မှတ်ဖြင့် သုံးပွဲပြတ်အနိုင်ရခဲ့ပြီး အခြားပွဲစဉ်တွင်လည်း ဂျပန်အသင်းက အိန္ဒိယအသင်းကို သုံးပွဲပြတ်အနိုင်ရရှိခဲ့သည်။ နိုင်ပွဲများရယူနိုင်ခဲ့သည့် မြန်မာအသင်းနှင့် ဂျပန်အသင်းတို့မှာ အဆင့်(၅)နေရာအတွက် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အိန္ဒိယအသင်းနှင့် ထိုင်းအသင်းမှာ အဆင့်(၇)နေရာအတွက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အာရှယူ-၂၃ ဘော်လီဘောပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို မေ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲ၊ တတိယနေရာလုပွဲ၊ အဆင့်(၅)၊ (၇)၊ (၉)၊ (၁၁)၊ (၁၃)၊ (၁၅) နေရာလုပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(ချစ်ကိုကို)**

# မန္တလေးမြို့တွင် မိုးအဆက်မပြတ်ရွာသွန်း၊ ရေကြီးရေလျှံမှုဖြစ်ပေါ်

**မန္တလေး မေ ၁၉**

မန္တလေးမြို့တော်အတွင်း မေ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရွှေတချောင်းမြောင်း၊ ငွေတချောင်းမြောင်း၊ တက်မျော်ချောင်း၊ ရပ်ကွက်နှင့် လမ်းအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အချိန်မီရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနဌာနမှူး ဦးနေဝင်းမြင့်က ပြောသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**




# ပီတာချက်ခ်ကို အာဆင်နယ်သို့ ပြောင်းရန် တားနိုင်သည့်အင်အားမရှိဟု မော်ရင်ဟိုဆို

စာမျက်နှာ - ၁၃

# ပင်လယ်တွင်း လှေစီးဒုက္ခသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား မောင်တောမြို့နယ် မြင်းလွတ်ချောင်းပေါက်ဝမှ စက်လှေဖြင့် ပြန်လည်စေလွှတ်

**စစ်တွေ မေ ၁၉**

မောင်တောမြို့နယ် ဥဒေါင်း(အနောက်)ရွာအနီး ကံပူးချောင်းပုစွန်ကန်ရှိ တဲအတွင်း၌ ပင်လယ်တွင်း လှေစီးဒုက္ခသည်များ ရေမျောကမ်းတင်ပြီး ရောက်ရှိနေကြောင်း ဥဒေါင်း(အနောက်)ရွာမှ သတင်းပေးချက်အရ နယ်မြေခံရဲကင်းစခန်းမှ ဒုရဲအုပ် မျိုးမင်းဇော် ဦးစီးအဖွဲ့သည် သွားရောက်စစ်ဆေးခဲ့ရာ မေ ၁၇ ရက် နံနက် ၇ နာရီခွဲခန့်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၁ ဦးအား စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများမှာ မာမတ်ရှော်အီအုလ် (ဘ)မာမတ်ရီဇော်မော်ရိန်(၁၈)နှစ် ရှော်လမီဒေါ်လီရွာ ဒါကာမြို့၊ မူဟာမတ်အီစွလာမ်(ဘ) အာလီမော်ဒါန်ကမာလီ (၁၈)နှစ် ရှော်ကော်ရီဘတ်ရွာ ဂျိုက်ကူဟတ်မြို့၊ ရှာမာဟိန်(ဘ)မိုဟာမတ်မိုလ်လောင်မီယာ(၂၈)နှစ် ဂါလံပူရွာ ဒါကာမြို့၊ မိုဟာမတ်ဆော်မိုရ်ဒုဇ်အီစွလာမ်(ဘ) မိုဟာမတ်အာလီမူလာ (၂၀)နှစ် မာတီကော်ရာရွာ ရာရှာမြို့၊ မိုဟာမတ်ဖာရုစ် (ဘ)ရှော်လီအာမတ်(၂၇)နှစ် အာရော်လီရွာ စစ်တကောင်းမြို့၊ မိုဟာမတ်မူဆာ (ဘ) ရှုလ်မိုရှိဟာမန် (၁၉)နှစ် ဂေါ်ဂူဒါရာရွာ စစ်တကောင်းမြို့၊ မိုဟာမတ်အီစွမိုင်ဟူဆောင်း (ဘ) မိုဟာမတ်ဆာစုတ်(၁၂)နှစ်

စာမျက်နှာ ၉ ကော်လံ ၄ သို့ ○




themirror.npt@gmail.com
www.facebook.com/themirrordaily